www.burmeseclassic.com




တက္ကသိုလ်

# ဝင်းကြွယ်

နှစ်ပါးစောရီ သိုင်းဒေဝီ

ပထမပိုင်း

လျှို ယု ဝိမ်း ၏ မောက် ရှမ်း

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# ဝင်းကြွယ်

နှစ်ပါးကောရီ သိုင်းဒေဝီ

(ပထမပိုင်း)

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

သာယာလှပဆွတ်ပျံ့ကြည်နူးဖွယ်ရာကောင်းသော နံနက်ခင်းဖြစ်သည်။ ချန်မိုအောင်သည် ကလေးငယ်ကို ကျောပိုးလျက် တောင်ကြောလေး တစ်ခုပေါ်သို့ ခြေလှမ်းသွက်သွက်ဖြင့် တက်၍နေသည်။

ကောင်ဆန်းတောင်မှ ထွက်ခွာလာခဲ့သည်မှာ ယနေ့ဆိုလျှင် သုံးရက်တင်းတင်းပြည့်ခဲ့ပေပြီ။

ဤသုံးရက်တာကာလအတွင်း ချန်မိုအောင်တစ်ယောက် ကလေးငယ်ကြောင့် အရမ်းအလုပ်ရှုပ်ခဲ့ရသည်။

အရင်ဦးဆုံး စိတ်ပျက်စိတ်ရှုပ်ရသည်က ကလေးငယ်ကို အာဟာရကျွေးမွေးရေးဖြစ်သည်။ ဘာကျွေးလို့ ဘာတိုက်ရမည်မသိ။

အခက်ပွေ့ခဲ့ရသည်။ သို့သော် အမျိုးသမီးကြီးတစ်ယောက်က အမြင်မတော်၍ ကူညီပေးလိုက်သောကြောင့် ကလေးငယ်အား နို့တိုက်၊ ထမင်းခွံ့ စသည်တို့ကို အတန်အသင့် လုပ်တတ်သွားသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အနှီးလဲ၊ အဝတ်လဲ၊ ကလေးချို စသည်တို့ကို လည်း လက်တွေ့လုပ်ရင်း အနည်းငယ် နားလည်စပြုလာသည်။

သို့သော် အထာတော့သိပ်မကျချင်။ ယခုလည်း ကလေး ငယ်ကြောင့် အလုပ်ရှုပ်စိတ်ရှုပ် ဖြစ်နေရသည်။

ကလေးငယ်က ကော့ကာလန်ကာ လက်ကားယား ခြေ ကားယားယားနှင့် ကျယ်ကျယ်လောင်လောင် ငိုနေသည်။

ချန်မိုအောင်မှာတော့ ဟိုဟာလုပ်ရကောင်းနိုးနိုး ဒီဟာ လုပ်ရကောင်းနိုးနိုးနှင့် ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။

ညကလည်း ကောင်းကောင်းမအိပ်ရ။ အနှီးလဲပေးရ၊ နို့တိုက်ပေးရနှင့် အလုပ်များခဲ့ရသည်။

ယနေ့နံနက် ခရီးထွက်လာရာတွင်လည်း အနှီးစိုသော ကြောင့် တစ်ခါလဲပေးခဲ့ရသည်။

ဒီတောင်ကြောလေးပေါ်သို့အတက်တွင်လည်း အနှီးက စိုပြန်ကာ ကလေးက ကျွတ်ကျွတ်ညံအောင် ငိုပြန်လေပြီ။

"ပေါက်လည်း ပေါက်နိုင်တဲ့ ကောင်မလေးကွာ"

ချန်မိုအောင်သည် မကျေမနပ် ရေရွတ်ကာ ကလေးငယ်၏ စိုနေသော အနှီးကို လဲပေးရန် ပြင်ဆင်ရသည်။ ကလေးက ကော့ လန်လှုပ်ရှား၍ ငိုနေရာ ကလေး ကောင်းကောင်းမချီတတ်သော



ချန်မိုအောင်မှာ လွတ်ကျမသွားရအောင်ပင် မနည်းကြိုးစားနေရ သည်။

"အူဝဲ ... အူဝဲ ... အူဝဲ"

"ခွပ် ... ခွပ် ... ခွပ်"

ကလေးငိုသံများကြားမှ မြင်းခွာသံများ ဖောက်ထွင်းပေါ် လာသည်။ မြင်းခွာသံ ကြားမိသည်နှင့် ချန်မိုအောင်က အလိုလိုပင် လှမ်းကြည့်မိသည်။

ဟိုအဝေးဆီမှ မြင်းစီးသမားတစ်ယောက် မြင်းကို အပြင်း စိုင်းနှင်လာနေသည်ကို လှမ်းတွေ့ရသည်။

မိမိနှင့် သက်ဆိုင်မည်မဟုတ်နိုင်သောကြောင့် ချန်မို အောင်သည် မြင်းစီးသမားကို စိတ်မဝင်စားနိုင်တော့။

တဝါးဝါးနှင့် ငိုနေသော ကလေးငယ်အား အနှီးလဲပေးနိုင် ရန်ကိုသာ ဆက်၍ကြိုးစားလုပ်ဆောင်နေသည်။

ခဏအကြာတွင် စိုနေသော အနှီးကို ဖယ်ခွာလိုက်နိုင် သည်။ အနှီးသစ်တစ်ခုကို ထုတ်သည်။

"ခွပ် ... ခွပ် ... ခွပ်"

သူနှင့်မလှမ်းမကမ်းတွင် မြင်းခွာသံရပ်တန့်သည်။

ချန်မိုအောင်က အလေးမထား။ လှမ်း၍လည်းမကြည့်။

www.burmeseclassic.com

www.burmeseclassic.com



"ဟီး ... ဟီး ... ဟီး"

မြင်းဟီသံ ကြားရသည်။

ချန်မိုအောင်ကတော့ ကလေးငယ်ကို အနီးနှင့် ရစ်ပတ်ထုတ်နေရာမှာ ခေါင်းပင်မဖော်။

"ခစ် ... ခစ် ... ခစ်"

ရယ်သံလွင်လွင်လေးများ ကြားရသည်။

ထိုရယ်သံတွင် ဆွဲဆောင်မှုတစ်မျိုး ရှိနေသလို ထင်ရသည်။

ရယ်သံကြားရသည်နှင့် ချန်မိုအောင်၏စိတ်ထဲ ငြိမ့်ခနဲခါသည်။ ခေါင်းလည်း အလိုလိုမော့ကာ ကြည့်မိသည်။

ချန်မိုအောင်မျက်နှာ ရှိန်းခနဲ ဖြစ်သည်။ နားရွက်များ ထူပူသွားသည်။ နှလုံးသားသည်လည်း ပို၍ အခုန်မြန်သည်။

ရင်ထဲတွင် မောသလိုလို၊ လိုက်ဖိုသလိုလိုလည်း တုန်ယင်လှုပ်ရှားသည်။ မိမိကိုယ်မိမိ ဘာတွေဖြစ်သွားသည်ကိုပင် ချန်မိုအောင်တစ်ယောက် သေသေချာချာ မသိတတ်နိုင်တော့။

သေချာသည်ကတော့ ဒီလိုရင်ခုန်စိတ်လှုပ်ရှားမှုမျိုး သူ့တစ်သက်တာတွင် တစ်ကြိမ်တစ်ခါမျှ မခံစားဖူးခြင်းပင်။

ချန်မိုအောင် မြင်တွေ့လိုက်သည်က ...

✱



ချန်မိုအောင် မြင်တွေ့လိုက်သည်က မြင်းစီးသမားတစ်ယောက်ပါ။ အားကောင်းမောင်းသန် ကြံ့ခိုင်ကြမ်းတမ်းသည့် သိုင်းသမား၊ လူကြမ်း လူရမ်းတော့မဟုတ်။

နုပျိုချောမောသော မိန်းမပျိုလေးတစ်ယောက်သာ ဖြစ်သည်။ သူနှင့် အသက်အရွယ် မတိမ်းမယိမ်း။

ကိုယ်ဟန်ကြော့ရှင်းပြီး ရုပ်ရည်ကလည်း အတော်လှပသည်။ နံနက်ခင်းတွင် ဖူးပွင့်စ ပန်းတစ်ပွင့်နှယ် လှသွေးကြွယ်၍နေသည်။

နောက်ကျောတွင်တော့ ဓားရှည်ကြီးတစ်လက်ကို စလွယ်သိုင်းလွယ်ထားသည်။ ခါးစည်းတွင်လည်း ဓားပျံလေးများ အစီအရီချိတ်ထားသည်။

လှပသည်။

ချောမောသည်။

ချစ်စရာကောင်းသည်။

သို့သော် ...

ဓားရှည်ကြီးနှင့် ဓားပျံလက်နက်တွေကတော့ အကျည်းတန်နေသည်။ ချန်မိုအောင်သည် ခွန်လွန်ဂိုဏ်းတွင်သာ ကြီးပြင်းလာခဲ့ရသူဖြစ်သည်။ သူ့အတွက် စိတ်အာရုံ ရှုးနစ်ဝင်စားစရာမရှိ၍

www.burmeseclassic.com

www.burmeseclassic.com



သိုင်း ပညာ သင်ကြားလေ့ကျင့်မှုသာ ရှိသည်။

ချန်မိုအောင်တွင် အပေါင်းအသင်းမိတ်ဆွေပင် မရှိ။

သူသိကျွမ်းသမျှသော မိတ်ဆွေအပေါင်းအသင်းများက လည်း ယောကျ်ားသားများချည်း ဖြစ်သည်။

အမျိုးသမီး အသိအကျွမ်းပင် မရှိပါ။

အမျိုးသမီးများနှင့်လည်း ရင်းရင်းနှီးနှီး မနေဖူးခဲ့။

သက်တူရွယ်တူ မိန်းမပျိုများနှင့်ဆိုလျှင်တော့ စကားပင် ပြောဖူးခြင်းမရှိ။ နီးနီးကပ်ကပ် မြင်ဖူးဖို့ကတော့ ဝေးသည်။

ယခု သူနှင့် အသက်အရွယ် မတိမ်းမယိမ်း။

တိမ်းမူးဖွယ်ရာလှပသည့် မိန်းမချောလေးတစ်ယောက်နှင့် နီးနီးကပ်ကပ်ဆိုသလို တွေ့ဆုံရသောအခါ ချန်မိုအောင် အတော်ကြီး ကို စိတ်လှုပ်ရှားရသည်။

ပြီးတော့ ...

ဆုံတွေ့ရသည့်အချိန်တွင် ကလေးတစ်ယောက်နှင့် လုံးချာ လည်အောင် အလှုပ်ရှုပ်ပွေနေရသည်မို့ ချန်မိုအောင်မှာ ရှက်၍ လည်းနေသည်။ မျက်နှာအထားရခက်နေသည်။

အစကပင် ဗျာယာခတ်နေခဲ့ရာ ယခုတော့ ပို၍ပင်ဆိုးသွား သည်။



ချန်မိုအောင်တစ်ယောက် ယောင်နန ကြောင်တောင် တောင်ရှိသွားပုံသည် မိန်းမပျိုလေးအတွက်တော့ ဟာသတစ်ခုဖြစ် သွားဟန် တူသည်။

မိန်းမပျိုသည် သူမ၏ကိုယ်လုံး သိမ့်သိမ့်လှုပ်ခါအောင်ပင် တခစ်ခစ် ရယ်မောနေလေသည်။

ထိုသို့ ရယ်မောနေမှုသည် သူ့ကို လှောင်ပြောင်သလို ဖြစ် သည်မို့ ချန်မိုအောင် စိတ်တိုသွားလေသည်။

"ဒီမယ်, ဒီမယ် ... ဘာများ သဘောကျလို့ ဒီလောက် တောင် ရယ်နေရတာလဲ"

ချန်မိုအောင်အပြောကြောင့် မိန်းမချောလေး ရယ်သံတိတ် သည်။ ဆက်မရယ်တော့။ သို့သော် မျက်နှာပိုးမသေ။ ပြုံးစိစိ ဖြစ်နေ သည်။

"ဒီမှာရှင့် ကအလေးအဖေကြီးရဲ့"

ကလေးအဖေဟူသော အခေါ်အဝေါ်ကြောင့် ချန်မိုအောင် မျက်နှာရှုံ့သွားသည်။

"ဟာဗျာ ... ကျွန်တော့်ကို ကလေးအဖေလို့ မခေါ်စမ်းပါနဲ့"

"အလိုလေး ... ကလေးကြီးတစ်ယောက်လုံး လက်ထဲရှိနေ တာကို ကလေးအဖေလို့ မခေါ်လို့ ဘယ်လိုခေါ်ရမှာလဲ၊ ရယ်ရတယ်

www.burmeseclassic.com

www.burmeseclassic.com



ခစ် ... ခစ် ... ခစ်”

“ရယ်မနေနဲ့၊ ဒါ ... ကျွန်တော့်ကလေးလို့ ထင်နေသလား”

မိန်းမပျိုလေး အရယ်ရပ်သည်။

စင်ရော်တောင်ပုံ မျက်ခုံးမွေးများကိုပင့်ကာ မျက်လုံးပြူး များနှင့် ချန်မိုအောင်ကို ကြည့်သည်။

“ရို့ ... အဲဒါ ရှင့်ကလေး မဟုတ်ဘူးလား”

“ဘယ်ကလာ ... တကတဲ စွပ်စွပ်စွဲစွဲဗျာ၊ ကျွန်တော်ယူမယ့် မိန်းကလေးတောင် ဘယ်မှာနေမှန်း မသိသေးတဲ့ဥစ္စာ၊ ဘယ်လိုလုပ် ပြီး ဒီကလေးက ကျွန်တော့်ကလေး ဖြစ်ရမှာလဲ၊ ကျွန်တော် လူပျိုဗျ”

မိန်းမချောလေး၏မျက်နှာ တည်ကြည်သွားသည်။

ပြူးစစအမူအရာကလည်း ပျောက်သည်။

“ဒါ ... ရှင့်ကလေး မဟုတ်ဘူးလား”

“မဟုတ်ဘူး၊ ကျွန်တော့်ကလေး လုံးဝမဟုတ်ဘူး”

ချန်မိုအောင်က အပြတ်ပြောလိုက်သည်။

မိန်းမချောလေးက နားလည်သဘောပေါက်သွားဟန်ဖြင့် ခေါင်းလေးကို တစ်ချက်ညိတ်လိုက်သည်။

“ဒါဆို ကျွန်မ အထင်မှားသွားတာပေါ့၊ တောင်းပန်ပါတယ်၊ စိတ်မဆိုးပါနဲ့”



မိန်းမချောလေး တောင်းပန်သည်။

မျက်လုံးတောက်တောက်ကလေးများဖြင့် ကြည်ကြည်လဲ့ လဲ့ကြည့်ရင်း ချိုသာစွာ တောင်းပန်စကားကို ဆိုလာတော့သည်။

ချန်မိုအောင်၏စိတ်ထဲတွင် မကျေမနပ်ဖြစ်နေသည့် အကျိတ်အခဲတို့ အရည်ပျော် ပျောက်ကွယ်ကုန်ကြရသည်။

“ရပါတယ်၊ မသိလို့ အထင်လွဲမိတာပဲ၊ ပြီးတော့ ကျွန်တော် ကလည်း အထင်လွဲစရာဖြစ်နေတာကိုး”

“ဒါနဲ့ ဒီကလေးက 'ရှင်နဲ့ ဘာတော်သလဲ”

“ဘာမှမတော်ဘူး၊ တောထဲက ကောက်ရလာတာပါ”

ထိုအခိုက်မှာပင် ကလေးငယ်သည် ဘာကိုအလိုမကျသည် မသိ။ ရုတ်တရက် ရူးရူးဝါးဝါးငိုပြန်သည်။

ကလေးငယ် ငိုလိုက်မှုကြောင့် ချန်မိုအောင်အဖို့လည်း ပတ် စည်းလက်စ အနှီးတို့ပင် လက်စသတ်၍မရနိုင်အောင် ဖြစ်သွားလေ သည်။

ထိုအဖြစ်ကိုကြည့်ရင်း စိတ်မောစိတ်အိုက်လာဟန်ဖြင့် မိန်း မချောလေးသည် ကူညီပေးရန် မြင်းပေါ်မှ ခုန်ဆင်းလာသည်။

“ကလေးပေး၊ ကျွန်မ အနှီးပတ်ပေးမယ်”

“ကျေးဇူးပါပဲဗျာ”

www.burmeseclassic.com

www.burmeseclassic.com



ချန်မိုအောင်က ကမ်းလာသော မိန်းမချောလေး၏လက်ထဲသို့ ကလေးငယ်ကို ထည့်ပေးလိုက်သည်။

ထိုသို့ ထည့်အပေးတွင် မိန်းမချောလေးနှင့် လက်ချင်းထိမိကြသည်။

"ဟာ ... မတော်လို့ဗျာ၊ တမင်လုပ်တာ မဟုတ်ပါဘူး"

ချန်မိုအောင်က ကမန်းကတန်းပြောကာ လက်ကို ဆတ်ခနဲဖယ်ရုပ်၏။ လူကလည်း နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်သည်။

မိန်းမချောလေးမှာ လက်ချင်းထိမှုကို သိပင်မသိလိုက်သလို ရှိသည်။

သို့သော် ချန်မိုအောင်၏တောင်းပန်စကားဆိုမှုနှင့် အမူအရာပျက်သွားမှုတို့ကြောင့် ထိုအဖြစ်ကို သတိပြုမိသွားစေသည်။

မိန်းမချောလေး၏မျက်နှာ ပန်းနုရောင် တစ်ချက်သမ်းသည်။ ချန်မိုအောင်ကိုလည်း မျက်လုံးဝင့်ကာ တစ်ချက်ကြည့်သည်။

ချန်မိုအောင်မှာ ရင် ဒိန်းခနဲခုန်ကာ မျက်နှာအထားရခက်သွားသည်။ မိန်းမချောလေး၏အလိုက်သင့် ချီလိုက်မှုကြောင့် ကလေးငယ် အငိုတိတ်သည်။

စည်းလက်စတန်းလန်းဖြစ်နေသော အနှီးကိုလည်း မိန်းမချောလေးက ကျင်လည်စွာ လက်စသတ်ပေးလိုက်သည်။



ကလေးငယ်ကို ရင်ခွင်တွင် ထွေးပွေ့လျက် အပြစ်ကင်းစင်သောမျက်နှာလေးကို ကြင်နာစွာ ကြည့်လိုက်သေးသည်။

"ကလေးက ချစ်စရာလေးပဲ၊ ယောက်ျားလေးလား၊ မိန်းကလေးလား"

"မိန်းကလေးပါ"

"နာမည်ကော ပေးပြီးပြီလား"

"မပေးရသေးဘူး"

"နာမည်တစ်ခုခု ပေးလိုက်ပါလား"

"ကျွန်တော့်ကလေးမှ မဟုတ်တာ၊ ကျွန်တော် နာမည်ပေးဖို့ မသင့်တော်ပါဘူး"

"ရှင်က သူ့ကို ဘယ်လိုလုပ်မယ် စိတ်ကူးထားသလဲ"

"သူ့ကို မွေးစားဖို့ သင့်တော်မယ့်လူ လိုက်ရှာရမှာပဲ၊ သူ့ကို ကောင်းကောင်း ကျွေးမွေးစောင့်ရှောက်နိုင်မယ်လူတွေ့ရင် မွေးစားဖို့ ပေးလိုက်မယ် စိတ်ကူးထားတယ်"

"အင်း ... အဲဒါကောင်းပါတယ်"

"ခင်ဗျား ... သူ့ကို မွေးစားလိုက်ပါလား"

မိန်းမချောလေးက ချန်မိုအောင်ကို ဖျတ်ခနဲ ကြည့်သည်။ ပြီးတို့နောက် သူမရင်ခွင်ထဲရှိ ကလေးငယ်ကို ငုံကြည့်သည်။ ပြီး

www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းလေး တစ်ချက်ချကာ ခပ်လေးလေး ပြောသည်။

"ကလေးက ချစ်စရာလေးပါ၊ မွေးတော့လည်း မွေးစားချင်သလိုလိုပဲ၊ ဒါပေမဲ့ ... ကျွန်မက ဓားတွေ၊ လှံတွေကြားမှာ လှုပ်ရှားနေရတာဆိုတော့ ကလေးအတွက် အန္တရာယ်များနိုင်တယ်၊ မဖြစ်သေးပါဘူး၊ ရှော့"

မိန်းမချောလေးက ကလေးငယ်ကို ပြန်ကမ်းပေးသည်။

ချန်မိုအောင်သည် လက်ချင်းမထိမိရလေအောင် သတိထား၍ လက်လှမ်းယူကာ အဆင်မပြေဖြစ်နေသည်။

"ကလေးက အိပ်ပျော်နေပြီ၊ နိုးသွားပြီး ငိုနေဦးမယ်၊ သေသေချာချာ ယူစမ်းပါရှင့်"

မိန်းမချောလေးက စိတ်မရှည်သလို ပြောတော့မှ ချန်မိုအောင်လည်း မိမိရရ လှမ်းယူသည်။ လက်ချင်းထိမိကာ ချန်မိုအောင်ရော မိန်းမချောလေးတို့ပါ ရင်ဖိုသလိုဖြစ်သွားကြသည်။

"ရှင့်နာမည် ပြောပါဦး"

"ချန်မိုအောင်"

"ဘယ်ဂိုဏ်းကလဲ"

"ခွန်လွန်ဂိုဏ်းကပါ၊ ခင်ဗျားနာမည်ကကော"

"လီဝမ်ချိန်း"



အမည်တို့ ပြောပြီးနောက် တစ်ချက်ဆိုင်းကာ ဆက်လက်၍ ...

"ကျွန်မက တစ်ကိုယ်တော်ပဲ သွားလာလှုပ်ရှားနေတာ၊ ဂိုဏ်းအဖွဲ့မရှိဘူးဆိုပါတော့"

ပြောပြောဆိုဆိုပင် မြင်းပေါ်သို့ လွှားခနဲ ခုန်တက်သည်။

"သွားမယ်နော်"

မြင်းပေါ်ရောက်သည်နှင့် နှုတ်ဆက်စကားဆိုသည်။

မြင်းကို ခြေတို့သည်။ လီဝမ်ချိန်း၏မြင်းသည် လေးညို့မှ ပစ်လွှတ်လိုက်သော မြားတံတစ်ချောင်းလို အရှိန်အဟုန်ပြင်းပြင်းပင် စိုင်းနှင်ထွက်သွားလေတော့၏။

✷

နောက်တစ်နေ့ညနေခင်း။

ကလေးကို ကျောပိုးလွယ်လျက် ခရီးဆက်ခဲ့သော ချန်မိုအောင်သည် တောင်ကုန်းလေးတစ်ခုပေါ်သို့ ရောက်လာသည်။ ထိုတောင်ကုန်းလေးပေါ်တွင် သချိုင်းဂူပျက်ကြီးတစ်ခု ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



သချိုင်းဂူပျက်ကြီးဘက်သို့ လှမ်းကြည့်မိသော ချန်မိုအောင်သည် လှမ်းနေသော ခြေလှမ်းများ တုံ့ရပ်သွားသည်။

မျက်မှောင်လည်း မသိမသာ ကြုတ်သွားသည်။

မျက်စိအမြင်များ မှားလေသလားဟု မျက်စိကို သေသေချာချာ ပွတ်၍ကြည့်သည်။ အကြည့်မှား၊ အမြင်မှားခြင်း မဟုတ်ပါ။

သချိုင်းဂူပျက်ကြီးရှေ့တွင် မိန်းမပျိုလေးတစ်ယောက် ရပ်နေသည်။ ယမန့်နေ့က မထင်မှတ်ဘဲ တွေ့ဆုံခဲ့ရသော လီဝမ်ချိန်းပင် ဖြစ်သည်။

လီဝမ်ချိန်းကမူ ချန်မိုအောင်ကို မမြင်သေး။

ဟိုတစ်ဖက်ဆီသို့ လှမ်းမျှော်ကြည့်နေသည်။

တစ်စုံတစ်ယောက်ကို စောင့်နေသည့်အသွင်မျိုး။

လီဝမ်ချိန်းဖြစ်ကြောင်း မှတ်မိသိရှိလိုက်သည်နှင့် ချန်မိုအောင်မှာ ရင်ခုန်သံမြန်ချင်သလိုလို ဖြစ်လာသည်။

"လီဝမ်ချိန်းပါလား၊ သူက ဒီနေရာမှာ ဘာလာလုပ်တာလဲ၊ ကြည့်ရတာကတော့ တစ်ယောက်ယောက်ကို စောင့်နေသလိုပဲ၊ သူ့ရည်းစားနဲ့ ချိန်းတွေ့တာများလား"

ချန်မိုအောင်၏စိတ်ထဲတွင် ထိုသို့တွေးမိသောအခါ မနာလိုချင်သလိုလို ဘာလိုလို ခံစားမှုမျိုး ပေါ်လာသည်။



မိမိတွေးထင်မှု ဟုတ်၊မဟုတ် သေချာအောင် ချောင်းမြောင်းစောင့်ကြည့်ဖို့ပင် စိတ်ကူးမိသည်။

"ဟာ ... မဟုတ်တာ၊ သူနဲ့ငါက ဘာမှပတ်သက်တာမဟုတ်ဘူး၊ သူ့ဘာသာသူ ရည်းစားနဲ့ ချိန်းတွေ့တာ၊ ငါ ဘာကြောင့်စောင့်ကြည့်နေရမှာလဲ"

ဤသို့ တွေးမိသော်လည်း ရင်ထဲကတော့ တနုံ့နုံ့ဖြစ်မိသည်။

လှမ်းမြင်နေရသော လီဝမ်ချိန်းကိုတော့ အငေးသားကြည့်နေမိသည်။

အချိန်အနည်းငယ် ကြာသွားပြီးမှ မိမိ ဒီလို ငေးနေ၊ ကြည့်နေဖို့ မသင့်လျော်ဟု စဉ်းစားမိသည်။

မိမိရောက်လာနေကြောင်း လီဝမ်ချိန်း သိရအောင် အသံပြုလိုက်ရကောင်းမည်လားဟု စဉ်းစား မိသည်။

ထိုအချိန်မှာပင် လီဝမ်ချိန်းသည် နောက်သို့ အသာလှည့်ကြည့်လိုက်လေရာ ချန်မိုအောင်ကို တွေ့မြင်သွားသည်။

"ဟော ... ချန်မိုအောင်ပါလား၊ ဒီတောင်ကုန်းပေါ်ကို ဘာလာလုပ်တာလဲ"

လီဝမ်ချိန်းက လှမ်းနှုတ်ဆက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိကို တွေ့မြင်သွားပြီမို့ ချန်မိုအောင်သည် အမူအရာ မပျက်ရလေအောင်ထိန်းကာ ချန်မိုအောင်ရှိရာသို့ လျှောက်လှမ်းသွားသည်။

"ဘာရယ်ညာရယ် မဟုတ်ပါဘူး၊ လမ်းကြုံရင်း ဖြတ်သွားတာဆိုပါတော့"

လီဝမ်ချိန်း၏အမေးစကားကိုလည်း ပြန်အဖြေပေးလိုက်သည်။

"ဒါနဲ့ နေပါဦး၊ ရှင် ဒီတောင်ကုန်းပေါ် ရောက်နေတာ ကြာပြီလား"

သူမ၏အနားသို့ ချန်မိုအောင် ရောက်လာသောအခါ လီဝမ်ချိန်းက မျက်မှောင်ကြုတ်ကာ မေးလေသည်။

"အင်း ... နည်းနည်းတော့ ကြာသွားပြီဆိုပါတော့"

"ဒါဆိုရင် ကျွန်မနဲ့ ဒီမှာ သိုင်းပညာ ယှဉ်ပြိုင်ဖို့ ချိန်းဆိုတာ ရှင်များ ဖြစ်နေမလား"

လီဝမ်ချိန်း ပြောချလိုက်သောစကားကြောင့် ချန်မိုအောင် အံ့သြသွားသည်။

"ဟာ ... မဟုတ်တာ၊ ကျွန်တော်က ဘာအတွက်ကြောင့် ခင်ဗျားနဲ့ သိုင်းပညာယှဉ်ပြိုင်ဖို့ ချိန်းဆိုရမှာလဲ၊ ကြံကြီးစည်ရာဗျာ"



"မပြောတတ်ဘူးလေ၊ ရှင်က သိုင်းပညာတတ်လာပြီး သိုင်းလောကထဲ ဟိုစပ်စပ် ဒီစပ်စပ် ဝင်ပါလာကာစဆိုတော့ သိုင်းပညာယှဉ်ပြိုင်ဘက် ရှာနေတာများလားမှ မသိတာ"

"ခင်ဗျား အဲဒီလို မပြောပါနဲ့"

သူ့စိတ်ထင်သလို တစ်ဖက်သတ် စွပ်စွဲနေသောကြောင့် ချန်မိုအောင် ခံပြင်းလာကာ ခပ်ဆတ်ဆတ်လေး ပြန်ပြောလိုက်သည်။

"ကျွန်မတို့က တွေ့ဆုံသိကျွမ်းခဲ့ကြပြီးပြီပဲ၊ ရှင်က လက်ရည်စမ်းချင်တယ်ဆိုရင် တွေ့တွေ့ဆိုင်ဆိုင် ပြောင်ပြောင်ဖွင့်ပြောဖို့ ကောင်းတယ်၊ လှို့လှို့ဝှက်ဝှက်နဲ့ စာပစ်ပြီး ချိန်းထာကတော့ မိတ်ဆွေမပီသဘူး"

ချန်မိုအောင်မှာ ဘယ်လိုရှင်းပြရမှန်းမသိအောင် ဖြစ်နေသည်။

"ကဲ ... ရှင့်ကလေး ခဏဖြုတ်ပြီး အောက်ချထားလိုက်၊ ကျွန်မတို့ လေးငါးဆယ်ကွက်လောက် ယှဉ်ကြည့်ကြရအောင်"

လီဝမ်ချိန်းကတော့ ဇွတ်ပင် သိုင်းပညာယှဉ်ပြိုင်ရန် လုပ်နေလေပြီ။

ချန်မိုအောင်သည် လီဝမ်ချိန်းကို ရှင်းပြရန် မစဉ်းစားတော့။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာမှ ထွက်သွားရန်သာ ဆုံးဖြတ်ကာ ခြေလှမ်းလိုက်သည်။

"ဘယ်သွားမလို့လဲ၊ ရပ်နေ"

ချန်မိုအောင် လှည့်မကြည့်။

ဆက်လက်လျှောက်လှမ်းသွားသည်။

သို့သော် ခြေတစ်လှမ်းနှစ်လှမ်းသာ လှမ်းလိုက်ရသည်။

ချက်ချင်းပင် ခြေလှမ်းတုံ့ရပ်သည်။

လီဝမ်ချိန်း၏ဟန့်တားသံကြောင့် ရပ်လိုက်ခြင်းတော့မဟုတ်ပါ။

သူနှင့် ရှေ့တည့်တည့်မှ လူတစ်ယောက် လျှောက်လှမ်းလာနေသည်ကို တွေ့ရသောကြောင့် ဖြစ်ပါသည်။

လျှောက်လှမ်းလာသူမှာ အသက် (၂၀) ကျော်ကျော်ရှိသော လူရွယ်တစ်ယောက်ဖြစ်သည်။

တစ်ချက်ကြည့်လိုက်ရုံနှင့် အဆင့်မြင့် သိုင်းသမားတစ်ယောက်ဖြစ်ကြောင်း သိသာနိုင်သည်။

"ဟောဒီမှာ ခင်ဗျားနဲ့ ယှဉ်ပြိုင်ဖို့ ချိန်းထားတဲ့လူ ရောက်လာပါပြီ"

ချန်မိုအောင်က လီဝမ်ချိန်းဘက်သို့ လှည့်ကြည့်ကာ ပြော



လိုက်သည်။

လီဝမ်ချိန်းက လူရွယ်သိုင်းသမားကို မျက်နှာထားတည်တည်နှင့် လှမ်းကြည့်သည်။

သိုင်းသမားလူရွယ်က ခပ်လှောင်လှောင်လေသံဖြင့် ခနဲ့သလိုလို စကားဆိုသည်။

"ဩော် ... ညီမက ဒီကောင်လေးကို အကူအညီခေါ်ထားတာကိုး"

မိမိကို ကောင်လေးဟု ခေါ်ဝေါ်သုံးစွဲမှုကြောင့် ချန်မိုအောင်၏စိတ်ထဲ ထောင်းခနဲ ဖြစ်သွားသည်။

သို့သော် မိမိ၏စိတ်ကို ဘာသာပြန်ထိန်းလိုက်သည်။

"မဟုတ်ပါဘူးဗျာ၊ ကျွန်တော်က ခရီးသွားပါ၊ လမ်းကြုံလို့ ဒီနေရာက ဖြတ်သွားတာပါ၊ နောင်ကြီးတို့ သိုင်းပညာ ယှဉ်ကြမယ်ဆိုရင်တော့ ကြုံခဲ့တဲ့ ပွဲကောင်းမို့ ထိုင်ကြည့်ပါရစေ"

သိုင်းသမားလူရွယ်၏မျက်နှာတွင် မာန်ဝင့်သောအပြုံးတစ်ခု ပေါ်လာသည်။

"ကောင်းပြီလေ၊ မောင်ရင်လေးက ဗဟုသုတရအောင် ကြည့်ချင်တယ်ဆိုရင်တော့ ကြည့်ပေါ့"

"ဟုတ်ကဲ့ ... ခင်ဗျာ၊ ကျေးဇူးတင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"လွတ်ရာကျွတ်ရာ ခပ်ဝေးဝေးကနေကြည့်၊ ဟုတ်လား၊ မတော်တဆ ထိမိခိုက်မိသွားဦးမယ်"

"ဟုတ်ကဲ့ … ဟုတ်ကဲ့"

ချန်မိုအောင်လည်း ခပ်လှမ်းလှမ်းသို့သွားကာ ကြည့်ရန် အဆင်ပြေမည့် နေရာကောင်း ရွေးသည်။

ကောင်းကောင်းမြင်နိုင်သည့်နေရာတွင် ထိုင်သည်။

ကျောကွင်းလွယ်ပိုးထားသော ကလေးငယ်ကို ဖြုတ်ကာ ဘေးနားတွင် ချထားသည်။

ကလေးငယ်က အခုတော့ အတော်သဘောကောင်းနေ သည်။

နှစ်ခြိုက်စွာ အိပ်လျက်။

တုတ်တုတ်ပင် မလှုပ်။

ချန်မိုအောင်အတွက် လီဝမ်ချိန်းနှင့်သိုင်းသမားလူရွယ်တို့၏သိုင်းပညာစွမ်းရည် ယှဉ်ပြိုင်မှုကို ကျကျနနကြည့်ရပေတော့မည်။

***



(၂)

လီဝမ်ချိန်းနှင့်အညိုရောင်ဝတ်စုံဝတ် သိုင်းသမားလူရွယ်တို့ တစ်ယောက်နှင့်တစ်ယောက် ဆယ်ပေကျော်ကျော်လောက်က ခွာလျက် မျက်နှာချင်းဆိုင် ရပ်နေကြသည်။

မျက်လုံးချင်းဆိုင်ကာ စူးစူးစိုက်စိုက် ကြည့်နေကြသည်။

ခဏကြာမှ …

လူရွယ်သိုင်းသမားက လှောင်ပြုံးတစ်ချက်ပြုံးကာ …

"သရဲအရိပ်ဓားဒေဝီတဲ့၊ နာမည်ကို ကြားဖူးနေတာတော့ ကြာပါပြီ၊ အခုမှ လူကိုယ်တိုင်ကို တွေ့ဖူးတော့တယ်၊ အသက်ငယ်ငယ် ရုပ်ချောချောနဲ့ ဘာကြောင့်များ ဒီလိုခေါ်မကောင်းတဲ့ နာမည်ကြီးကို ယူထားရတာလဲ"

အညိုရောင်ဝတ်စုံဝတ်သိုင်းသမားလူရွယ်၏ ပြောစကားကြောင့် လီဝမ်ချိန်း၏အထူးပြုနာမည်မှာ သရဲအရိပ်ဓားဒေဝီဖြစ် ကြောင်း ချန်မိုအောင် သိလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မနဲ့ သိုင်းပညာယှဉ်ပြိုင်ချင်တယ်လို့ ပစ်စာပေးပြီး ချိန်းခဲ့တာ ရှင်ကိုး"

"မမှားဘူး"

"အင်း ... ကိုယ့်ကိုယ်ကိုယ် ဘယ်သူဘယ်ဝါပါရယ်လို့ နာမည်တောင် ရေးမထိုးထားဘဲ ပစ်စာနဲ့ ချိန်းဆိုရအောင် ဘယ်လိုအခက်အခဲများ ရှိနေလို့လဲ"

လီဝမ်ချိန်း၏စကားသည် သာသာနှင့်နာနာ နက်လိုက်သလိုမို့ လူရွယ်သိုင်းသမား၏မျက်နှာ တင်းခနဲတစ်ချက်ဖြစ်သည်။

"မင်းနဲ့ အခုလိုချိန်းပြီး ယှဉ်ပြိုင်တာ လျှို့ဝှက်ထားချင်လို့ပါ၊ ကျုပ်နာမည်ကို မဖော်ထုတ်ရဲစရာအကြောင်း ဘာမှမရှိဘူး၊ ကျုပ်ဝူတန်ဂိုဏ်းက ယန်စစ်ပိုင်"

"ဘယ်သူများလဲလို့ လက်စသတ်တော့ သိမ်းညိုဓားသမားကိုး၊ တွေ့ရတာ ဝမ်းသာပါတယ်ရှင်"

လီဝမ်ချိန်းက ခနဲ့သလိုလို ပြန်ပြောသည်။

"အေး ... ကျုပ်နဲ့ တွေ့ရတဲ့အတွက် မကြာခင် မင်း ဝမ်းနည်းရလိမ့်မယ်"

"ဘာကြောင့်များပါလိမ့်"

"မင်းဆက်ပြီး မမိုက်ရိုင်း မရမ်းကားရအောင် ကျုပ်က



ဆုံးမသုတ်သင်ပစ်မှာမို့ပဲ"

"ကျွန်မကို မိုက်ရိုင်း ရမ်းကားတယ်လို့ ရှင်က ဘာအထောက်အထားနဲ့ စွပ်စွဲရတာလဲ"

"ဒါကို လေကုန်ခံပြီး ပြောမနေတော့ဘူး၊ မင်းဟာ ငယ်ရွယ်လှပတဲ့ မိန်းမပျိုလေးဖြစ်နေတာကို ထောက်ထားငဲ့ညှာပြီး အခွင့်အရေးတစ်ခုပေးမယ်၊ မင်းရဲ့ သရဲအရိုပ်ဓားကို ဒီမှာချထားခဲ့ပြီး သိုင်းလောကကနေ ထွက်ခွာသွားမယ်ဆိုရင် မင်းအသက်ကို ချမ်းသာပေးလိုက်မယ်၊ မင်းကို ရန်မရှာရအောင်လည်း ကတိပေးတယ်၊ ကာကွယ်ပေးမယ်"

"ခစ် ... ခစ် ... ခစ် ... တယ်ရယ်စရာကောင်းပါလား၊ ရှင်အပြောကြီးသလောက် တကယ်အစွမ်းထက်သလားဆိုတာ လက်တွေ့ စမ်းကြည့်ရအောင်လား"

"ကောင်းကောင်းမွန်မွန် ပြောနေတာမရရင် ကျုပ် ငဲ့ညှာမနေတော့ဘူး"

ယန်စစ်ပိုင်က ဓားရှည်ကို ဆွဲထုတ်လိုက်သည်။

လီဝမ်ချိန်းကမူ ဓားမထုတ်၊ လက်နက်မကိုင်။

ဒီအတိုင်း လက်နက်မဲ့နှင့်ပင် သိုင်းဟန်ခင်း၍ အသင့်ပြင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဓားမကိုင်ဘူးလား"

ယန်စစ်ပိုင်က လီဝမ်ချိန်းကို မျက်မှောင်ကုတ်ကာ ကြည့်ပြီး မေးသည်။

"သရဲအရိပ်ဓားက ရှင့်အတွက် မဟုတ်ပါဘူး"

ယန်စစ်ပိုင်၏မျက်နှာ ရဲခနဲဖြစ်သည်။

"တောက် ... တယ်မောက်မာပါလား"

"ကျွန်မ မောက်မာတာ မဟုတ်ဘူး၊ သရဲအရိပ်ဓားဟာ ဘယ်လိုလူစားတွေကို ချေမှုန်းသုတ်သင်တယ်ဆိုတာ ရှင်လည်း သိမှာပေါ့၊ ရှင်ဟာ ရှင့်ကိုယ်ရှင် အထင်ကြီးပြီး ဟန်ဟိတ်များတာက လွဲပြီး ရမ်းရမ်းကားကားလုပ်တာမှ မဟုတ်တာ၊ ဒါကြောင့် သရဲအရိပ်ဓားနဲ့ ရှင့်ကို သုတ်သင်ပစ်စရာ မလိုဘူး"

လီဝမ်ချိန်း၏အကျိုးသင့် အကြောင်းသင့် ရှင်းပြမှုသည် ယန်စစ်ပိုင်ကို ရှူးရှူးရှားရှား ဖြစ်သွားလေသည်။

လက်တွင် အသင့်ကိုင်ထားပြီးဖြစ်သော သိမ်းညိုဓားဖြင့် ခုတ်ပိုင်းတိုက်ခိုက်တော့မည် ပြုသေးသည်။

သို့သော် ... လက်နက်မဲ့ဖြစ်နေသော မိန်းမပျိုလေးတစ်ယောက်ကို ဓားကိုင်ကာ ထိုးခုတ်တိုက်ခိုက်ရမည်ကို ဝန်လေးဟန်ဖြင့် သိုင်းကွက်ကို ချက်ချင်းပြန်ရုပ်သိမ်းသည်။



ထို့နောက် ဘယ်လိုစိတ်ကူးပေါက်သည်မသိ ဓားရှည်ကို တစ်ချက်ဝင့်ကာ လီဝမ်ချိန်းအား စလွယ်သိုင်း ခုတ်ပိုင်းချသည်။

"လာပြီ ... သတိထား"

ပါးစပ်ကတော့ အော်ဟစ် သတိပေးလိုက်လေသေးသည်။

ချိန်မိုအောင်သည် လီဝမ်ချိန်းနှင့် သိသည်ဆိုရုံသာ ရှိသည်။ လီဝမ်ချိန်းအကြောင်း ဘာမျှ ရေရေရာရာ မသိသေး။

ထို့နည်းတူ ရန်စစ်ပိုင်ကိုလည်း ဂူတန်ဂိုဏ်းသားတစ်ယောက်ဟုသာ သိထားရသေးသည်။

သိမ်းညိုဓားသမားဟူသော အခြားနာမည် ရှိနေသောကြောင့် သိုင်းပညာအဆင့်မနိမ့်ဟုတော့ အကဲခတ်မိသည်။

နာမည်ရသိုင်းသမားကောင်းတစ်ယောက် ဖြစ်မည်ဟုလည်း တွေးမိသည်။

ဂူတန်ဂိုဏ်းဆိုသည်ကလည်း သိုင်းလောကတစ်ခွင် လေးစားကြရသော အကျော်အမော် ဂိုဏ်းအဖွဲ့ကြီးတစ်ခု မဟုတ်ပါလား။

ချိန်မိုအောင်တို့၏ခွန်လွန်ဂိုဏ်းနှင့် ခေတ်ပြိုင်ဟုပင် ဆိုနိုင်လောက်သည်။

သိုင်းလောက၏ ထိပ်သီးဂိုဏ်းဟစ်ခုတွင် ပါဝင်သော ဂူတန်ဂိုဏ်းမှ သိုင်းသမားတစ်ယောက်က လက်နက်ကိုင်စွဲခြင်းမပြုသော

www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျိုလေးတစ်ယောက်ကို ဓားဆွဲကာ တိုက်ခိုက်သည်ကတော့ သိပ်မသင့်လျော်ဟု ချန်မိုအောင် ထင်မိသည်။

ထို့ပြင် ဓားကိုင်ထားလျက်က အသာစီးမှစတင်၍ ပြင်းထန်ကြမ်းတမ်းသော ဓားကွက်နှင့် ဖိနှိပ်တိုက်ခိုက်သောအခါတွင်တော့ အတော်လေး ဘဝင်မကျဖြစ်မိသည်။

ဝင်ရောက်ဖျက်ဖက်လိုစိတ်တွေပင် ပေါ်သည်။

သို့သော် ယန်စစ်ပိုင်နှင့် လီဝမ်ချိန်းတို့ ယခုလို ချိန်းဆိုတိုက်ခိုက်ကြသည်မှာ မည်သည့်အကြောင်းရင်းကြောင့်ဟုလည်း သေသေချာချာမသိ။

သူတို့နှစ်ယောက်အကြောင်းကိုလည်း ဂဃနဏ နားမလည်သေးသောကြောင့် ဘာမသိ ညာမသိနှင့် ဝင်ရောက်ဖျက်ဖက်လျှင် အခန့်မသင့်ပါက မိမိ၏အမှားပင် ဖြစ်နိုင်သည်ဟု တွေးမိပြန်ရာ အသာကိုယ်ရှိန်သတ်၍ ငြိုင်ပွဲသာလုပ်နေလိုက်ရသည်။

လီဝမ်ချိန်းမှာလည်း အစွမ်းမသေး။

ကိုယ်တိုင်မျက်မြင် မဟုတ်လျှင် ယုံနိုင်စရာပင်မရှိ။

ဓားရှည်ကိုင်ကာ ခပ်ကြမ်းကြမ်း ဝင်တိုက်လာသော ရန်စစ်ပိုင်၏တိုက်ချက်များကို လှပသောကိုယ်ဟန်လှုပ်ရှားမှုဖြင့် ရှောင်တိမ်းသည်။



ဓားချက်တို့ရှောင်ရင်း လက်ဝါးရိုက်ချက်များနှင့်လည်း တန်ပြန်တိုက်ခိုက်သွားသေးသည်။

လီဝမ်ချိန်း၏လက်ဝါးရိုက်တန်တို့သည် ဓားသိုင်းကွက်ဆန်နေသည်ကိုတော့ ချန်မိုအောင် မြင်မိအောင် မြင်လိုက်သည်။

လက်ဝါးရိုက်ချက်များသည် မြန်လည်း အတော့်ကို မြန်သည်။

ဓားရိပ်ဓားရောင်တို့အကြားမှ လှစ်ခနဲ လှစ်ခနဲနေအောင်ပင် ထိုးဖောက်ဝင်သည်။

ယန်စစ်ပိုင်ကလည်း မခေပါ။

သိမ်းညိုဓားသမားဟု နာမည်ကြီးလောက်သည်။

လျှင်မြန်သွက်လက်စွာ ဝင်လာသော လီဝမ်ချိန်း၏လက်ဝါးရိုက်ချက်များကို ပွတ်ကာသီကာဆိုသလို ရှောင်တိမ်းနိုင်ခဲ့သည်။

လက်ဝါးရိုက်ချက်များ ယန်စစ်ပိုင်ကို တစ်ချက်မျှ မထိပါ။

ထိုနည်းတူ လီဝမ်ချိန်းကလည်း ယန်စစ်ပိုင်၏ဓားချက်များမှ လွတ်အောင် ရှောင်တိမ်းထွက်သွားနိုင်ခဲ့သည်။

ယန်စစ်ပိုင်က အတင်းဖိ၍ တိုက်သည်။

ဓားချက် တစ်ချက်ပြီးတစ်ချက် ဆင့်ကဲဆင့်ကဲ ခုတ်ပိုင်းထိုးနှက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဓားရိပ်ဓားရောင်တို့သည် ဝင်လုဆဲနေရောင်ဟွင် လင်းခနဲ လက်ခနဲဖြစ်နေသည်။

လီဝမ်ချိန်းသည် ရက်ကန်းစင်မှလွန်းပြန်လို တရစပ် ခုတ်ပိုင်းတိုက်ခိုက်နေလေသော ဓားချက်များအကြားတွင် သီကာလေးကပ်၍ ရှောင်တိမ်းလှုပ်ရှားနေသည်။

ကြည့်နေရသူ ချန်မိုအောင်ပင် သည်းထိတ်ရင်ဖို ဖြစ်လာရသည်။

အပေါ်မှ အုပ်မိုးခုတ်ပိုင်းချလာသည်ကို ကိုယ်ကိုယိမ်းကာ ရှောင်သည်။

ဘေးမှဝိုက်၍ ခုတ်ချက်ကိုတော့ ကိုယ်ကို ကိုင်းချလျက် လွတ်အောင်ရှောင်သည်။

တွတ်ထိုးလာသော ဓားချက်များကိုတော့ ခြေလှမ်းရွေ့လျား နေရာပြောင်း၍ ရှောင်တိမ်းသည်။

နှစ်ယောက်လုံးသည် အဆုတ်အတက် အလှုပ်အရှား မြန်လှသည်။

သွက်လှသည်။

ယန်စစ်ပိုင်၏တိုက်ခိုက်လာသော ဓားချက်များနှင့် လီဝမ်ချိန်း၏ရှောင်တိမ်းကွက်တို့သည် ကွက်ဟိဆိုသလို ဖြစ်နေသည်။



ရှောင်ရင်း တိမ်းရင်း အခွင့်ရတိုင်း တန်ပြန်ရိုက်နှက်သော လီဝမ်ချိန်း၏လက်ဝါးရိုက်ချက်များကလည်း ယန်စစ်ပိုင်က ထိထိမိမိပင် ခုခံရှောင်ထွက်သည်။

တိုတောင်းသော အချိန်ပိုင်းလေးအတွင်းမှာပင် သိုင်းကွက်နှစ်ဆယ်ကျော် အပြန်အလှန် ထုတ်သုံး ယှဉ်ပြိုင်ပြီးသွားသည်။

မည်သူကမျှ အသာစီးမရ။ အနိုင်အရှုံး အဖြေမပေါ်။

"သိမ်းညှိထိုးသုတ် ဓားကွက်လာတော့မယ်"

ယန်စစ်ပိုင်က ပြောသည်။

သိမ်းညှိထိုးသုတ် ဓားကွက်သည် ယန်စစ်ပိုင်၏အစွမ်းအထက်ဆုံးသော ဓားကွက်ဖြစ်သည်။ ထိုဓားကွက်နှင့် အနိုင်ယူပွဲသိမ်းခဲ့မှု မနည်းလှတော့။

ယခု ယန်စစ်ပိုင်ပါးစပ်မှ ထုတ်ပြောလိုက်ခြင်းသည် လီဝမ်ချိန်းကို အသိပေးခြင်းထက် ခြိမ်းခြောက်မှုက ပိုများသည်။

မိမိ၏နာမည်ကျော်ကြားလှသော ဓားကွက်ကို ထုတ်သုံးကာ ပွဲသိမ်း အပိုင်အနိုင် တိုက်တော့မည်ဟု အသိပေးခြိမ်းခြောက်လိုက်ခြင်းဖြစ်သည်။

ပါးစပ်မှပြောပြီးသည်နှင့် သိမ်းညှိထိုးသုတ်ဓားကွက်ကို ထုတ်သုံးကာ အပိုင်အနိုင် တိုက်စစ်ဆင်သည်။

www.burmeseclassic.com

www.burmeseclassic.com



သိမ်းညိုဓားဖြင့် ဘယ်မှညာ စလွယ်သိုင်း ခုတ်ချရာမှ တစ်ဝက်တစ်ပျက်တွင် ရုတ်ခြည်းပင် ဓားချက်လမ်းကြောင်းပြောင်းကာ လီဝမ်ချိန်း၏ညာဘက်ရင်ဘတ်ကို ဆတ်ခနဲ လှမ်းထိုးသည်။

ဓားချက် အပြောင်းအလဲ အလွန်မြန်သည်။

ထိုးစိုက်ချလိုက်သောဓားသည် လျှပ်ပြက်သည့်နှယ် ဖြစ်သည်။

သားကောင်ကို တစ်ဟုန်ထိုးပင် ထိုးသုတ်လိုက်သော သိမ်းငှက်တစ်ကောင်၏ မြန်ဆန်ပိုင်နိုင်မှု အားမာန်မျိုး အပြည့်ပါသည်။

ချန်မိုအောင်မှာ မျက်စိထဲ ပြာခနဲပင်ဖြစ်သည်။

လီဝမ်ချိန်းအတွက်လည်း စိုးရိမ်မိသည်။

လီဝမ်ချိန်းသည် လျှပ်ပြက်သလို လျင်မြန်ခြင်းဖြင့် ညာဘက် ရင်ဘတ်ဆီ ရုတ်တရက် ထိုးဝင်လာသော ဓားချက်ကို ရှောင်သည်။

ထိုသို့အရှောင်တွင် ညာခြေဖြင့် ယန်စစ်ပိုင်၏ပေါင်ကြားကို လှမ်းခတ်ကန်သည်။

လျင်မြန်သလို ရက်စက်သော တန်ပြန်ခြေကန်ချက်သည် ယန်စစ်ပိုင်၏သိမ်းညိုထိုးသုတ် ဓားကွက်ကို ပျက်စီးသွားစေသည်။

ဦးတည်လမ်းကြောင်း ရုတ်ခြည်းပြောင်းကာ လီဝမ်ချိန်း၏



ညာဘက်ရင်ဘတ်သို့ ဆတ်ခနဲ ထိုးစိုက်လိုက်သည့်ဓားချက်သည် အလွန်မြန်လှသည်။

လီဝမ်ချိန်း ရှောင်တိမ်းသော်လည်း လွတ်လွတ်ကျွတ်ကျွတ် လွတ်ထွက်ရန် မစွမ်းသာ။

ဓားထိုးချက် အပြည့်မဟုတ်သည့်တိုင် တစ်ဝက်တစ်ပျက်တော့ ထိနိုင်သည်။

အသက်မသေနိုင်သော်လည်း ဒဏ်ရာတော့ ပြင်းပြင်းထန်ထန်ရမည်။

လီဝမ်ချိန်း ရှောင်ထွက်ရင်း ခြေကန်ချက်ကိုပါ တစ်ပါတည်း လုပ်လိုက်လေရာ အတင်းတိုးဝင်လျှင် ယန်စစ်ပိုင်လည်း အကြီးအကျယ် အထိနာရတော့မှာ သေချာသည်။

လီဝမ်ချိန်းကို သိမ်းညိုဓားဖြင့် မိမိရရ ထိုးစိုက်နိုင်သည့်တိုင် ယန်စစ်ပိုင်လည်း သက်သာမည်မဟုတ်။

ယန်စစ်ပိုင်မှာ ဒီလို မိုက်မိုက်ကန်းကန်း မလုပ်ရဲ။

ထို့ကြောင့် သိမ်းညိုထိုးသုတ် ဓားကွက်ကို ကမန်းကတန်း ရုပ်သိမ်းကာ နောက်ကျွမ်းပစ် ခုန်ရှောင်ထွက်လိုက်ရသည်။

ထိုသို့ရှောင်ထွက်သည့်တိုင် လီဝမ်ချိန်း၏ခြေကန်ချက်မှ လုံးလုံးလျားလျားမလွတ်။

www.burmeseclassic.com

www.burmeseclassic.com



ယန်စစ်ပိုင်၏ညာဘက် တံတောင်ဆစ်ကို ခြေဖျားဖြင့် ရှုပ်၍ ခတ်မိသည်။

ညာတံတောင်ဆစ် စစ်ခနဲ နာကျင်သည်။

အခြားနေရာတွေကို ကန်မိလျှင် ဒီလို စစ်ခနဲနာကျင်မှုသည် ဘာမျှအရာမရောက်ပါ။

ညာတံတောင်ဆစ်တွင် ဖြစ်နေသည့်အတွက် ယန်စစ်ပိုင်၏ ညာလက်ချောင်း ရုတ်တရက် အားပျော့ကုန်သည်။

ဆုပ်အား ကိုင်အား မမြဲတော့။

ဤတွင် ...

ယန်စစ်ပိုင်၏ညာလက်ရှိ သိမ်းညိုဓား လွတ်ထွက်သွားလေတော့သည်။

"ယား"

လီဝမ်ချိန်းသည် မာန်သွင်းဟစ်ကြွေးကာ ဘယ်ညာလက် ဝါးရိုက်ချက်များ တရစပ် ရိုက်နှက်ကာ ကြမ်းကြမ်းတမ်းတမ်း တိုက်ခိုက်သည်။

ယန်စစ်ပိုင်၏သိုင်းပညာအဆင့် တိုက်ပွဲအတွေ့အကြုံများနှင့်ဆိုလျှင် လီဝမ်ချိန်း၏ ပြင်းထန်သော လက်ဝါးရိုက်ချက်များကို တင်းတင်းမာမာ ပြန်လည်ခုခံ တားဆီးနိုင်သည်။



သို့သော် ... မိမိ၏အစွမ်းအထက်မြက်ဆုံးနှင့် အပိုင်နိုင်ဆုံးဖြစ်သော 'သိမ်းညိုထိုးသုတ် ဓားကွက်' ပျက်ပြယ်သွားရမှုကြောင့် စိတ်ထဲ လှုပ်ရှားသွားချိန်တွင် လက်ထဲမှ သိမ်းညိုဓားကလည်း လွတ်ထွက်သွားပြန်သောအခါ ယန်စစ်ပိုင်မှာ အလန့်တကြားပင် ဖြစ်သည်။ စိတ်အာရုံတွေ ရှုပ်ထွေးကုန်သည်။

တည်တည်ငြိမ်ငြိမ်ဖြင့် လီဝမ်ချိန်း၏လက်ဝါးရိုက်ချက်များကို ရင်ဆိုင်နိုင်ခြင်း မရှိတော့။

လီဝမ်ချိန်း၏လက်ဝါးရိုက်ချက်များကလည်း ကြမ်းတမ်းပြင်းထန်သလောက် ရက်စက်သည်။

ကြောက်စရာကောင်းလှသည်။

သေကွင်းသေကွက်နေရာများကိုလည်း ခြိမ်းခြောက်လာနေကြခြင်း ဖြစ်သည်။

ယန်စစ်ပိုင်သည် နောက်သို့အတင်းဆုတ်သည်။

သို့သော် လီဝမ်ချိန်း၏ကြမ်းတမ်းရက်စက်သော လက်ဝါးရိုက်ချက်များ၏စက်ကွင်းမှ မလွတ်နိုင်။

ယန်စစ်ပိုင် အကျဉ်းအကျပ်ဖြစ်နေရပြီ။

ယန်စစ်ပိုင်သည် စိတ်ကိုဆုံးဖြတ်ကာ မိုက်မိုက်ကန်းကန်းပင် စွန့်စားလုပ်ဆောင်လိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လက်ကို ငွေ့ယမ်းလှုပ်ရှားသည်။

"ဝှစ် ... ဝှစ် ... ဝှစ်"

အပ်ပျံလေးသုံးခု လီဝမ်ချိန်းရှိရာသို့ တစ်ဟုန်ထိုး လွင့်ပျံဝင်သွားသည်။

ဘယ်ညာ လက်ဝါးရိုက်ချက်များ ဆင့်ကဲရိုက်ထုတ်ကာ အတင်းလွှမ်းမိုးတိုက်ခိုက်နေသော လီဝမ်ချိန်းသည် ယန်စစ်ပိုင်နှင့် အလွန်နီးကပ်နေသည်။

လက်တစ်ကမ်းပင် မကွာ။

ထို့ပြင် စိန်ခေါ်ချိန်းဆိုကာ သိုင်းပညာယှဉ်ပြိုင်မှုတွင် လက်နက်ပုန်းများ သုံးစွဲလေ့လည်း မရှိ။

ယန်စစ်ပိုင် မေးရှည်ကိုင်ကာ မိမိက ဘာလက်နက်မျှ မကိုင်။

လက်ချည်းသက်သက်ဖြင့် တိုက်ခိုက်နေလေရာ တစ်ဖက်လူအနေဖြင့် လက်နက်ပုန်း ဘယ်လိုမှမသုံးဟု လီဝမ်ချိန်းက ထင်ထားသည်။

ထို့ကြောင့် လီဝမ်ချိန်းမှာ အနီးကပ် အလစ်ဖမ်း၍ လက်နက်ပုန်းဖြင့် အပစ်ခံရသည့် အခြေအနေမျိုး ဆိုက်ရောက်သည်။

မည်သို့မျှ ထင်မထားသည့်ဖြစ်ရပ်မို့ လီဝမ်ချိန်း ဘယ်လိုမှ



မရှောင်နိုင်။

ယန်စစ်ပိုင် ပစ်လွှတ်သောလက်နက်ပုန်း အပ်ပျံသုံးခုစလုံးပင် လီဝမ်ချိန်းကို ထိမှန်သည်။

လီဝမ်ချိန်း၏လက်ဝါးရိုက်ချက်များ ရုတ်ခြည်းရပ်ဆိုင်းသည်။

"ရှင် ... အဆိပ်သုံး"

လီဝမ်ချိန်းသည် ထိုမျှသာပြောနိုင်ကာ ဗိုင်းခနဲ လဲကျသည်။

*

လီဝမ်ချိန်း လဲကျသည်။

ယန်စစ်ပိုင်သည် ဗိုင်းခနဲလဲကျသွားသော လီဝမ်ချိန်းကို မျက်လုံးအပြူးသားနှင့် ကြည့်သည်။

ချွေးသီးချွေးပေါက်တွေလည်း ပြိုက်ပြိုက်ကျသည်။

ထိုအချိန်မှာပင် ရိပ်ခနဲလှုပ်ရှားမှုနှင့်အတူ သူ့သေးနားသို့ ချန်မိုအောင် ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ချန်မိုအောင်သည် ဤယှဉ်ပြိုင်တိုက်ခိုက်မှုတွင် ပါဝင်မစွက်ဖက်ဘဲ ဘေးမှ ပွဲကြည့်သာ လုပ်နေမည်ဟု စိတ်ကူးထားသော်လည်း ယန်စစ်ပိုင်က အဆိပ်လက်နက်သုံးသည်ကို တွေ့ရ၊သိရသောအခါတွင်တော့ ဘယ်လိုမှ မနေနိုင်တော့ဘဲ ထိုင်နေရာမှ ခုန်ထကာ ယန်စစ်ပိုင်ရှေ့မှောက် ရောက်လာခဲ့ခြင်း ဖြစ်သည်။

"ဟေ့လူ ယန်စစ်ပိုင် ... ခင်ဗျားက ဂူတန်ဂိုဏ်းသားဆိုပြီး အဆိပ်လက်နက်ပုန်းနဲ့ အကောက်ဉာဏ်သုံး အနိုင်ယူတာလား၊ ဒါ သိုင်းသမားကောင်းတွေရဲ့ အလုပ်လား"

ချန်မိုအောင်က အပြစ်တင်စကားဆိုသည်။

ယန်စစ်ပိုင်မှာလည်း ကိုယ့်လိပ်ပြာ ကိုယ်မလုံနိုင်ဘဲ မျက်စိမျက်နှာ အပျက်ပျက်ဖြစ်နေသည်။

"ခင်ဗျား မရှက်ဘူးလား၊ ဘာကြောင့် ဒီလိုယုတ်ယုတ်မာမာ လုပ်ရတာလဲ"

ချန်မိုအောင်က ဆက်ပြောသည်။

"ကျုပ် ယုတ်မာတာမဟုတ်ဘူး၊ သရဲအရိပ်ဓားဒေဗီကို ချေမှုန်းသုတ်သင်နိုင်ဖို့လုပ်တာ"

ယန်စစ်ပိုင်က ပြန်ပြောသည်။

"ဒီမိန်းကလေး ဘယ်သူပဲဖြစ်ဖြစ် ချိန်းဆိုယှဉ်ပြိုင်တဲ့ပွဲမှာ



အဆိပ်လက်နက်ပုန်း သုံးတယ်ဆိုရင် ယုတ်မာကောက်ကျစ်တာပဲ၊ ခင်ဗျားတို့ဂူတန်ဂိုဏ်း နာမည်ပျက်ပြီ"

ယန်စစ်ပိုင်၏မျက်နှာ ကွက်ခနဲပျက်သွားပြန်သည်။

"အခုကိစ္စ ဂူတန်ဂိုဏ်းနဲ့ ဘာမှမပတ်သက်ဘူး၊ ကျုပ်တစ်ယောက်တည်းသဘောနဲ့ ကျုပ်ဘာသာလုပ်တာ"

"ခင်ဗျားက ဂူတန်ဂိုဏ်းသားပဲ၊ ခင်ဗျားလုပ်တာတွေ ဂူတန်ဂိုဏ်းနဲ့ မပတ်သက်ဘူးလို့ ပြောရသလား၊ ဖြေဆေးပေး ... သူ့အသက် မသေရအောင် ကုရမယ်၊ ပြီးရင် ... ဂူတန်ဂိုဏ်းမှာ ဒီကိစ္စသွားဖြေရှင်းရမယ်"

"ကျုပ်သုံးတာ သေနိုင်လောက်တဲ့ အဆိပ်ပြင်းမဟုတ်ပါဘူး၊ မူးရုံမေ့ရုံလောက်သာဖြစ်စေမယ့် အဆိပ်အပျော့စားပါ"

"စကားမများနဲ့၊ ဖြေဆေးအမြန်ပေး"

"ဖြေဆေး မရှိဘူး"

"ဘာ ... ဖြေဆေးမရှိဘူး ဟုတ်လား"

ချန်မိုအောင်က ယန်စစ်ပိုင်၏အင်္ကျီရင်ဘတ်ကို ဆုပ်ကိုင်ဆွဲလိုက်သည်။

"အဆိပ်က အပျော့စားပါ၊ ခဏလေးနဲ့ အလိုလိုပြေတယ်၊ ဖြေဆေး မလိုဘူး"

www.burmeseclassic.com

www.burmeseclassic.com



ယန်စစ်ပိုင်က ကမန်းကတန်း ပြောသည်။

ယန်စစ်ပိုင်က သိုင်းပညာအကော်ကောင်းသော သိုင်းလုလင်တစ်ယောက်ဖြစ်သည်။

ဖြောင့်မတ်တည်ကြည်သည်။

သို့သော် သိုင်းလောကကောင်းကျိုးအတွက် မိမိအနေဖြင့် များစွာသယ်ပိုးဆောင်ရွက်ပေးနိုင်သည်ဟု မိမိကိုယ်မိမိ အထင်ကြီးသည့် မာန်လေးတော့ ရှိသည်။

သရဲမားဒေဝီ လီဝမ်ချိန်းကို သိုင်းလောက၏အမှိုက်တစ်ခုအဖြစ် ယန်စစ်ပိုင်က မြင်သည်။

သရဲအရိပ်မားဒေဝီကို ချေမှုန်းသုတ်သင်ပစ်မှမဖြစ်မည်ဟုလည်း သူ့ဘာသာသူ ဆုံးဖြတ်ချက်ချထားသည်။

ထို့ကြောင့်လည်း သရဲအရိပ်မား ဒေဝီကို ကြိုးစားခြေရာခံစုံစမ်းကာ သိုင်းပညာယှဉ်ပြိုင်ရန် ပရိယာယ်ဖြင့် ချိန်းဆိုခဲ့သည်။

တကယ်တမ်း ရည်ရွယ်ချက်ကတော့ အပြီးတိုင် ချေမှုန်းသုတ်သင်ပစ်ဖို့ ဖြစ်သည်။

သရဲအရိပ်မားဒေဝီနှင့် ရင်ဆိုင်ရာတွင် မဖျော်လင့်သော အကြောင်းများကြောင့် မိမိအရေးမသာဖြစ်လျှင် ထုတ်သုံးရန် လက်နက်ပုန်းလည်း အသင့်ကြိုတင် လုပ်ထားခဲ့သည်။



ထိုလက်နက်ပုန်းတွင် မူးမော်သွားစေသော အဆိပ်အငွေ့စားကိုသာ ထည့်ထားသည်။

မလွဲသာ မရှောင်သာလျှင် ထိုလက်နက်ပုန်းကိုသုံး၍ အဆိပ်ငွေ့ဒဏ်ကြောင့် မူးဝေသွားသော သရဲအရိပ်မားဒေဝီ လီဝမ်ချိန်းကို လာဖမ်းဆီးကာ စီရင်ပစ်ရန် အကြံရှိသည်။

သူသည် ဂူတန်ဂိုဏ်းဝင် သိုင်းသမားကောင်းတစ်ယောက်ဖြစ်လေရာ ချိန်းဆို သိုင်းပညာယှဉ်ပြိုင်မှုတွင် အဆိပ်ပါသော လက်နက်ပုန်းမဆိုထားဘိ သာမန်ရိုးရိုးလက်နက်ပုန်းပင် သုံးစွဲခွင့်မရှိကြောင်းသိသည်။

သိုင်းလောက၏စည်းကမ်းကို နားလည်သည်။

သို့သော် ...

သရဲအရိပ်ဒေဝီကို သိုင်းလောကအမှိုက်အဖြစ် သတ်မှတ်ကာ အများအကျိုးအတွက် သုတ်သင်ဖယ်ရှားပစ်လိုစိတ် ပြင်းပြလှပေရာ သိုင်းလောက၏အန္တရာယ်ကို ဖယ်ရှားရာတွင် အစဉ်အလာစည်းကမ်းအချို့ကို ဖောက်ဖျက်၍ အပြစ်မရှိနိုင်ဟု မိမိကိုယ် မိမိခွင့်လွှတ်သော အတွေးများ တွေးထားခဲ့သည်။

မူးမော်စေရုံလောက်သာ ဖြစ်နိုင်သော အငွေ့စားအဆိပ်များသာ ထည့်ထားသော လက်နက်ပုန်းထိမိ၍ လီဝမ်ချိန်း ငိုင်းခဲ့

www.burmeseclassic.com

www.burmeseclassic.com



လဲကျသွားလေသောအခါ ယန်စစ်ပိုင်မှာ တကယ်ပင် အံ့သြထိတ်လန့်သွားခဲ့ရသည်။

ထိုအချိန်တွင် ချန်မိုအောင် ရောက်လာကာ အပြစ်တင်ပြောဆိုသောအခါ ယန်စစ်ပိုင်မှာ စိတ်ဝင်ချောက်ချားသွားရသည်။

လက်နက်ပုန်းသုံးခဲ့သည်ကပင် သိုင်းလောကစည်းကမ်းဖောက်ဖျက်ခဲ့မှုဖြစ်ရာ မတော်တဆ လီဝမ်ချိန်းက မိမိပစ်လွှတ်သော လက်နက်ပုန်းကြောင့် အန္တရာယ်ဖြစ်သွားလျှင် မိမိအနေနှင့် သိုင်းသမားအပေါင်း၏ ကဲ့ရဲ့ပြစ်တင်ခြင်း ခံရပြီး ဂုဏ်ဂိုဏ်းလည်း အကြီးအကျယ် သိက္ခာကျစရာမို့ ယန်စစ်ပိုင်မှာ ရူးသွားလောက်အောင် စိတ်လှုပ်ရှားနေသည်။

တုန်လှုပ်ချောက်ချားနေသည်။

ချန်မိုအောင်ကို ကမန်းကတန်းပင် ဖြေရှင်းချက်တွေ ပေးနေမိသည်။

"အဆိပ်ပျော့ပဲ ထည့်သုံးထားတယ်ဆိုပြီး လီဝမ်ချိန်းက ဘာကြောင့် သေသွားရတာလဲ"

ချန်မိုအောင်က မေးလိုက်ရာ ယန်စစ်ပိုင်မျက်နှာ ဖြူဖပ်ဖြူရော်ပင် ဖြစ်သွားသည်။

"ဟာ … သေသွားတာ မဟုတ်နိုင်ပါဘူး၊ သေသေချာချာ



စစ်ဆေးကြည့်ပါဦးဗျာ၊ သူ … သူ မသေနိုင်ပါဘူး၊ မသေနိုင်ပါဘူး"

ယန်စစ်ပိုင်က ပျာပျာသလဲ ပြောသည်။

ချန်မိုအောင်လည်း လီဝမ်ချိန်း၏ဘေးတွင် ဒူးထောက်ချကာ စစ်ဆေးကြည့်သည်။

"အသက်တော့ ရှူနေသေးတယ်၊ ဒါပေမဲ့ … ဘာကြောင့် သတိလစ်နေတာလဲ"

"တော်ပါသေးရဲ့၊ သူ သတိရလာအောင် မြန်မြန်လုပ်ပေးလိုက်ပါဗျာ၊ လုပ်ပါ မြန်မြန်"

ယန်စစ်ပိုင်က ကသောကမျော ပြောပြန်သည်။

ချန်မိုအောင်သည် လီဝမ်ချိန်း၏သွေးကြောများကို ထိုးဖောက်စစ်ဆေးကြည့်သည်။

သွေးလေလည်ပတ်မှု ပုံမှန်မဟုတ်ဘဲ ရှုပ်ထွေးနေသည်ကို တွေ့ရသည်။

အရေးပေါ်အကြောထိုးနှိပ် ပြုစုမှုများလည်း လုပ်ပေးသည်။

ခဏအကြာတွင် လီဝမ်ချိန်း ပြန်သတိရလာသည်။

"ဘယ်လိုဖြစ်သွားတာလဲဟင်၊ ဘယ်လိုနေသေးလဲ"

ချန်မိုအောင်က မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အတွင်းအား လည်ပတ်ကြည့်ပါဦး"

ယန်စစ်ပိုင်က ဝင်ပြောသည်။

လီဝမ်ချိန်း တင်ပျဉ်ခွေထိုင်လျက်ဖြစ်အောင် ချန်မိုအောင်က ဖေးမကူပေးသည်။ လီဝမ်ချိန်းလည်း မျက်စိအသာမှိတ်ကာ အတွင်းအား လည်ပတ်လေ့ကျင့်ကြည့်သည်။

"သူက အားသွန်ခွန်စိုက် အစွမ်းကုန် တိုက်ခိုက်နေရင်း ရုတ်တရက် လက်နက်ပုန်းအထိခံရလို့ အံ့ဩထိတ်လန့်သွားပြီး လက်နက်ပုန်းမှာလည်း အဆိပ်ပါနေတယ်လို့ ခံစားသိရတာနဲ့ အဆိပ်ပြင်းလား အဆိပ်ပျော့လားတောင် မခွဲခြားနိုင်တော့ဘဲ အရမ်းလန့်သွားပုံရတယ်၊ ဒီလိုနဲ့ သွေးလန့်သလိုဖြစ်ပြီး အတွင်းအားတွေ ရှုပ်ထွေးကုန်တာကြောင့် သတိလစ်တဲ့အထိ ဖြစ်သွားတာပါ"

စိတ်အတန်ငယ် တည်ငြိမ်လာသော ယန်စစ်ပိုင်က ပြောသည်။

"ဟုတ်ပါလိမ့်မယ်၊ သူ့မှာ အဆိပ်သင့်တဲ့လက္ခဏာတစ်ခုမှ မရှိတော့ပါဘူး၊ ဒါပေမဲ့ အတွင်းဒဏ်တော့ ရသွားသလိုပဲ"

"အတွင်းဒဏ် နည်းနည်းပါးပါးလောက်ပဲ ဖြစ်နိုင်ပါတယ်၊ အတွင်းအား ရှုပ်ထွေးကုန်တာက အဓိကပါ၊ အချိန်ယူပြီး အတွင်းအား လေ့ကျင့်လိုက်ရင် ပြန်ကောင်းသွားပါလိမ့်မယ်၊ ကျုပ်



နည်းနည်း အတွေးချော်ပြီး အဆိပ်ပျော့ထည့်ထားတဲ့ လက်နက်ပုန်း သုံးလိုက်မိတဲ့အမှားပါ၊ ကျုပ် တောင်းပန်ပါတယ်"

ခဏအကြာတွင် လီဝမ်ချိန်း မှိတ်ထားသော မျက်လုံးများ ပြန်ပွင့်လာသည်။

"အတွင်းဒဏ်ရာရသွားသလား"

ချန်မိုအောင်က မေးသည်။

"အတွင်းဒဏ်က နည်းနည်းပဲဖြစ်တာပါ၊ ဒါပေမဲ့ အရမ်းမောနေတယ်၊ အသက်ရှူရတာလည်း မကောင်းဘူး၊ အတွင်းအားကို စုစည်းရတာလည်း အဆင်မပြေဘူး"

လီဝမ်ချိန်းက မောသံလေးနှင့်ပြောသည်။

ထို့နောက် ယန်စစ်ပိုင်ကို လှမ်းကြည့်ကာ ...

"ရှင် သွားတော့"

"ယှဉ်ပြိုင်ပွဲမှာ ကျုပ် ရှုံးနိမ့်တာ ဝန်ခံပါတယ်၊ နောက်နောင်ဆို မင်းကို အနှောင့်အယှက်မပေးတော့ဘူး၊ နှုတ်ဆက်ခဲ့ပါတယ်"

ယန်စစ်ပိုင်က နှုတ်ဆက်ဂါရဝပြုကာ ထွက်သွားသည်။

"သူ့ကို ဘာကြောင့် ဒီလိုလွယ်လွယ်နဲ့ သွားခွင့်ပေးလိုက်ရတာလဲ"

ယန်စစ်ပိုင် ထွက်ခွာသွားပြီးသောအခါ ချန်မိုအောင်က

www.burmeseclassic.com

www.burmeseclassic.com



လီဝမ်ချိန်းသို့ မေးသည်။

“ဒီလူဟာ သူ့ကိုယ်သူ အထင်ကြီးပြီး ဆောင့်ကြွားကြွားနိုင်ပေမယ့် လူကောင်းတစ်ယောက်ပါ၊ သိုင်းသမားဆိုးတစ်ယောက်လည်း မဟုတ်ဘူး၊ အပြစ်ကြီးတွေလည်း မကျူးလွန်ဘူး၊ ဒီတော့ သွားခွင့်မပေးလို့ ဘာလုပ်ရမှာလဲ”

“သူက လက်နက်ပုန်းသုံးပြီး ခင်ဗျားကို အသေသတ်မယ် ကြံခဲ့တာကကော”

“ဒါက သူ့မှာ အကြောင်းရှိပါတယ်၊ သူ့ကို အပြစ်တင်လို့ မရဘူး၊ ကဲ ... ရှင်လည်း သွားတော့လေ”

“ဟာ ... ကျွန်တော် ထွက်သွားလို့ ဘယ်ဖြစ်မှာလဲ”

“ဘာကြောင့် မဖြစ်တာလဲ”

“ခင်ဗျားရဲ့အတွင်းအားတွေ ရှုပ်ထွေးနေတယ်၊ လည်ပတ်မှု လမ်းကြောင်းမမှန်ဘူး၊ အဲဒါ အနားယူပြီး အတွင်းအား ပုံမှန်ဖြစ်အောင် လေ့ကျင့်ရမယ်”

“ကျွန်မ သိပါတယ်”

“ခင်ဗျားအနေနဲ့ စိတ်ချလက်ချ အနားယူ၊ အတွင်းအား လေ့ကျင့်နိုင်အောင် ကျွန်တော်က ကူညီပေးရမှာပေါ့”

“ရှင်က ဘယ်လိုလုပ်ပြီး ကျွန်မအပေါ် စေတနာရှိသွားတာ



လဲ”

“ခင်ဗျားက ကျွန်တော့်မိတ်ဆွေလေ၊ အခုလို အခြေအနေဖြစ်ရင် မိတ်ဆွေအချင်းချင်း ကူညီရိုင်းပင်းရမှာပေါ့”

“ရှင်နဲ့ကျွန်မက မိတ်ဆွေတွေလား”

“ဟုတ်တယ်လေ”

“အင်းလေ ... ထားပါတော့ မိတ်ဆွေတွေပေါ့၊ ကျွန်မ ဘယ်သူလဲဆိုတာ ရှင်သိလို့လား”

“သိသားပဲ၊ သရဲအရိပ်ဓားဒေဝီလီဝမ်ချိန်း”

“ရှင်က ကျွန်မကို သိုင်းသမားကောင်းလို့ သတ်မှတ်သလား၊ သိုင်းသမားဆိုးလို့ သတ်မှတ်သလား”

“အမှန်အတိုင်းပြောရရင် ခင်ဗျားရဲ့သိုင်းပညာနဲ့ စိတ်နေစိတ်ထားကို ကျွန်တော် သေသေချာချာ မသိသေးဘူး၊ ဒါပေမဲ့ ... ယန်စစ်ပိုင်ကို ဘာမှမလုပ်ဘဲ သွားခွင့်ပေးလိုက်တာကိုထောက်ရင် ခင်ဗျားဟာ ရန်လိုစိတ်မရှိဘူး၊ စိတ်ထားကောင်းတယ်လို့ ကျွန်တော် တွက်မိတယ်”

လီဝမ်ချိန်းက ဘာမျှပြန်မပြော။

ထူးခြားသော အပြုံးလေးသာ ပြုံးသည်။

✱ ✱ ✱

www.burmeseclassic.com

www.burmeseclassic.com



(၃)

ချန်မိုအောင်သည် လီဝမ်ချိန်း စိတ်အေးချမ်းသာစွာ အနားယူ အတွင်းအားလေ့ကျင့်နိုင်မည့် နေရာကောင်းတစ်ခုကို သေသေချာချာ ရှာဖွေပေးသည်။

ထိုနေရာသည် တောင်ခါးပန်းတစ်ခု၏ အလယ်ပိုင်းလောက်တွင် ဖြစ်သည်။ သစ်ဝါးများခုတ်ကာ ယာယီတဲအိမ်လေးတစ်လုံး ဆောက်သည်။ ယာယီတဲအိမ်ဟုဆိုသော်လည်း အတော်တော့ သေသပ်လှပသည်။

အဝေးမှကြည့်လျှင် မမြင်မတွေ့ရလေအောင် အနီးဝန်းကျင်ရှိ သစ်ပင်ချုံနွယ်များနှင့် ရောနှောကာ ပုံဖျက်ဆောက်လုပ်ထားခြင်းဖြစ်သည်။ ချန်မိုအောင်၏စိတ်ကူးကောင်းပုံကို လီဝမ်ချိန်းက သဘောကျကာ ချီးမွမ်းစကား တဖွဖွဆိုသည်။

ထိုတောင်ခါးပန်းမှ တောင်ကျစမ်းချောင်းလေးတစ်ခုလည်း ဖြတ်၍ စီးဆင်းနေလေရာ သောက်ရေသုံးရေတို့အတွက် ဘာမျှပူပန်



စရာ မရှိ။ တောင်ကမ်းပါးအမြင့်မှ အနီးပတ်ဝန်းကျင်တစ်ဝိုက်ကို ခပ်ဝေးဝေးအထိပင် လှမ်းမြင်နိုင်သည်။ အကယ်၍ လူတစ်စုံတစ်ယောက် ထိုနေရာသို့ လာနေသည်ဆိုပျှင် ကြိုတင်၍ တွေ့နိုင်မြင်နိုင်သည်။

ယာယီတဲအိမ်လေးတွင် အဖီလေးလည်း တွဲ၍ဆောက်ထားသည်။ ချန်မိုအောင် ထိုအဖီလေးထဲတွင် နေသည်။

လီဝမ်ချိန်းက တဲအိမ်ပေါ်တွင်နေသည်။

အစကတွင်တော့ ချန်မိုအောင်သည် ကလေးငယ်ကို သူနှင့်အတူ ခေါ်ထားသည်။ စားရေးသောက်ရေးအတွက် ချန်မိုအောင်ကပင် ကြံဆောင်ရှာဖွေပေးသည်။

ချန်မိုအောင် အမဲလိုက်ထွက်၊ အသီးအနှံ အရှာထွက်သောအခါများတွင် လီဝမ်ချိန်းက ကလေးငယ်ကို ထိန်းပေးထားသည်။

ကလေး၏ဗာဟီရကိစ္စများကိုလည်း လီဝမ်ချိန်းက ကူညီလုပ်ဆောင်ပေးသည်။ ရက်အနည်းငယ် ကြာပြီးသည့်နောက်တွင်မူ လီဝမ်ချိန်းက ကလေးငယ်ကို သူမနှင့်အတူ ခေါ်ထားသည်။

ကလေးကို သူမကိုယ်တိုင်ပင် ပြုစုစောင့်ရှောက်ပေးသည်။

ချန်မိုအောင်အတွက် ကလေးငယ်နှင့်ပတ်သက်၍ ဝန်ပေါ့သွားသည်ဟု ဆိုရပေမည်။



www.burmeseclassic.com

www.burmeseclassic.com



လီဝမ်ချိန်း ရရှိထားသည့်အတွင်းဒဏ်သည် ရက်အနည်းငယ်အတွင်းမှာပင် ပျောက်ကင်းသွားသည်။

သို့သော် သွေးလေလည်ပတ်မှုများ ရှုပ်ထွေးကာ အတွင်းအား စုစည်းမှု မှန်ကန်ကောင်းမွန်စွာ မလုပ်နိုင်ခြင်းကမူ တော်တော်နှင့် ပြန်ကောင်းမလာ။

အချိန်ယူကာ လေ့ကျင့်နေရသည်။

ချိန်မိုအောင်က လီဝမ်ချိန်းကို အတွင်းအား ဖြည့်သွင်းထောက်ကူလျက် ကူညီပေးရန် လုပ်ဆောင်ကြည့်သေးသည်။

သို့သော် လီဝမ်ချိန်း၏အတွင်းအားသည် အတော်ပင် ဆန်းကြယ်သည့်အတွက် ချန်မိုအောင်အနေဖြင့် ဘယ်လိုမျှ အားဖြည့်ထောက်ကူပေးခြင်း မလုပ်နိုင်။

လီဝမ်ချိန်း စိတ်အေးလက်အေးနှင့် အတွင်းအား လေ့ကျင့်မှုပြုနိုင်ရန်အတွက်သာ ကူညီပေးနေရသည်။

လီဝမ်ချိန်း၏အတွင်းအား လည်ပတ်လေ့ကျင့်မှုကလည်း သူ့အချိန်နှင့်သူ သေသေချာချာလုပ်ရသည်။

နံနက်စောစောအရုဏ်တက်တွင် တစ်ကြိမ်၊ နေ့လယ်ပိုင်း နေမွန်းတည့်ချိန်တွင် တစ်ကြိမ်၊ ညနေဘက် နေဝင်မိုးဖျိုးတွင် တစ်ကြိမ်၊ တစ်နေ့ သုံးကြိမ်သာ။ တစ်ကြိမ်လျှင် တစ်နာရီသာသာခန့်



လေ့ကျင့်ရသည်။ ချန်မိုအောင်သည် လီဝမ်ချိန်း အတွင်းအားလေ့ကျင့်သည့်အချိန်များတွင်သာ ကလေးငယ်ကို ကြည့်ရှုထိန်းပေးရသည်။

ထိုအချိန်များတွင် ကလေးငယ်သည် အိပ်ပျော်နေသည်ကများသောကြောင့် သိပ်အပန်းမကြီးလှပါ။

ဤသို့ဖြင့် နေ့တွေရက်တွေ တရွေ့ရွေ့ ကုန်ကုန်သွားသည်။

ချန်မိုအောင်နှင့်လီဝမ်ချိန်းတို့လည်း ပို၍ရင်းနှီးခင်မင်လာကြသည်။ ချန်မိုအောင်သည် လီဝမ်ချိန်းအပေါ် ရင်ခုန်ခံစားလာရသည်။

သံယောဇဉ်တွယ်တာကာ မေတ္တာရှိလာသည်။

သို့သော် ချန်မိုအောင်မှာ ချစ်မှုရေးရာကိစ္စရပ်များနှင့် တစ်ခါမျှ မတွေ့ကြုံဖူးသေး။

ထို့ပြင် ရုပ်ထဲရွာထဲမှာလို ဒီကိစ္စများနှင့် ပတ်သက်၍ နည်းပေးလမ်းပြလုပ်ကာ အကြံဉာဏ်ပေးမည့်သူများလည်း မရှိသောကြောင့် ဘယ်ကစ၍ ဘယ်လိုပြောရမည်မသိ။

ထို့ပြင် မိမိက စောင့်ရှောက်ကာကွယ်ကူညီပေးနေမှုကို အခွင့်ကောင်းယူကာ ချစ်စကားပြောသည်ဟု လီဝမ်ချိန်း ထင်သွားမည်ကိုလည်း ချန်မိုအောင်က စိုးရိမ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ရက်တွေကသာ ကြာညောင်းကာ လီဝမ်ချိန်း အပေါ်ရှိနေသည့် ချစ်မေတ္တာတို့သည်သာ ပိုရှဲကြီးလာခဲ့သည်။

ချန်မိုအောင်အနေဖြင့် မိမိရင်ထဲရှိခံစားချက်ကို လီဝမ်ချိန်း အား ဖွင့်ဟမပြောနိုင်ဘဲ တစ်ဖက်သတ်အချစ်မျိုးနှင့်သာ မျိုသိပ်နေ ရလေသည်။

မိမိအပေါ်တွင် ချန်မိုအောင် ဘယ်လိုသဘောထားမျိုးရှိ နေကြောင်းကို မိန်းကလေးတို့၏ပင်ကိုသဘာဝသိစိတ်ဖြင့် လီဝမ် ချိန်းက အကဲခတ်မိသည်။

သို့သော် သရဲအရိပ်ဓားသိုင်းတို့ အမွေဆက်ခံ သင်ယူထား ခဲ့သည့် လီဝမ်ချိန်းအနေဖြင့် လုပ်ဆောင်ရမည့်တာဝန်တွေ အများ ကြီး ရှိနေသည်။

အထူးသဖြင့် သရဲအရိပ်ဓားသိုင်း၏သော့ချက် ဓားကွက် သုံးကွက်ပါရှိသော ပင်လယ်အားမာန်မြေပုံကို အရပြန်ယူရန် စုံစမ်း လှုပ်ရှားလုပ်ဆောင်ရမည့်တာဝန်က အရေးအကြီးဆုံးဖြစ်သည်။

ထို့ကြောင့် အချစ်ရေး အချစ်ရာ အရှုပ်အထွေးများ ဖြစ်မ လာစေချင်။

ချန်မိုအောင်က မိမိတို့ အတိအလင်းဖွင့်ဟကာ ချစ်ခွင့်ပန် မလာပါစေနှင့်ဟူ၍ လီဝမ်ချိန်းက ဆုတောင်းနေမိလေသည်။



လီဝမ်ချိန်းသည် အသက် (၁၅) နှစ်အရွယ်တွင် သရဲအရိပ် ဓားသိုင်းကို အမွေဆက်ခံတတ်မြောက်ကာ သိုင်းလောကအတွင်း တစ်ကိုယ်တော် လှုပ်ရှားနေခဲ့သည်။

သူ့ရဲအရိပ်ဓားဒေဝီအဖြစ် ကျော်ကြားခဲ့သည်။

သံယောဇဉ်မရှိဘဲ ပြတ်ပြတ်သားသား လုပ်ဆောင်နိုင်ရန် အတွက် သရဲအရိပ်ဓားဒေဝီတို့သည် ချစ်သူမထား။ တစ်ကိုယ်တည်း အပျိုကြီးဘဝဖြင့်သာ နေသွားကြလေရှိသည်။

သရဲအရိပ်ဓားဒေဝီအဖြစ် အမွေဆက်ခံခဲ့သော လီဝမ်ချိန်း လည်း ထိုအစဉ်အလာအတိုင်း ချစ်ရေးကြိုက်ရေးတွင် စိတ်မဝင်စား။

မိမိလုပ်ဆောင်ရမည့် တာဝန်များတွင်သာ စိတ်ရော ကိုယ် ပါ စူးနစ်လုပ်ဆောင်ခဲ့သည်။

ဤတွင် မမျှော်လင့်ဘဲနှင့် ချန်မိုအောင်တို့ တွေ့ဆုံခဲ့သည်။

သာမန်အားဖြင့်ဆိုလျှင် လီဝမ်ချိန်းသည် ယောကျ်ားသား များနှင့် အကြောင်းမရှိဘဲ စကားပြောဆိုခြင်းမပြု။ အထူးသဖြင့် သက်တူရွယ်တူ ယောကျ်ားပျိုများနှင့် စကားပြောလေ့ပင်မရှိ။

ချန်မိုအောင်ကို တွေ့ရသောအခါတွင်မူ ကလေးတစ် ယောက်နှင့် ကိုးရိုးကားရားဆိုသလို ဖြစ်နေမှုကြောင့် ရယ်ချင်စိတ် ပေါ်ကာ ရယ်မောမိသည်။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ရွှင်ပျသလိုရှိလာကာ ရယ်ရယ်မောမော စကားဆိုချင်သည်။ ခင်မင်သလိုလည်း ဖြစ်ခဲ့သည်။

ထို့နောက် သိုင်းပညာယှဉ်ပြိုင်ရန် ပစ်စာပေးစိန်ခေါ်လာမှုတို့ မခံချင်စိတ်ဖြင့် သွားခဲ့ရာမှ ထူးခြားသော အခြေအနေအကြောင်းအရာများကြောင့် သွေးလေလှုပ်ရှားမှုမမှန်ကန်ဘဲ အတွင်းအား ရှုပ်ထွေးကုန်သည့်အဖြစ် ကြုံတွေ့ခဲ့ရသည်။

အနားယူ အတွင်းအားလေ့ကျင့်ရန် မလုပ်မဖြစ် လိုအပ်ခဲ့ရာ ချန်မိုအောင်၏ကူညီစောင့်ရှောက်ပေးမှုဖြင့် စိတ်အေးလက်အေး လုပ်ဆောင်နိုင်ခဲ့သည်။

အချစ်ရေးတွင် စိတ်မဝင်စားအောင် ထိန်းသိမ်းနေနိုင်ခဲ့သော်လည်း လူ့သဘောသဘာဝအရ ချန်မိုအောင်တို့ ခင်မင်ခဲ့သည်။

ချန်မိုအောင်သည် စိတ်ထားဖြောင့်မတ်ကောင်းမွန်ကာ သူမအပေါ်တွင်လည်း အထူးအလေးတယူ ဂရုတစိုက် ရှိခဲ့သည် မဟုတ်ပါလား။

ထိုသို့ ခင်မင်မိသောကြောင့် ချန်မိုအောင် စိတ်ထိခိုက် နာကျင်ရမှုမျိုးကို လီဝမ်ချိန်း မဖြစ်စေချင်ပါ။

ချန်မိုအောင်က ချစ်ခွင့်ပန်လာလျှင် လီဝမ်ချိန်းအနေဖြင့် ဘယ်လိုမှ ချစ်တုံ့ပြန်နိုင်မည်မဟုတ်။



ငြင်းပယ်စကားသာ အပြတ်ပြောရပေလိမ့်မည်။

အငြင်းပယ်ခံရမှုကြောင့် ချန်မိုအောင်တစ်ယောက် စိတ်ထိခိုက်နာကျင်သွားပေလိမ့်မည်။

ထို့ကြောင့် ချန်မိုအောင်က သူ့ရင်ထဲတွင် ရှိနေသည့် ချစ်မေတ္တာကို ဖွင့်ဟမပြောဆိုဘဲ ဒီအတိုင်း ဆက်လက်မျိုသိပ်ထားနိုင်ပါစေဟုသာ လီဝမ်ချိန်း ဆုတောင်းနေရလေတော့သည်။

*

သုံးလကျော်ကျော်လောက် အနားယူအတွင်းအားလေ့ကျင့်ပြီးသောအခါ လီဝမ်ချိန်း၏ခန္ဓာကိုယ်အတွင်း သွေးလေလည်ပတ်မှု ပုံမှန်ပြန်ဖြစ်လာသည်။

အတွင်းအားများကိုလည်း စုစည်းအသုံးချနိုင်လာသည်။

အစစအရာရာ ကောင်းမွန်သွားပြီမို့ လီဝမ်ချိန်း ခရီးဆက်ရပေမည်။ ချန်မိုအောင်လည်း ထိုနည်းတူပင်။

ခွဲခွာကြရတော့မည့်အချိန်ရောက်လာတော့ နှစ်ယောက်စလုံးပင် ဝမ်းနည်းကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုသို့ဝမ်းနည်းရမှုကိုတော့ တက်နိုင်သမျှ ထိန်းသိမ်းလျှို့ဝှက်ထားကြသည်။

ချန်မိုအောင်က မိမိအပေါ် နှစ်နှစ်ကာကာမေတ္တာရှိနေကြောင်းကို အကဲခတ်ရိပ်မိနေသော လီဝမ်ချိန်းသည် ချန်မိုအောင်အား သိုဝှက်ထားသော ဝမ်းနည်းကြေကွဲမှုကို ရိပ်စားမိသည်။

ချန်မိုအောင်ကတော့ လီဝမ်ချိန်း၏ရင်ထဲမှ ဝမ်းနည်းစိတ်ကို အကဲမခတ်တတ်။ မသိ။

"ကျွန်မကို ကူညီပေးခဲ့တာတွေအတွက် အများကြီး ကျေးဇူးတင်ပါတယ် ချန်မိုအောင်"

"ရပါတယ်ဗျာ၊ ခင်ဗျားဟာ ကျွန်တော့်ရဲ့ပထမဆုံး ... ဟို ... အဲ ... ခင်မင်ရတဲ့ မိန်းကလေးမိတ်ဆွေပဲ၊ ခင်ဗျားအတွက် အကူအညီပေးရမှာပေါ့"

"ဒီကလေးကို ကျွန်မ ခေါ်သွားမယ်၊ ထည့်လိုက်နိုင်မယ် မဟုတ်လား"

"ဟို ... ဘာလုပ်ဖို့ ခေါ်သွားမှာလဲ"

"ကျွန်မ မွေးစားမလို့ပေါ့"

"ဖြစ်ပါ့မလား"

"ဘာကြောင့် မဖြစ်ရမှာလဲ"



"ခင်ဗျားက သိုင်းလောကမှာ ကျင်လည်လှုပ်ရှားသွားလာနေတာ မဟုတ်လား၊ ကလေးတစ်ဖက်နဲ့ဆိုတော့"

"ကျွန်မမှာ စိတ်ချရတဲ့ လူယုံမိတ်ဆွေတွေ ရှိပါတယ်၊ သူတို့ကို ကျွေးမွေးပြုစုခိုင်းထားမှာပေါ့၊ ကြီးလာမှ ကျွန်မနဲ့ အတူတူ ခေါ်သွားမယ်၊ သူ့ကို သိုင်းပညာလည်း သင်ပေးမယ်၊ ဒါဆို ကျွန်မအတွက် မျိုးဆက်အမွေခံတစ်ယောက် အလိုလိုရသွားရော"

ကလေးငယ်ကို ခေါ်ယူသွား၍ မွေးစားမည်ဆိုရာ၌ သိုင်းပညာအမွေကို ဆက်ခံရန် မျိုးဆက်တပည့်မ ရရှိဖို့ထက် ချန်မိုအောင်အပေါ် ခင်မင်စေတနာထားမှုက ပို၍များပေသည်။

သရဲအရိပ်မားသိုင်းကို အမွေဆက်ခံရန် တပည့်အဖြစ် အသက်သယ့်နှစ်နှစ်အရွယ် မိန်းကလေးကိုသာ ရွေးချယ်၍ သိုင်းပညာ သင်ပေးသော အစဉ်အလာရှိသည်။

ထိုမိန်းကလေးအနေဖြင့် သရဲအရိပ် မားသိုင်းပညာ အမွေဆက်ခံသင်ကြားရန် ကာယ,ဉာဏနှစ်မျိုးနှစ်ဂတွင် သင့်တင့်ပြည့်စုံခြင်း ရှိ,မရှိလည်း သေသေချာချာ ရွေးချယ်ဝိစစ်ရလေသည်။

လူမမည် ကလေးငယ်တစ်ယောက်ကို သိုင်းပညာ အမွေပေးရန် မွေးစားမှုကို သရဲအရိပ်ဒေဝီ အစဉ်အဆက်တွင် မည်သူမျှ မလုပ်ခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com



လီဝမ်ချိန်းက မွေးစား၍ ဤကလေးငယ် ဆယ့်နှစ်နှစ်သမီး အရွယ်ရောက်လာသည့်တိုင် သရဲအရိပ်မားသိုင်းပညာ လေ့ကျင့်သင်ကြားပေးရေးမှာ မသေချာပါ။

လိုအပ်သည့် အနေအထား၊ အရည်အချင်း ပြီးပြည့်စုံမှသာ ဖြစ်နိုင်ပေသည်။ လီဝမ်ချိန်းသည် နေရာအတည်ကကျမရှိ။

တစ်ကိုယ်တော်အဖြစ် သိုင်းလောကတစ်ခွင် သွားလာလှုပ်ရှားနေလေရာ ကလေးငယ်တစ်ယောက်ကို မွေးစား၍ ပြုစုစောင့်ရှောက်ဖို့ လုံးဝမသင့်လျော်ပါ။

မိမိတွင် လူယုံမိတ်ဆွေများရှိသည်ဆိုသည်ကလည်း ပရိယာယ်နှင့် ပြောခဲ့ခြင်းသာ ဖြစ်သည်။

ကလေးငယ်ကို ကြည့်ရှုစောင့်ရှောက်ပေးနိုင်မည့်လူကို ရှာဖွေအပ်နှံရဦးမည် ဖြစ်သည်။

"ဒီလိုဆိုရင်တော့ ဒီကလေး နောင်ရေးအတွက်လည်း ကောင်းသွားတာပေါ့။ ကျွန်တော်ထင်သလောက်တော့ ဒီကလေးဟာ ဉာဏ်ကောင်းပြီး ထက်မြက်ပါလိမ့်မယ်"

ချန်မိုအောင်က ပြောသည်။

လီဝမ်ချိန်းနှင့် ခွဲခွာရတော့မည်မို့ စိတ်ထဲတွင် ဝမ်းနည်းနေသော်လည်း ကလေးငယ်ကို မွေးစားမည့်သူ ရှိသွားသည့်အတွက်



တော့ စိတ်အေးသွားမိလေသည်။ ထို့နောက် နှစ်ယောက်သား လမ်းခွဲခရီးဆက်ကြရန် ထုပ်ပိုးပြင်ဆင်ကြသည်။

ယာယီတဲအိမ်လေးမှ ထွက်ခွာသွားကြတော့မည့်အချိန်တွင် ချန်မိုအောင်က လီဝမ်ချိန်းကို မြက်စိမ်းပန်းတစ်ပွင့် လက်ကမ်းပေးသည်။

ဤနေရာလေးသို့ရောက်စက ချန်မိုအောင်သည် ဘာရယ်ညာရယ်မဟုတ်ဘဲ မြက်စိမ်းပန်းတစ်ပွင့်ကိုခူး၍ လက်ထဲတွင် ကိုင်ကြည့်နေခဲ့ရာ လီဝမ်ချိန်းက ပန်းကလေး လှသည်ဟုဆိုရာ နောက်ပြောင်သလိုလိုနှင့် လက်ဆောင်ပေးခဲ့သည်။

လီဝမ်ချိန်းကလည်း တုံ့ပြန်ကျီစယ်သည့်သဘောဖြင့် မြက်စိမ်းပန်းလေး၏ရိုးတံကို ကွင်းငယ်လေးဖြစ်အောင် ရစ်ပတ်ခွေလိပ်လျက် ခေါင်းတွင် ပန်ခဲ့သည်။

အမှတ်မထင်သော ထိုအဖြစ်လေးသည် ချန်မိုအောင်စိတ်ကို အထူးပင် ကြည်နူးသွားစေခဲ့သည်။

ထိုနေ့မှစ၍ နောက်ရက်များတွင်လည်း နေ့စဉ်ပင် ချန်မိုအောင်က မြက်စိမ်းပန်းတစ်ပွင့်ခူးကာ လီဝမ်ချိန်းအား လက်ဆောင်ပေးနေခဲ့သည်။

အစပိုင်းတွင် လီဝမ်ချိန်းသည် အပျော်သဘောမျိုး ဆိုသည့်

www.burmeseclassic.com

www.burmeseclassic.com



အနေဖြင့် ချန်မိုအောင် လက်ဆောင်ပေးသော မြက်စိမ်းပန်းကို ရိုးတံလိပ်ခွေကာ ပန်ဆင်နေခဲ့သည်။

မြက်စိမ်းပန်းဆိုသည်မှာ နေရာအနှံ့တွင် အလွန်ပေါများလှသော ပန်းဖြစ်လေရာ မည်သည့်သူကမျှ အရေးတယူမထားကြ။

ထို့ကြောင့် ချန်မိုအောင်က နောက်ပြောင်လာသည်ဟု ယူဆကာ လီဝမ်ချိန်းကလည်း ပြန်လည်၍ ကလူကျီစယ်ခဲ့ခြင်းသာ ဖြစ်သည်။

သို့သော် သုံးလေးရက်လောက် အကြာတွင်တော့ ချန်မိုအောင်က တကယ်ပင် အရေးတယူထားကာ လုပ်နေကြောင်း လီဝမ်ချိန်း ရိပ်မိလာသည်။

မြက်စိမ်းပန်းကို လက်ခံခြင်းမှာ ဘာမျှပြောပလောက်သည် မဟုတ်သောကြောင့် လီဝမ်ချိန်းက အလိုက်သင့်ပင် လက်ခံနေခဲ့လေသည်။

ဒီနေ့ နောက်ဆုံး ခွဲခွာကြတော့မည့်အချိန်တွင် ချန်မိုအောင်ပေးသည့် မြက်စိမ်းပန်းကို လက်ခံရသည့်အခါတွင်တော့ လီဝမ်ချိန်း၏စိတ်ထဲ တစ်မျိုးကြီး ခံစားရသည်။

ခါတိုင်းလိုပင် မြက်စိမ်းပန်း၏ရိုးတံကို အဝိုင်းငယ်လေးဖြစ်အောင် ရစ်ခွေလျက် ဆံပင်တွင် ပန်သည်။



သေသေသပ်သပ်နှင့် လှလှပပဖြစ်အောင် ဂရုစိုက်ကာ လုပ်မိသည်။ မျက်စိအကြည့်လွှဲထားသော်လည်း ချန်မိုအောင်က မိမိကို ရွှန်းရွှန်းစားစားကြည့်နေမည်ကို လီဝမ်ချိန်း သိနေသည်။

ချန်မိုအောင်၏အကြည့်တွင် မြတ်နိုးတန်ဖိုးထားမှုများ ပြည့်လျှမ်းနေလိမ့်မည်ကိုလည်း နားလည်သည်။

လီဝမ်ချိန်း၏ရင်သည် မဖြစ်စဖူး ငြိမ့်ခနဲ လှုပ်ခါသည်။

အရည်လဲ့နေသော မျက်ဝန်းများဖြင့် ချန်မိုအောင်ကိုကြည့်မိတော့မလိုပင် ဖြစ်သည်။

ကြည့်မှား ကြည့်မိလျှင်တော့ ထိုမျက်ဝန်းများထဲတွင် ချစ်ခြင်းအဓိပ္ပာယ်တို့လည်း ပါသွားစေလိမ့်မည်။

သို့ရာတွင် လီဝမ်ချိန်းသည် လွှတ်သွားတော့မလိုဖြစ်သော စိတ်ကို ထိန်းမိသည်။

မမျှော်လင့်ဘဲ ရုတ်တရက်ပေါ်လာသော ခံစားလှုပ်ရှားမှုတို့ အချိန်မီ ချုပ်ထိန်းဖျောက်ဖျက်နိုင်သည်။

ခါတိုင်းလိုပင် ဘာမျှမထူးခြားသော ပုံမှန်အသွင်ဖြင့် မြက်စိမ်းပန်းကို အဆင်ပြေစွာ ပန်သည်။

အမှတ်တရပစ္စည်းတစ်ခုခုပေးလိုက်လျှင် ကောင်းမည်လားဟု စဉ်းစားမိသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပေးလိုက်လျှင် ချန်မိုအောင်ကို ရစ်ပတ်နှောင်ဖွဲ့သလို ဖြစ်မည်ဟု တွေးမိသောကြောင့် ပေါ်လာသော စိတ်ကူးကို ချက်ချင်းပင် ဖျက်ပစ်သည်။

"ကဲ ... သွားမယ်နော်"

လီဝမ်ချိန်းက အမြန်ပင် နှုတ်ဆက်စကားဆိုသည်။

ချန်မိုအောင်ကလည်း လီဝမ်ချိန်းကို အမှတ်တရ လက်ဆောင်တစ်ခုပေးရန် ကြံရွယ်စီစဉ်ထားသည်။

လီဝမ်ချိန်းအပေါ်တွင် အချစ်ကြီး ချစ်နေမိသည့်စိတ်ကြောင့် မိမိကိုယ်မိမိ လိပ်ပြာမလုံသလိုဖြစ်ကာ အမှတ်တရလက်ဆောင်ပေးရန် စကားစဖို့ ခက်နေသည်။

အကယ်၍ လီဝမ်ချိန်းကသာ အမှတ်တရလက်ဆောင်ပေးလျှင် ချန်မိုအောင်ကလည်း အဆင်ပြေစွာ လက်ဆောင်ပြန်ပေးနိုင်သည်။ ထိုသို့ အပြန်အလှန် အမှတ်တရလက်ဆောင်များ ပေးကြခြင်းဖြင့် သူတို့၏အချစ်တွေ ပွင့်လင်းလာကောင်း ပွင့်လင်းလာနိုင်သည်။

ယခုမူ လီဝမ်ချိန်းက အမြန်နှုတ်ဆက်စကားဆိုကာ ထွက်သွားလေသောကြောင့် ချန်မိုအောင်မှာ အမှတ်တရပစ္စည်းလက်ဆောင်ပေးရန် စကားပင် မဆိုနိုင်တော့ပေ။



သူ့အတွက် အချစ်ဇာတ်လမ်းမှာလည်း မစမီကပင် ပြည်ဖုံးကားချကာ အဆုံးသတ်သွားရလေပြီ။

"ဟင်း"

ချန်မိုအောင် သက်ပြင်းခပ်လေးလေးချမိသည်။

လျှောက်လှမ်းထွက်သွားသော လီဝမ်ချိန်းကိုလည်း ဆွေးမြည့်မြည့်ပင် ငေးမောကြည့်နေမိသည်။

ခြေလှမ်းငါးလှမ်းမျှ လျှောက်လှမ်းသွားပြီးနောက် လီဝမ်ချိန်း နောက်သို့ ချာခနဲ ပြန်လှည့်သည်။

ငေးမောကြည့်နေသော ချန်မိုအောင်မှာ အတော့်ကို အနေရခက်သွားသည်။ မိမိ ရိုင်းများသွားပြီလားဟုလည်း တွေးပူမိသည်။

"ဩော် ... မေ့သွားတော့မလို့၊ ဒီကလေးကို ဘယ်လိုနာမည်ပေးမှာလဲ"

လီဝမ်ချိန်းက လှမ်းမေးသည်။

"ဟို ... အဲ ... ဝမ် ... ဝမ်"

ချန်မိုအောင်သည် ကလေးငယ်ကို 'ဝမ်ချိန်း' ဟု အမည်ပေးရန် စိတ်ကူးထားသည်မှာ လီဝမ်ချိန်းအပေါ် နှစ်နှစ်ကာကာစတင်ချစ်မိခဲ့သည့် အချိန်ကပင်ဖြစ်သည်။

လီဝမ်ချိန်းကို အသိပေးရန်မှာမူ စိတ်မရဲ ရှက်သလိုဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ရှိနေသည့်အပြင် လီဝမ်ချိန်းက ကြိုက်မှကြိုက်ပါ့မလားဟု တွေးကာ နောက်တွန့်နေခဲ့သည်။

ယခုလည်း မိမိစိတ်ကူးထားသော အမည်ကို မပြောဝံ့ဝံ့ ပြောဝံ့ဝံ့နှင့် အထစ်ထစ်အငေါ့ငေါ့ဖြစ်နေသည်။

"ဝမ် ... ဟုတ်တယ်၊ ပြီးတော့ ဝင်းအေး ... ဝမ်ဝင်းအေးလို့ မှည့်မယ်"

ချန်မိုအောင် အထစ်ထစ်အငေါ့ငေါ့ဖြစ်နေရာ လီဝမ်ချိန်းက ခပ်သွက်သွက် ဆက်ပြောသည်။

ပြောပြီးနောက် ရှေ့သို့ပြန်လှည့်ကာ ဆက်လက်လျှောက် လှမ်းထွက်သွားလေသည်။

*

လီဝမ်ချိန်းနှင့်ခွဲခွာလျက် ခရီးဆက်ခဲ့ရသော ချန်မိုအောင် မှာ ရင်ထဲတွင် ဟာတာတာနှင့်ဖြစ်နေသည်။

မြက်စိမ်းပန်းများကို တွေ့မြင်နေရမှုကလည်း လီဝမ်ချိန်းကို အမှတ်ရစရာအကြောင်းတစ်ခု ဖန်တီးနေသည်။



မြက်စိမ်းပန်းများက နေရာအနှံ့ဆိုသလို ရှိနေလေရာ အမြဲ တမ်းဆိုသလိုပင် တွေ့နေမြင်နေရသည်။

လီဝမ်ချိန်းကို သတိရစိတ်တို့သည်လည်း ပို၍သာ ပြင်းပြ လာသည်။ ချန်မိုအောင်သည် ခရီးလှည့်လည်မှု သိပ်မလုပ်တော့။

ခွန်လွန်တောင်သို့သာ ဦးတည်ပြန်လာခဲ့လေသည်။

လီဝမ်ချိန်းနှင့် ခွဲခွာခဲ့ကြပြီးနောက် တစ်လခန့်အကြာတွင် ခွန်လွန်တောင်သို့ ချန်မိုအောင် ပြန်ရောက်လာသည်။

ခွန်လွန်ဂိုဏ်းချုပ်ကြီးကိုယ်တိုင် လက်ရင်းတပည့် (၁၁) ယောက် ခြံရံလျက် ချန်မိုအောင်ကို ကြိုဆိုသည်။

"ငါ့တပည့် ပြန်လာပြီကိုး၊ ဆရာတော်ဆီသွားတာ အကျိုး တော်တော်ရလာတယ် မဟုတ်လား"

ချန်မိုအောင်၏ဂါရဝပြု အရိုအသေပေး နှုတ်ဆက်ခြင်းကို ခံယူပြီးနောက် ခွန်လွန်ဂိုဏ်းချုပ်ကြီးက မေးသည်။

"အများကြီး အကျိုးရှိပါတယ် ဆရာ၊ နေလအတွင်းအားရဲ့ အပူအအေး စွမ်းအင်နှစ်မျိုးကို အကျိုးရှိရှိ အဆင်ပြေပြေ ပေါင်းစည်း သုံးစွဲတတ်လာခဲ့ပါတယ်"

"အေး ... ကောင်းတယ်၊ ကောင်းတယ်၊ ငါ့တပည့် တိုး တက်ရရှိလာတဲ့ သိုင်းပညာစွမ်းရည်ကို မနက်ဖြန်ကျမှပဲ သေချာ

www.burmeseclassic.com

www.burmeseclassic.com



ချာ စစ်ဆေးကြည့်ရမယ်၊ တပည့်လည်း ခရီးပန်းလာတာမို့ ဒီနေ့တော့ အေးအေးသက်သာ အနားယူပေတော့"

"ဆရာ့ကို ကျေးဇူးတင်ပါတယ်"

ချန်မိုအောင်သည် ခွန်လွန်ဂိုဏ်းချုပ်ကြီးကို အရိုအသေပေးပြီးနောက် မိမိနေထိုင်ရာအခန်းသို့ သွားလေသည်။

ခရီးဝေးထွက်ခွာသည်မှာ အချိန်ကာလ အတန်ကြာမြင့်သော်လည်း သူ့မရှိခိုက် အခန်းကို နေ့စဉ်သန့်ရှင်း၊ လှည်းကျင်းထားသောကြောင့် အခန်းသည် ချန်မိုအောင် ခွန်လွန်တောင်မှ ထွက်ခွာသွားခဲ့သည့်နေ့ကအတိုင်း သန့်သန့်ရှင်းရှင်း ရှိနေသည်။

ချန်မိုအောင်သည် အဝတ်အစားလဲ ကိုယ်လက်သန့်စင်ကာ အိပ်ရာထဲ အသာပင် လဲလျောင်းသည်။

အစကတော့ ခေတ္တခဏ လဲလျောင်းနားနေရန်သာ စိတ်ကူးသည်။ မိမိ၏အခန်းထဲသို့ ပြန်ရောက်မှုကြောင့် စိတ်ဖြေလျှော့ထားသည့် သဘောကြောင့်လားတော့ မပြောတတ် မျက်လုံးများမှေးကာ မျက်ခွံတို့ အလိုလိုပိတ်လျက် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့သည်။

လီဝမ်ချိန်းကိုတော့ အိပ်မက်မြင်မက်မိလေသည်။

✱



နောက်တစ်နေ့ညနေပိုင်းတွင် ချန်မိုအောင်၏သိုင်းပညာစွမ်းရည် စစ်ဆေးစမ်းသပ်မှု ပြုလုပ်သည်။

ခွန်လွန်ဂိုဏ်း၏သိုင်းပညာစွမ်းရည် စစ်ဆေးမှုအစဉ်အလာအတိုင်း ချန်မိုအောင်သည် ဂိုဏ်းချုပ်ကြီးကိုယ်တိုင် ရွေးချယ်ပေးသည့် ခွန်လွန်ဂိုဏ်းသား ဝါရင့်သိုင်းသမားသုံးယောက်နှင့် သိုင်းပညာယှဉ်ပြိုင်ရမည်ဖြစ်သည်။

ထိုသိုင်းပညာယှဉ်ပြိုင်ပွဲ၏ယှဉ်ပြိုင်ပုံနည်းလမ်းကလည်း တစ်မူဆန်းသည်။ ပထမပွဲတွင် သိုင်းကွက်သုံးကွက်ယှဉ်ပြိုင်ရသည်။

ဒုတိယပွဲတွင်မူ သိုင်းကွက်နှစ်ကွက်သာ ယှဉ်ပြိုင်ရသည်။

တတိယပွဲတွင်တော့ သိုင်းကွက်တစ်ကွက်တည်းသာ ယှဉ်ပြိုင်ရလေတော့သည်။

အနိုင်အရှုံးသတ်မှတ်ချက်ကလည်း ပြတ်ပြတ်သားသားမရှိ။ အစစ်ဆေးခံရသူ၏သိုင်းကွက်သိုင်းဟန် အလှုပ်အရှားတို့အပေါ်တွင် ဂိုဏ်းချုပ်ကြီးက ဆုံးဖြတ်ကာ ထိုက်သင့်သော ချီးမြှင့်ဂုဏ်ပြုမှုလုပ်သည်။

သိုင်းပညာစွမ်းရည်စစ်ဆေးမှုတွင် ချန်မိုအောင်နှင့် ယှဉ်ပြိုင်ရန် အရွေးချယ်ခံထားရသူများမှာ ခွန်လွန်ဂိုဏ်းချုပ် ပထမ

www.burmeseclassic.com

www.burmeseclassic.com



တပည့်ကြီး လုကွမ်းချောင်း၊ တတိယတပည့် ထိုက်ယူဖုန်းနှင့် ခွန်လွန်နဂါးမားသမား (၄) မောက်အေဒွတို့ဖြစ်ကြသည်။

သုံးယောက်လုံးသည် ခွန်လွန်ဂိုဏ်း၏လက်ရွေးစင်သိုင်းသမားတွေချည်း ဖြစ်ကြသည်။

သိုင်းပညာယှဉ်ပြိုင်ပွဲကို ခွန်လွန်ဂိုဏ်း ပင်မသိုင်းလေ့ကျင့်ခန်းမ ရင်ပြင်ကျယ်တွင် ပြုလုပ်သည်။

ဂိုဏ်းချုပ်မှအစ လက်သင်သိုင်းသမား တပည့်ငယ်လေးများအဆုံး ကင်းစောင့်တာဝန်ကျသူနှင့် ခရီးဝေးသွားနေကြသူများမှလွဲ၍ တက်ရောက်ကြည့်ရှုကြသည်။

ခွန်လွန်ဂိုဏ်း၏ဂိုဏ်းဝင် သိုင်းသမားအားလုံးနီးပါး ရောက်ရှိကြသည်ဟုပင် ဆိုနိုင်သည်။

ပထမယှဉ်ပြိုင်ပွဲအဖြစ် ချန်မိုအောင်နှင့် ယှဉ်ပြိုင်မည့်သူမှာ ခွန်လွန်ဂိုဏ်းချုပ်၏ပထမတပည့်ကြီး လုကွမ်းချောင်း ဖြစ်သည်။

ချန်မိုအောင်၏တစ်ဆရာတည်းတပည့် သိုင်းပညာအတူသင်ဖက် အစ်ကိုအကြီးဆုံးလည်း ဖြစ်ပေသည်။

ဂိုဏ်းဝင်အချင်းချင်း သိုင်းပညာစွမ်းရည် စစ်ဆေးသည့်ပွဲသာ ဖြစ်သောကြောင့် ယှဉ်ပြိုင်ရန် စင်မြင့်တွေ ဘာတွေ ပြုလုပ်မထားပါ။



သိုင်းလေ့ကျင့်ရေးခန်းမရင်ပြင်ကျယ် အလယ်ပိုင်းတွင် ယှဉ်ပြိုင်ကြပြီး ကျန်ဂိုဏ်းသားများက သိုင်းယှဉ်ပြိုင်နိုင်ရန် နေရာချန်ထားလျက် ဘေးပတ်ပတ်လည်မှ အဆင်ပြေသလို ဝိုင်း၍ကြည့်ကြသည်။ ဂိုဏ်းချုပ်ကြီးအတွက်သာ ထိုင်ခုံမြင့်တစ်လုံးရှိသည်။

ချန်မိုအောင်နှင့် လုကွမ်းချောင်းတို့နှစ်ယောက် တစ်ယောက်နှင့်တစ်ယောက် လက်တစ်ကမ်းသာသာလောက်ခွာ၍ မျက်နှာချင်းဆိုင် ရပ်နေကြသည်။

"အစ်ကိုကြီး ... ကျွန်တော့်ကို ကြည့်သွန်သင်ပေးပါ"

ချန်မိုအောင်က သိုင်းအတူသင်ဘက်၊ တစ်ဆရာတည်းတပည့်သွေးသောက် ဤအစ်ကိုကြီးကို အရိုအသေပေးပါရစေပြု၍ ပြောသည်။

"အေး ... မင်း ဘယ်လောက် သိုင်းပညာစွမ်းရည် တိုးတက်လာတယ်ဆိုတာ ဆရာနဲ့ညီနောင်တွေ မြင်သိရအောင် စမ်းကြည့်ရတာပေါ့၊ စပြီ ... အကွက်ကြည့်"

လုကွမ်းချောင်းက အချက်ပေးပြီး စတင် သိုင်းကွက်နင်းလှုပ်ရှားသည်။ ခွန်လွန်ဂိုဏ်း၏နာမည်ကျော် လေလှိုင်းလက်ဝါးသိုင်းနှင့် ပွဲဦးထွက် သိုင်းကွက်ဆင့်ကာ ချန်မိုအောင်ကို ဘယ်ညာလက်ဝါးဖုံဖြင့် လှမ်းရိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လေလှိုင်းလက်ဝါးသိုင်းသည် လျှင်မြန်သွက်လက်မှုအခြေခံသော သိုင်းပညာ အမျိုးအစားဖြစ်သော်လည်း လုကွမ်းချောင်းသည် ဖြည်းဖြည်းသာ လှုပ်ရှားသည်။

လေလှိုင်းလက်ဝါးသိုင်းဟန်လှုပ်ရှားမှု (၃၆) ဆင့်ကို တစ်ဆင့်ပြီးတစ်ဆင့် ဖြည်းညင်းနှေးကွေးစွာ ပြုလုပ်သည်။

ယှဉ်ပြိုင်ဘက် ချန်မိုအောင်သာမက ဘေးမှကြည့်နေကြသူအားလုံးအနေဖြင့် လုကွမ်းချောင်း၏လေလှိုင်းလက်ဝါးသိုင်းလှုပ်ရှားဟန်များကို အသေးစိတ်ပင် သေသေချာချာမြင်ရသည်။

ချန်မိုအောင်သည် မလှုပ်မယှက် ရပ်နေလျက် လုကွမ်းချောင်း၏သိုင်းဟန်လှုပ်ရှားမှုများကို မမှိတ်မသုန်ပင် ကြည့်နေသည်။

လေလှိုင်းလက်ဝါးသိုင်း၏သိုင်းဟန်လှုပ်ရှားမှုအဆင့် (၃၄) ဆင့် ပြုလုပ်ပြီးချိန်တွင် လုကွမ်းချောင်းက ရပ်တန့်လိုက်သည်။

သူ၏ညာလက်ဝါးသည် ချန်မိုအောင်၏ရင်ဘက်ရှေ့တည့်တည့် လက်မဝက်ခန့်အကွာတွင် ဖြန့်လျက်သား ရှိနေသည်။

ဘယ်လက်ဝါးကတော့ ညာလက်ဝါးနောက်ဘက် ယောင်ယောင်လေးအကွာတွင် ရပ်တန့်နေသည်။ အဆင့် (၃၆) ဆင့်လုံး အပြည့်လှုပ်ရှားလျှင် လုကွမ်းချောင်း ၏ဘယ်ညာလက်ဝါးအစုံသည် ချန်မိုအောင်ကို ထိမိသွားဖို့ရှိသည်။



"ကိုင်း ... မင်းအလှည့်"

လုကွမ်းချောင်းသည် သိုင်းကွက်ကို ရုပ်သိမ်းကာ နောက်သို့ ခြေလှမ်းဆုတ်ပြီး ပြောသည်။

"ပြစ်မှားမိရင် ခွင့်လွှတ်ပါ အစ်ကိုကြီး"

ချန်မိုအောင်က ဂါရဝပြုကာ ပြန်ပြောသည်။

ထို့နောက် လေပြေလက်ဝါးသိုင်း၏သိုင်းကွက်သိုင်းဟန်များကို ထုတ်ဖော်သည်။ လုကွမ်းချောင်းနည်းတူပင် ဖြည်းဖြည်းသာသာ လှုပ်ရှားမှုပြုသည်။

လေလှိုင်းလက်ဝါးသိုင်းသည် အမာခံသိုင်းပညာဟု ဆိုနိုင်သည်။ အားအင်ပြင်းထန်သော လက်ဝါးရိုက်ချက်များကို အဓိကအခြေခံသည်။ တိုက်စစ်ကို အလေးပေးသည်။

ချန်မိုအောင် ထုတ်သုံးသော လေပြည်လက်ဝါးသိုင်းကမူ ပျော့ပျောင်းမှုကို အားပြုသည်။ သွက်လက်စွာ လှုပ်ရှားနေရာပြောင်းသည်။

တိုက်စစ်သဘောထက် ခံစစ်သဘောက ပို၍များသည်။ ခပ်ဖြည်းဖြည်း နွေးနွေးလှုပ်ရှားသောအခါ လုကွမ်းချောင်း၏လေလှိုင်းလက်ဝါးသိုင်းဟန်များထက် ချန်မိုအောင်၏လေပြည်လက်ဝါးသိုင်း

www.burmeseclassic.com

www.burmeseclassic.com



ဟန်များက ပိုဆီလျော်အဆင်ပြေသလိုရှိရာ အကွက်ကျသည်။ ကြည့်၍ကောင်းသည်။ လေပြည်လက်ဝါး သိုင်းဟန်လှုပ်ရှားမှုအဆင့်လည်း သိပ်မများ။ (၁၂) ဆင့်သာရှိသည်။

ချန်မိုအောင်က ထိုသိုင်းဟန်လှုပ်ရှားမှု (၁၂) ဆင့်ကို တစ်မူကွဲပြားသော နည်းပရိယာယ် အပြောင်းအလဲသုံးမျိုးဖြင့် ဆင့်ပွားလှုပ်ရှားလိုက်ရာ သိုင်းဟန်လှုပ်ရှားမှုအဆင့် (၃၆) ဆင့်ဖြစ်၍ သွားသည်။

"ကျွန်တော် တတ်သိထားတာလေးတွေ လှုပ်ရှားပြတာပါ"

လေပြည်လက်ဝါးသိုင်းကို သေသပ်ပိရိစွာ အပြောင်းအလဲ သုံးမျိုးဖြင့် ခပ်ဖြည်းဖြည်း လှုပ်ရှားပြသပြီးနောက် ချန်မိုအောင်က ဦးညွတ်ကာ ပြောသည်။ ခွန်လွန်ဂိုဏ်းချုပ်ကြီးသည် ခေါင်းတညိတ်ညိတ် လုပ်နေသည်။

"မင်း ... တော်တယ်"

လုကွမ်းချောင်းကတော့ ပါးစပ်မှပင် ထုတ်ဖော်ချီးမွမ်းသည်။

"ကိုင်း ... ဒုတိယသိုင်းကွက်စ,မယ်၊ ငါ တုတ်ရှည်ကိုင်မယ်၊ ဘီလူးနိုင် တုတ်သိုင်းနဲ့တိုက်မယ်၊ မင်းကကော ဘာလက်နက်ကိုင်မလဲ"



"အစ်ကိုကြီး ခွင့်ပြုမယ်ဆိုရင် တုတ်ရှည်ပဲ ကိုင်ပါ့မယ်"

"ကောင်းပြီ ... စမယ်"

နှစ်ယောက်သား သိုင်းကွက်နင်းကာ အသင့်ပြင်လိုက်ကြသည်။ တုတ်ရှည်ကိုင်မည်ဟု ဆိုကြသော်လည်း တကယ်တမ်း လက်ထဲတွင် တုတ်ရှည်များကို ကိုင်စွဲကြသည်မဟုတ်။

တုတ်ရှည်ကို လက်တွင်ကိုင်ထားသလို အသွင်လုပ်ကာ တုတ်ရှည်ကိုင်စွဲ တိုက်ပွဲဝင်သည့်သိုင်းဟန်များ အသင့်ပြင်လိုက်ကြခြင်းသာ ဖြစ်သည်။

"ကိုင်း ... ငါ တိုက်ပြီ"

လုကွမ်းချောင်းက ပြောဆိုအသိပေးပြီးနောက် ရှေ့သို့ ခြေလှမ်းတက်ကာ တုတ်ရှည်နှင့် သိမ်းရိုက်သည့် သိုင်းဟန်ပြသည်။

လက်ထဲတွင် တကယ်တမ်း တုတ်ရှည်ကိုင်ထားခြင်း မရှိသည့်တိုင် လှုပ်ရှားဟန်က မာန်ပါလှပေရာ တုတ်ရှည်ဝှေ့ယမ်းသံ စီခနဲ ကြားလိုက်ရသလိုပင် ရှိသည်။

ချန်မိုအောင်လည်း တုတ်သိုင်းလှုပ်ရှားလျက် ညာဘက်သို့ ခြေလှမ်းဝက် အသာတိမ်းစောင်း နေရာပြောင်းသည်။

လုကွမ်းချောင်း၏တုတ်ရှည်ရိုက်ချက်ကို ချန်မိုအောင်က တုတ်ရှည်ဖြင့် ဆီး၍ ရင်ဆိုင်ခံဆောင်ရင်း ရှောင်လိုက်သည့်အကွက်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ချန်မိုအောင်၏ခုခံရှောင်ထွက်သွားသည့် လှုပ်ရှားဟန်က လည်း ပီပြင်သည်။

တုတ်ရှည်နှစ်လက်ဆိုင်ကာ ရိုက်မိသည့်အသံပင် မြည်ဟိန်းသွားသလို ထင်လိုက်ကြရသည်။

လုကွမ်းချောင်းသည် ဘီလူးနိုင် တုတ်ရှည်သိုင်း၏သိုင်းကွက် (၂၀) ကွက်လုံး ပြည့်စုံအောင် တစ်ကွက်ပြီး တစ်ကွက် အဆင့်ဆင့် ထုတ်သုံးသည်။

ချန်မိုအောင်လည်း လုကွမ်းချောင်း၏တိုက်စစ်ကို တစ်ကွက်ချင်း ခုခံသည်။ ရှောင်တိမ်းသည်။

တန်ပြန်တိုက်ကွက်တော့ တစ်ချက်တလေမျှပင် မလုပ်။

လုကွမ်းချောင်းက တစ်လျှောက်လုံး တိုက်စစ်ဆင်ကာ ချန်မိုအောင်ကလည်း တသမတ်တည်းပင် ခုခံကာကွယ်ရှောင်တိမ်းသည်။

ဘီလူးနတ်တုတ်သိုင်းတွင် တိုက်စစ်သိုင်းကွက်သိုင်းဟန်နှင့် ခံစစ်သိုင်းကွက် သိုင်းဟန်ဟူ၍ နှစ်မျိုးပါရှိသည်။

လုကွမ်းချောင်းက ဘီလူးနိုင်တုတ်သိုင်း၏သိုင်းကွက်များမှ တိုက်စစ်သိုင်းဟန်များကို သီးသန့်ထုတ်သုံးလျက် ချန်မိုအောင်မှ ခံစစ်သိုင်းကွက်သိုင်းဟန်သန့်သန့်ကို လှုပ်ရှားခြင်း ဖြစ်ပေသည်။



နှစ်ယောက်သား ဘီလူးနိုင်တုတ်သိုင်း၏သိုင်းကွက် ၂၀ ကွက် မတူညီသောအခြေအနေနှင့် အပြန်အလှန် လှုပ်ရှားပြီးနောက် ပြိုင်တူပင် ရပ်တန့်ကာ တစ်ယောက်ကိုတစ်ယောက် အရိုအသေပေးလိုက်ကြသည်။

"ကောင်းတယ်၊ သိပ်ကောင်းတယ်"

လုကွမ်းချောင်းသည် ပါးစပ်မှ ချီးမွမ်းစကားဆိုရင်း ချန်မိုအောင်၏လက်ဝါးရိုက်ချက်များကို ရှောင်တိမ်းသည်။

တစ်ချီတွင်မူ ချန်မိုအောင်၏လက်ဝါးရိုက်ချက် လုကွမ်းချောင်းကို ထိမိလုလုပင် ဖြစ်သည်။

ချန်မိုအောင်က ရိုက်ချက်အားအရှိန်ကို လျှော့ချလိုက်သည့်အတွက် လုကွမ်းချောင်း သီသီကလေး ကပ်ကာ လွတ်အောင်ရှောင်ထွက်သွားနိုင်ခဲ့သည်။

လေလှိုင်းလက်ဝါးသိုင်း၏သိုင်း (၃၆) ကွက် ကုန်စင်အောင် ထုတ်သုံးပြီးနောက် ချန်မိုအောင်က လှုပ်ရှားမှုများရပ်ကာ လုကွမ်းချောင်းကို ဂါရဝပြုသည်။

"သွန်သင်ပေးတာတွေအတွက် ကျေးဇူးတင်ပါတယ် … အစ်ကိုကြီး"

လုကွမ်းချောင်းကလည်း တုံ့ပြန်ဂါရဝပြုလိုက်ပြီး …

www.burmeseclassic.com

www.burmeseclassic.com



“မင်းက အတော့်ကို တိုးတက်လာပါလား”

“ဒီလောက်မဟုတ်ပါဘူး”

“ခဏနားမယ်၊ ပြီးရင် ဒုတိယယှဉ်ပြိုင်ဖို့ ဆက်လုပ်မယ်”

ခွန်လွန်ဂိုဏ်းချုပ်ကြီးက ပြောလိုက်သည်။

❋

ဒုတိယယှဉ်ပြိုင်ပွဲ ဆက်လက်ပြုလုပ်သည်။

ချန်မိုအောင်နှင့် ယှဉ်ပြိုင်ရန် ထိုက်ယုဖုန်း ထွက်လာသည်။

ခွန်လွန်ဂိုဏ်းချုပ်ကြီး၏လက်ရင်းတပည့် (၁၂) ယောက်တွင် ထိုက်ယုဖုန်းသည် သိုင်းပညာအကောင်းဆုံးဖြစ်သည်။

ခပ်ပျော့ပျော့နေတတ်ပြီး ပြောစရာရှိလျှင် ဟောဟောဒိုင်းဒိုင်းနှင့် ပွင့်ပွင့်လင်းလင်းပြောတတ်သည်။

“ငါတို့ ဘီလူးနိုင်တုတ်သိုင်းနဲ့ ယှဉ်ပြိုင်မယ်၊ ရော့ ... မင်းအတွက် လက်နက်”

ယှဉ်ပြိုင်မည့်နေရာသို့ဝင်လာသော ထိုက်ယုဖုန်း၏လက်ထဲတွင် တုတ်ရှည်နှစ်ခု ယူလာသည်။



ယှဉ်ပြိုင်မည့်နေရာသို့ရောက်သည်နှင့် ပါးစပ်ကပြောရင်း ချန်မိုအောင်ကို တုတ်ရှည်တစ်လက် ပစ်ပေးသည်။

“ငါ တကယ်တိုက်မယ်၊ မင်းလည်း အင်တိုက် အားတိုက် တုံ့ပြန်၊ လာပြီ”

ပြောလည်းပြော၊ သတိလည်းပေး၊ တိုက်ကွက်လည်း စ,သည်။ လက်ထဲရှိ တုတ်ရှည်ကို ဝှီးခနဲမြည်အောင် တစ်ချက်ဝှေ့ယမ်းပြီး ချန်မိုအောင်၏ခေါင်းတည့်တည့်ပေါ်သို့ အုပ်မိုးရိုက်ချသည်။

သိုင်းဟာန် သွက်သည်။ ရိုက်ချက် ပြင်းသည်။

တကယ့်ရန်သူကြီးတစ်ယောက်နှင့် အသေအကျေ ရင်ဆိုင်တိုက်ခိုက်သည့်အသွင်မျိုး။

ချန်မိုအောင်သည် ညာခြေကို နောက်သို့ ခြေလှမ်းဝက်ဆုတ်ကာ ကိုယ်ကို ဘယ်ဘက်သို့ ခပ်တိမ်းတိမ်းပြုလျက် တုတ်ရှည်ကို အပေါ်ပင့်မြှောက်၍ ဖြတ်ရိုက်သည်။

“ဖုန်း”

တုတ်ရှည်နှစ်ခု ဆိုင်ကာ ရိုက်မိသည်။ ရိုက်မိလိုက်သည့်အချိန်တွင် တုတ်ရှည်နှစ်ချောင်းသည် ဆတ်ဆတ်တုန်ခါသည်။

ယှဉ်ပြိုင်သူနှစ်ယောက်သည်လည်း ရုတ်တရက် ငြိမ်သက်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ...

"ဖြောင်း"

"ဖြောင်း"

အသံနှစ်ချက် မြည်ဟိန်းလျက် တုတ်ရှည်နှစ်ချောင်းလုံး ပြိုင်တူလိုပင် ကျိုးပြတ်သွားကြသည်။

ယှဉ်ပြိုင်ပွဲကြည့်သူတို့ 'ဟင်'ခနဲ 'ဟာ'ခနဲ ဖြစ်ကုန်ကြသည်။

ယိုက်ယုဖုန်း၏မျက်နှာပေါ်တွင် အံ့ဩသည့် အရိပ်အသွင်များ ဖျတ်ခနဲ ပေါ်လာသည်။

ချန်မိုအောင်မှာမူ ထိတ်လန့်သလိုပင် ဖြစ်သွားရသည်။

ချန်မိုအောင်သည် မိမိကိုယ်တိုင် လေ့ကျင့်ယှဉ်ပြိုင်ပွဲများ နွှဲဖူးသလို အခြားသူများ၏သိုင်းပညာစွမ်းရည် ယှဉ်ပြိုင်ပွဲများကို ကြည့်ရှုဖူးသည့် အတွေ့အကြုံတွေ မနည်းတော့ပါ။

လက်နက်များ လက်ထဲမှ လွတ်ထွက်သွားမှုတို့ကို တစ်ကြိမ်နှစ်ကြိမ်မျှ တွေ့ဖူးခဲ့သည်။

သို့သော် ... လက်နက်တွေ ကျိုးပဲ့ပျက်စီးကုန်တာမျိုးကိုတော့ တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးခဲ့ပေ။

ဘီလူးနိုင်တုတ်သိုင်းသည် အားအင်ကြီးမားမြင့်တတ်ကြောင်းကိုတော့ သိထားပါသည်။



တုတ်ရှည်ကို ကျိုးပြတ်သွားစေလောက်သည်အထိ အားပြင်းမည်လိုတော့ မထင်ခဲ့ပါ။

ထို့ပြင် ထိုက်ယူဖုန်းသည် ခွန်လွန်ဂိုဏ်း၏သိုင်းအကျော်အမော်ဖြစ်သည်။ ခွန်လွန်ဂိုဏ်းချုပ်ကြီး၏လက်ရင်းတပည့် (၁၂) ယောက်တွင် သိုင်းပညာအကောင်းဆုံးလည်း ဖြစ်သည်။

ထိုက်ယူဖုန်း၏ရိုက်ချက်ကြောင့် မိမိ၏တုတ်ရှည်ကျိုးသွားသည်ထက် မိမိ၏ရိုက်ချက်ကြောင့် တုတ်ယူဖုန်းလက်ထဲရှိ တုတ်ရှည်ပါ ကျိုးပြတ်သွားခြင်းကြောင့် ချန်မိုအောင်မှာ အံ့ဩတုန်လှုပ်သွားရလေသည်။

"ဟား ... ဟား ... ဟား"

အံ့ဩသည့် အရိပ်အသွင် ပေါ်သွားသော ထိုက်ယူဖုန်းသည် အားရပါးရ ရယ်မောသည်။

တစ်စုံတစ်ရာ ပြောမည်လည်း ပြုသည်။ သို့သော် ... သူ၏နှုတ်မှ စကားလုံးတွေတော့ ထွက်မလာပါ။

"ထိုက်ယူဖုန်း"

ခွန်လွန်ဂိုဏ်းချုပ်ကြီးထံမှ လှမ်းခေါ်သံပေါ်လာသည်။

တီးတိုးတီးတိုး ပြောဆိုနေကြသော စကားသံများ ချက်ချင်းတိတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ဆရာ"

ထိုက်ယူဖုန်းက ဂိုဏ်းချုပ်ဘက် ဦးညွတ်ကာ ပြန်ထူးသည်။

"ဒုတိယအကွက်ဆက်ပြိုင် ... နှစ်မျက်နှာဓားကွက်ကိုသုံး"

သည်းထိတ်ရင်ဖိုဖွယ်ရာကောင်းသော အငွေ့အသက်တစ်ခု ယှဉ်ပြိုင်ပွဲကို ဖုံးလွှမ်းသည်။

'နှစ်ဖက်နှာဓားကွက်' သည် ခွန်လွန်သိုင်းပညာ၏ ကြမ်းတမ်းရက်စက်သော ဓားသိုင်းဖြစ်သည်။

ခွန်လွန်ဂိုဏ်းကဲ့သို့ သိုင်းလောက အစဉ်အလာကောင်းများရှိသည့် ထိပ်တန်းဂိုဏ်းကြီးတစ်ခု၏ သိုင်းပညာဖြစ်သောကြောင့်သာ လမ်းလွဲသိုင်းကွက်အဖြစ် သတ်မှတ်ခြင်း မခံရပေ။

နှစ်မျက်နှာဓားကွက်၏ဓားရေးဓားတန်း ခုတ်ချက်တိုက်ချက်များသည် သိုင်းလောကအမှောင်နယ်မှ လမ်းလွဲသိုင်းသမားဆိုးကြီးများ၏အချို့သော သိုင်းကွက်များထက်ပင် ပို၍ကြမ်းတမ်းရက်စက်သည်။

ခွန်လွန်ဂိုဏ်းဝင် သိုင်းသမားများအနေဖြင့်လည်း ဤဓားကွက်ကို မိမိတို့ စိတ်သဘောအလျောက် သုံးချင်သလို သုံး၍လည်း မရပါ။ ခွန်လွန်ဂိုဏ်းချုပ် သို့မဟုတ် ဂိုဏ်းချုပ်၏အထူးတာဝန် ပေးအပ်သူက ခွင့်ပြုမှသာ နှစ်မျက်နှာဓားကွက်ကို အသုံးချခွင့် ရှိသည်။



အလွန်ဆိုးသွမ်းရမ်းကားပြီး သိုင်းပညာစွမ်းလည်း ထက်မြက်သော သိုင်းသမားဆိုးကြီးများနှင့် သေရေးရှင်ရေး ရင်ဆိုင်ရသည့် အချိန်များတွင်သာ နှစ်မျက်နှာဓားကွက်ကို ထုတ်သုံးခွင့်ပေးသည့် အစဉ်အလာလည်း ရှိသည်။

ယခု မိမိတို့သာ အချင်းချင်း သိုင်းစွမ်းရည် စမ်းသပ်စစ်ဆေးယှဉ်ပြိုင်ပွဲတွင် နှစ်မျက်နှာ ဓားသိုင်း ထုတ်သုံးရန် ခွန်လွန်ဂိုဏ်းချုပ်က အမိန့်ချသည်မှာ အလွန်ပင် ထူးခြားနေပေသည်။

ခွင့်ပြုချက်ပေးသည့် ခွန်လွန်ဂိုဏ်းချုပ်ကြီး၏အသွင်အပြင်မှာလည်း အထူးပင် လေးနက်တည်ကြည်နေလေရာ အခြေအနေသည် ပို၍ အသည်းထိတ်စရာရှိသွားသည်။

ခွန်လွန်ဂိုဏ်းသား နှစ်ယောက်က သစ်သားဓားရှည်နှစ်လက် အမြန်သွားယူပေးကြသည်။

နှစ်မျက်နှာဓားသိုင်းသည် ကြမ်းတမ်းရက်စက်လှပေရာ ဂိုဏ်းသားအချင်းချင်းလေ့ကျင့်မှုလုပ်ရာတွင် တကယ့်ဓားအစစ်ကို မသုံးရဘဲ သစ်သားဓားများကိုသာ ကိုင်စွဲကြရသည်။

ဂိုဏ်းတွင်း သိုက်းပညာစွမ်းရည် ပြိုင်ပွဲများတွင်တော့ နှစ်မျက်နှာဓားကွက်ကို တစ်ကြိမ်တစ်ခါမျှ မသုံးဖူးသေးပေ။

ယခု ပထမဆုံး အသုံးပြုယှဉ်ပြိုင်ရတော့မည်ဖြစ်ရာ (ဒီလို

www.burmeseclassic.com

www.burmeseclassic.com



ယှဉ်ပြိုင်ပွဲတွင် ဓားအစစ် ကိုင်စွဲရခြင်း ရှိ၊မရှိလည်း အစဥ်အလာ မပေါ်သောကြောင့်) လေ့ကျင့်မှုလုပ်သည့်အခါကကဲ့သို့ပင် သစ်သား ဓားရှည်များ ယူပေးကြခြင်း ဖြစ်သည်။

ထိုက်ယူဖုန်းနှင့် ချန်မိုအောင်တို့သည် မိမိတို့လက်ထဲရှိ တုတ်ရှည် ထက်ပိုင်းကျိုးများကို လွှင့်ပစ်ပြီး သစ်သားဓားရှည်များကို ကိုယ်စီ ကိုင်စွဲလိုက်ကြသည်။

နှစ်ယောက်စလုံးပင် စိတ်ကို တည်ငြိမ်အောင် ကြိုးစားကာ ထိန်းနေကြသည်။

ထိုက်ယူဖုန်းနှင့်ချန်မိုအောင်တို့သည် နှစ်မျက်နှာဓားကွက် ကို လေ့ကျင့်တတ်မြောက်ထားကြပြီးဖြစ်သော်လည်း ထိုဓားကွက်ကို အသုံးချ၍ လက်တွေ့တိုက်ပွဲဝင်မှုတော့ မလုပ်ဖူးကြသေးပေ။

ဂိုဏ်းဝင်အချင်းချင်းဖြစ်နေသည့်သာမက တစ်ဆရာတည်း တပည့်သိုင်းပညာအတူသင်ဖက် သွေးသောက်ညီနောင်များလည်း ဖြစ်နေကြသောကြောင့် နှစ်မျက်နှာဓားကွက်ကိုသုံးကာ အသေအ ကျေတိုက်ခိုက်ရမည့်အခြေအနေတွင် စိတ်လှုပ်ရှားနေကြသည်။

သိုင်းလေ့ကျင့်ရေးခန်းမှ ရင်ပြင်တစ်ခုလုံးသည် အပ်ကျသံ ပင် ကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်နေသည်။

ထိုက်ယူဖုန်းနှင့်ချန်မိုအောင်တို့နှစ်ယောက်မှာလည်း စတင်



တိုက်ကွက်ဆင်ရန် အကော်ကို ဝန်လေးနေကြသည်။

နှစ်မျက်နှာဓားကွက်သည် ကြမ်းတမ်းရက်စက်သော ဓား ကွက်များနှင့် တစ်ဖက်လူကို ဟရကြမ်းရက်စက်သောဓားကွက်များ နှင့် တစ်ဖက်လူကို တရကြမ်းဖိနှိပ်တိုက်ခိုက်ရ၏။

ဓားချက်ကလည်း နှစ်ချက်တည်းသာ ရှိသည်။ ထိုဓားချက် နှစ်ချက်ကို ထပ်ပြန်တလဲလဲ ဆင့်ကဲဆင့်ကဲ ထိုးခုတ်လှုပ်ရှားသည်။

စလိုက်သည်နှင့် ဓားချက်များက အတောမသတ်အောင် တရစပ်ဝင်သွားလေရာ တစ်ဖက်လူအနေဖြင့် တန်ပြန်နိုင်ခွင့်ပင် ရဖို့ ခက်သည်။

နှစ်မျက်နှာဓားကွက်၏ ဓားချက်နှစ်ချက်ကို ထပ်ပြန်တလဲ လဲ ဆင့်ကဲဖိနှိပ်တိုက်ခိုက်ရာတွင် တစ်ဆင့်ထက်တစ်ဆင့် အားအင် ဖွမ်းရည်တွေ ပို၍စုစည်းမြင့်တက်လာကာ တစ်ဖက်လူက သာမန် သိုင်းအကျော်အမော်ဖြစ်လျှင် ပထမဓားချက်နှစ်ချက်နှင့်ပင် ကိစ္စ ပြတ်နိုင်ပြီး အဆင့်မြင့်ပထမတန်း ဓားသိုင်းကျော်အမော်ဖြစ်လျှင်မူ ဆင့်ကဲဓားချက် ငါးကြိမ်၊ခြောက်ကြိမ်တွင် သုတ်သင်နိုင်လျက် ထိပ် တန်းအဆင့်မြင့် သိုင်းအကျော်အမော်တို့ပင်လျှင် အလွန်ဆုံး ဆင့်ကဲ ဓားချက် အကွက် (၅၀) ထက် ပို၍တိုက်ရန်မလိုဟုလည်း သူတို့နှစ် ယောက်စလုံး နားလည်သိရှိထားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်သူကြီးတွေ မဟုတ်ကြသည့်အတွက် ကြမ်းတမ်းရက်စက်သောဓားချက်များဖြင့် ဖိနှိပ်တိုက်ခိုက်ရန် လက်နှေးနေကြသည်။

"ငါ အချက်ပေးမယ်၊ အချက်ပေးသံကြားတာနဲ့ နှစ်ယောက်စလုံး စတိုက်ကြရမယ်"

ထိုက်ယူဖုန်းနှင့် ချန်မိုအောင်တို့နှစ်ယောက်၏ အနေအထားကို အကဲခတ်မိသော ခွန်လွန်ဂိုဏ်းချုပ်ကြီးက ပြောသည်။

သိုင်းလေ့ကျင့်ရေး ရင်ပြင်ခန်းမကျယ်ကြီးထဲတွင် ရှိနေကြသူတို့မှာ အသက်ရှူရန်ကိုပင် မေ့သွားကြသည်။

သူတို့သည် နှစ်မျက်နှာဓားသိုင်း အသုံးချကာ အပြန်အလှန်ရင်ဆိုင်ယှဉ်ပြိုင်မှုကို ကိုယ်တွေ့မျက်မြင် ကြည့်ရှုကြရမည်ဟု ဘယ်တုန်းကမှ တွေးထင်မထားကြပါ။

ယခုတော့ မျက်ဝါးထင်ထင် ရှုမြင်ကြရပေတော့မည်။

နှစ်မျက်နှာဓားကွက်အကြောင်း သိထားကြသူများ ဖြစ်သည့်အတိုင်း ထိုဓားကွက်အမည်ကို ကြားရရုံမျှနှင့်ပင် စိတ်လှုပ်ရှားခဲ့ကြရသည်။

ထိုဓားကွက် လက်တွေ့ထုတ်သုံးတိုက်ခိုက်လျှင် ဘယ်လိုအကျိုးဆက်တွေ ဖြစ်လာကြမည်နည်းဟု စိတ်စောနေကြသည်။ စိတ်မောနေကြသည်။

BURMESE CLASSIC .com



ထိုက်ယူဖုန်းရော ချန်မိုအောင်ပါ ခွန်လွန်ဂိုဏ်းထဲတွင် လူချစ်လူခင်များကြပေရာ သူတို့နှစ်ယောက် ထိခိုက်အနာတရဖြစ်ကုန်မည့်အရေးကိုလည်း တွေးကာ ပူပန်နေကြပြန်သေးသည်။

ထိုက်ယူဖုန်းနှင့်ချန်မိုအောင်ကို နှစ်မျက်နှာ ဓားကွက်အတွက် အသင့်သိုင်းကွက်နင်း ပြင်ဆင်လိုက်ကြသည်။

နှစ်မျက်နှာဓားကွက်သည် ကြမ်းတမ်းရက်စက်သလို ဆန်းပြားရှုပ်ထွေးသည်။ နေလအတွင်းကို အပူဓာတ် အအေးဓာတ် အပေါင်းအစပ် အမျိုးမျိုးဝို့တွင် အလွန်ပင် မြန်ဆန်စွာ ပြောင်းလဲထည့်သုံးရသည်။

ဓားချက်နှစ်ချက်တည်း ရှိသော်လည်း ဆင့်ကဲဓာတ်ချက်များ တရစပ် တိုက်ခိုက်သောအခါ ဓားချက်တွင် ထည့်သုံးသောအတွင်းအားအနေအထားကမူ တစ်ချက်နှင့်တစ်ချက် မတူ။ အမျိုးမျိုး ပြောင်းလဲထည့်သွင်းရသည်။

"စ"

ခွန်လွန်ဂိုဏ်းချုပ်က တစ်ခွန်းတည်းသော အချက်ပေးသံပြုသည်။ ထိုက်ယူဖုန်းနှင့်ချန်မိုအောင်တို့ နှစ်ယောက်တည်း နှစ်မျက်နှာဓားကွက်၏ ပထမဓားချက်တို့ ပြိုင်တူလှုပ်ရှားထိုးခုတ်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ညနေပိုင်းတွင် သိုင်းပညာစွမ်းရည် စမ်းသပ်ယှဉ်ပြိုင်ပွဲကို ဆက်လက်ပြုလုပ်သည်။

တတိယနှင့် နောက်ဆုံးပွဲ ယှဉ်ပြိုင်ရန်အတွက် ချန်မိုအောင်နေရာယူသည်။

သူနှင့်ယှဉ်ပြိုင်မည့် မောက်အော့လည်း ယှဉ်ပြိုင်ရမည့်နေရာသို့သွားရန် အသာထွက်လာသည်။

"မောက်အော့ နေတော့၊ ဒီပွဲမှာ ငါကိုယ်တိုင် ဝင်မယ်"

ခွန်လွန်ဂိုဏ်းချုပ်ကြီးက ပြောလိုက်သည်။ ထိုစကားသည် အားလုံးကို အံ့သြသွားစေသည်။

ခွန်လွန်ဂိုဏ်းတွင်း သိုင်းပညာ စွမ်းရည်ပြိုင်ပွဲများတွင် ဂိုဏ်းချုပ်သည် ဦးစီးဦးဆောင် ကမကထသာ လုပ်သည်။

ကိုယ်တိုင်ကိုယ်ကျ ပါဝင်ယှဉ်ပြိုင်မှု တစ်ကြိမ်တစ်ခါမျှ မလုပ်ဖူးခဲ့ပါ။

ခွန်လွန်ဂိုဏ်းတွင်း သိုင်းပညာယှဉ်ပြိုင်ပွဲများတွင် ဂိုဏ်းချုပ်ကိုယ်တိုင်မပါဝင်ရဟု စည်းကမ်း သတ်မှတ်ထားခြင်းထားချက် မရှိသော်လည်း ဂိုဏ်းချုပ် အစဉ်အဆက် တစ်ကြိမ်တစ်ခါမျှ ပါဝင်ခဲ့ဖူးခြင်း မရှိသောကြောင့် အစဉ်အလာတစ်ခုလိုမျိုးတော့ ဖြစ်နေသည်။

မောက်အော့လည်း သိုင်းပညာယှဉ်ပြိုင်ရမည့် နေရာသို့



မသွားဖြစ်တော့။ ခွန်လွန်ဂိုဏ်းချုပ်ကြီးသည် ထိုင်နေရာမှ ထကာ လာခြေရရပင် ချန်မိုအောင် အသင့်ရှိနေသည့်နေရာသို့ လျှောက်လှမ်းသွားသည်။

ချန်မိုအောင်မှာတော့ ဘာလုပ်၍ ဘာပြောရမည်ကိုပင် မသိတော့။ အံ့သြစိတ်လှုပ်ရှားစွာဖြင့် ရှိနေသည်။

"စိတ်ကို အေးအေးထားပါ၊ မင်းရဲ့စွမ်းရည်ကို ငါကိုယ်တိုင် သေသေချာချာ စမ်းသပ်စစ်ဆေးကြည့်ချင်လို့ မောက်အော့ကို ဘေးဖယ်နေခိုင်းလိုက်တာ"

ခွန်လွန်ဂိုဏ်းချုပ်ကြီးက အေးဆေးတည်ကြည်စွာ ပြောသည်။

"ဟို ... ဟို ... ဆရာ့ကို ... ကျွန်တော် ... ကျွန်တော် ... ဖြစ်မှာ"

ချန်မိုအောင် စကားအဟစ်ထစ်အငေါ့ငေါ့ဖြစ်နေရာ ခွန်လွန်ဂိုဏ်းချုပ်က လက်ကာပြလိုက်သည်။

"ငါလည်း ခွန်လွန်ဂိုဏ်းဝင် မင်းလည်း ခွန်လွန်ဂိုဏ်းဝင် အချင်းချင်း သိုင်းပညာစွမ်းရည် စစ်ဆေးစမ်းသပ်တာပဲ၊ ရန်လိုတိုက်ခိုက်တာမှ မဟုတ်တာ၊ ဘာမှဖြစ်မှာမိတယ်ဘာတယ် မရှိနိုင်ဘူး၊ စိတ်မလှုပ်ရှားနဲ့ အာရုံတို့စုစည်း ဟုတ်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဆရာ"

ချန်မိုအောင်သည် ဂိုဏ်းချုပ်ကြီးစကားကို သေသေချာချာ နှလုံးသွင်းလိုက်ရာ စိတ်အတန်ငယ် တည်ငြိမ်လာသည်။ စကားသံလည်း ပုံမှန် ဖြစ်လာသည်။

"ငါတို့ အတွင်းအားချင်း ပြိုင်ကြမယ်"

ချန်မိုအောင် မျက်လုံးပြူးသွားရပြန်သည်။

"ကျွန်တော် ဆရာ့ရဲ့အတွင်းအားကို ဘယ်ယှဉ်လို့ ရမှာလဲ ဆရာ"

ချန်မိုအောင် ပြောလိုက်မိသည်။

ခွန်လွန်ဂိုဏ်းချုပ်ကြီးက သိမ်မွေ့စွာ ပြုံးလိုက်ကာ ...

"မင်းရဲ့အတွင်းအား အခြေအနေကို အတိအကျ စမ်းကြည့်မလို့ပါ၊ ဘာမှစိုးရိမ်တကြီး ဖြစ်မနေနဲ့၊ ယှဉ်ပြိုင်နေတယ်ဆိုတာကို တောင် မေ့ထားလိုက်၊ ကိုယ့်အတွင်းအားကို လည်ပတ်ထုတ်သုံး တယ်လို့ပဲ သဘောထား"

ဂိုဏ်းချုပ်ကြီးက အဆင့်မြင့်သိုင်းပညာတစ်ခုအကြောင်း ရှင်းလင်းပြောပြသည့် အသွင်မျိုးဖြင့် ဖြည်းဖြည်းအေးအေးပြော သည်။

"ဟုတ်ကဲ့ ဆရာ"



"မင်းရဲ့စိတ်အာရုံတွေကို တည်ငြိမ်အောင် လုပ်နိုင်ပြီလား"

"လုပ်နိုင်ပါပြီ ဆရာ"

"ဒါဆိုရင် စမယ်"

"ကောင်းပါပြီ ဆရာ"

ခွန်လွန်ဂိုဏ်းချုပ်ကြီးသည် ရှေ့သို့ ခြေတစ်လှမ်းတက်ကာ ဘယ်ညာ လက်နှစ်ဖက်ကို ဆန့်တန်းထုတ်လိုက်သည်။

လက်ဝါးနှစ်ခုကိုမူ ဖြန့်၍ထားသည်။

ချန်မိုအောင်ကလည်း ဂိုဏ်းချုပ်ကြီးနည်းတူပင် လက်ဝါး များဖြန့်လျက် ဘယ်ညာလက်တို့ကို အသာဆန့်ထုတ်ထုတ်သည်။

လက်ဝါးများ ထိကပ်မိသွားကြသည်။

"အတွင်းအားကို လည်ပတ်စုစည်းပြီး အလိုက်သင့်ထုတ် သုံး"

အနီးကပ် သွန်သင်မှုသဘောမျိုးဖြင့် ဂိုဏ်းချုပ်ကြီးက ခပ် တိုးတိုး ပြောသည်။

ထိုသို့ ပြောအပြီးတွင် အတွင်းအားထည့်ကာ လက်ဝါးများ ကို အသာဖိတွန်းသည်။

ချန်မိုအောင်ကလည်း အာရုံမများ စိတ်မထွေပြားတော့ဘဲ တည်ငြိမ်စွာနှင့် အတွင်းအားများ လည်ပတ်ကာ စုစည်းသည်။

www.burmeseclassic.com

www.burmeseclassic.com



အခြားသူများအနေနှင့်တော့ ဒီကနေ့အထားကို အကဲခတ်မိမည် မဟုတ်ပါ။

လက်ဝါးချင်းထိကပ်ကာ အားပြိုင်၍ တွန်းနေကြသည်ကိုသာ မြင်နေကြလေရာ အတွင်းအားချင်း ယှဉ်ပြိုင်နေကြသည်ဟုသာ ထင်နေကြသည်။

ချန်မိုအောင်ကသာ အခြေအနေမှန်ကို နားလည်သည်။

ထို့ကြောင့် ဂိုဏ်းချုပ်ကြီး မှာကြားသွန်သင်ထားသည့်အတိုင်း မိမိလုပ်စရာရှိသည်တို့ကိုသာ စိတ်တည်ငြိမ်စွာလုပ်သည်။

ချန်မိုအောင်သည် သူ၏ခန္ဓာကိုယ်အတွင်း အတွင်းအားလည်ပတ်မှု၊ စုစည်းမှုနှင့် ထုတ်သုံးမှုတို့တွင်သာ အာရုံစူးနစ်လေရာ ဂိုဏ်းချုပ်ကြီးက သူ့ကို အပူအအေး အတွင်းအားများ အချိုးအစားအမျိုးမျိုးနှင့် ပေါင်းစပ်ထုတ်သုံးတတ်အောင် လမ်းပြစေ့ဆော်လေ့ကျင့်ပေးနေမှုကိုပင် မသိနိုင်။

ပွဲကြည့်နေကြသူများမှာလည်း ထိုနည်းနှင်နှင်ပင်။

သူတို့အမြင်တွင်တော့ ဂိုဏ်းချုပ်နှင့် ချန်မိုအောင်တို့နှစ်ယောက် အကြိတ်အနယ် အတွင်းအား ယှဉ်ပြိုင်နေကြသည့်အသွင်သာ ဖြစ်နေသည်။

အနည်းစုကသာ ဂိုဏ်းချုပ်ကိုယ်တိုင် အတွင်းအားယှဉ်ပြိုင်



ရန် လုပ်ဆောင်မှုသည် ထူးခြားသည့်အကြောင်းရင်းရှိရမည်ဟု နားလည်လျက် အခြေအနေကို အသာစောင့်၍သာ ကြည့်နေကြလေသည်။

ခွန်လွန်ဂိုဏ်းချုပ်က အတွင်းအားကို ပို၍ပို၍ တိုးမြှင့်ထည့်လျက် ဖိတွန်းနေလေရာ ထိပ်တိုက်ရင်ဆိုင်အားပြိုင်နေသည့် အရှိန်အဟုန်သည် မြင့်သည်ထက် မြင့်လာသည်။

ထူးခြားသည်မှာ အတွင်းအားယှဉ်ပြိုင်သူများတွင် ဖြစ်တတ်သော အားအင်လှိုင်းများ ဖြာထွက်မှုမရှိခြင်းပင်။

ဒါကိုလည်း ယှဉ်ပြိုင်တွဲကြည့်နေသူ အနည်းစုကသာ သတိပြုမိသည်။

ခွန်လွန်ဂိုဏ်းချုပ်သည် အတွင်းအားကို တိုးမြှင့်ကာ အပူအအေးအခြေခံများ ပေါင်းစည်းမှုတို့ အမျိုးမျိုးလုပ်ရင်း မိမိစိုက်ထုတ်သော အတွင်းအားစွမ်းအင်နှင့် အပူအအေး အခြေခံ အပေါင်းအစည်းတို့နှင့် လိုက်လျောညီထွေစွာ ချန်မိုအောင်က အဆင့်ဆင့်တက်ကာရင်ဆိုင်နိုင်သည်ကို သိရသည့်အတွက် အံ့ဩမိသလို စိတ်ထဲမှလည်း ကြိတ်ကာ ချီးမွမ်းမိသည်။

ချန်မိုအောင်သည် ခွန်လွန်ဂိုဏ်းတွင် ဂိုဏ်းချုပ်က သဘောအကျဆုံးသော သိုင်းလူလင်တစ်ယောက်ဟု ဆိုနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်လည်း ခွန်လွန်ဂိုဏ်းချုပ်သည် ချန်မိုအောင်ကို မိမိ၏နောက်ဆုံးတပည့်အဖြစ်ပင် သတ်မှတ်ကာ သိုင်းပညာများကို ကိုယ်တိုင်သင်ပေးခဲ့ခြင်းဖြစ်သည်။

ချန်မိုအောင်အပေါ်တွင်လည်း ခွန်လွန်ဂိုဏ်းချုပ်က မျှော်လင့်ချက်အများကြီးထားသည်။

ယခု သိုင်းပညာစွမ်းရည် ယှဉ်ပြိုင်ပွဲ ... ပထမနှင့်ဒုတိယပွဲတို့တွင် ချန်မိုအောင်က မိမိထင်ထားသည်ထက်ပင် ပိုမိုအစွမ်းအစ ပြနိုင်သောကြောင့် ခွန်လွန်ဂိုဏ်းချုပ် ဝမ်းသာသည်။

အတွင်းအား ယှဉ်ပြိုင်သလိုနှင့် ချန်မိုအောင်၏အတွင်းအား လည်ပတ်စုစည်းအသုံးချမှုအခြေအနေ တိုးတက်ကောင်းမွန်အောင် လမ်းပြစေ့ဆော်မှု လုပ်ပေးခဲ့ရာတွင်လည်း ချန်မိုအောင်က ကောင်းမွန်အဆင်ပြေစွာ လိုက်ပါလုပ်ဆောင်နိုင်လေရာ ခွန်လွန်ဂိုဏ်းချုပ်မှာ ပို၍ပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရလေ၏။

ထို့ကြောင့် ချန်မိုအောင်၏အတွင်းအား အဆင့်ကုန် ထုတ်သုံးလာသည်အထိ လုပ်ဆောင်ခြင်း မပြုတော့ဘဲ ရပ်တန့်လိုက်ရန် ဆုံးဖြတ်သည်။

အတွင်းအားချင်း ရင်ဆိုင်ယှဉ်ပြိုင်နေသည့် အခြေအနေတွင် ရပ်တန့်ခွဲခွာရမှုသည် အလွန်ပင် ဂရုစိုက်ရသည်။



အန္တရာယ်လည်း များလှသည်။

ကျနသေသပ်စွာ ခွဲခွာခြင်းမပြုလျှင် နှစ်ယောက်လုံးဖြစ်စေ၊ တစ်ယောက်ယောက်ဖြစ်စေ အတွင်းဒဏ်ရာ ရနိုင်သည်။

အခန့်မသင့်လျှင် အသက်သေသည်အထိပင် ဖြစ်နိုင်သည်။

ခွန်လွန်ဂိုဏ်းချုပ်သည် အတွင်းအား မြင့်မားနက်ရှိုင်းကာ အတွေ့အကြုံလည်း များပြားကြွယ်ဝသူဖြစ်လေရာ အလွဲအချော် မဖြစ်ရလေအောင် ပိရိသေသပ်စနစ်ကျစွာ နောက်ဆုတ်ခွာထွက်သွားနိုင်ခဲ့သည်။

ရင်တထိတ်ထိတ်ဖြင့် စိုးရိမ်စိတ်မောစွာ ကြည့်နေကြသူတို့ ဒီတော့မှ 'ဟင်း'ချနိုင်ကြလေသည်။

တတိယပွဲ အပြီးသတ်ပြီးသည်နှင့် ခွန်လွန်ဂိုဏ်းချုပ်က ချန်မိုအောင်ကို ခွန်လွန်နဂါးဖြူဓားသမား (၅) အဖြစ် ချီးမြှင့် တာဝန်ပေးကြောင်း ကြေညာရာ ဂိုဏ်းဝင်အားလုံးက တညီတညွတ်တည်း ဩဘာပေးကြလေသည်။

ချန်မိုအောင် ခွန်လွန်နဂါးဖြူဓားသမား (၅) ဖြစ်ပြီးနောက် တစ်လခန့်အကြာတွင် ဂူတန်ဂိုဏ်း၏သိုင်းပညာစွမ်းရည် ယှဉ်ပြိုင်ပွဲတွင် သိုင်းဧည့်သည်ဖြစ် ကြွရောက်ကြည့်ရှုရန် ဖိတ်ကြားစာ လက်ခံရရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ခွန်လွန်ဂိုဏ်းချုပ်ကြီးက ချန်မိုအောင်ကို ခွန်လွန်ဂိုဏ်း၏ ကိုယ်စားလှယ်အဖြစ် ဂူတန်ဂိုဏ်းသိုင်းပြိုင်ပွဲသို့ စေလွှတ်သည်။

ဤသို့ဖြင့် ချန်မိုအောင်သည် ဂူတန်ဂိုဏ်းသား ကျောက်ကျန်းကို အဖော်ခေါ်ကာ ခွန်လွန်တောင်မှ ထွက်ခွာလာခဲ့လေသည်။

* * *



(၄)

ချန်မိုအောင်နှင့်ကျောက်ကျန်းတို့နှစ်ယောက် ဂူတန်တောင်သို့ ခရီးထွက်လာခဲ့ကြသည်။

လမ်းခရီးတစ်လျှောက် မည်သည့်အကြောင်းထူးမျှ မဖြစ်။

အန္တရာယ်လည်း မကြုံရဘဲ ဂူတန်တောင်ခြေအနီးရှိ ခရီးထောက်စခန်းရွာကြီးသို့ ရောက်သွားကြသည်။

ထိုခရီးထောက်စခန်းရွာကြီးသည် ဂူတန်တောင်နှင့် ဘာမျှမဝေးပေ။ ထိုရွာကြီးမှနေ၍ ဂူတန်တောင်သို့ မြန်မြန်သွားလျှင် နှစ်နာရီခန့်၊ ခပ်မှန်မှန်သွားလျှင် ခြောက်နာရီကျော်ကျော်လောက်သာ ကြာသည်။

ချန်မိုအောင်တို့ ခရီးထောက်စခန်းရွာကြီးသို့ ရောက်သောအခါ ညနေဘက် နေဝင်ဖျိုးဖျအချိန် ဖြစ်သည်။

ခရီးဆက်သွားလျှင် ဂူတန်ဂိုဏ်းသို့ရောက်သွားနိုင်သော်လည်း ညဘက်တွင် ဖြစ်နေသည်မို့ အားနာသောကြောင့် ခရီး

www.burmeseclassic.com

www.burmeseclassic.com



ထောက်စခန်းရွာကြီးတွင်ပင် တစ်ညအိပ် နားကြသည်။

ဂူတန်ဂိုဏ်း သိုင်းပြိုင်ပွဲက မနက်ဖြန်နေ့လယ် မွန်းတည့်ချိန်တွင် စတင်ပြုလုပ်မည် ဖြစ်သောကြောင့် ဒီရွာကြီးတွင် ညအိပ်နားကာ နောက်တစ်နေ့ မနက်စောစော ထ၍ ခပ်သွက်သွက် ခရီးနှင်လိုက်လျှင် အချိန်မီ ရောက်သွားနိုင်ပေသည်။

ခရီးထောက်စခန်းရွာကြီးတွင် တည်းခိုဆိုင်တွေ အများအပြား ရှိလေရာ တစ်ညအိပ် နားနေဖို့ကလည်း ဘာမျှအခက်အခဲ မရှိပေ။

ချန်မိုအောင်အနေဖြင့် ဒီလိုမျိုး တာဝန်ယူကာ ဆောင်ရွက်မှုကို ယခုမှ ပထမဆုံးအကြိမ် စတင်လုပ်ကိုင်ရခြင်းဖြစ်ရာ အတန်အသင့်တော့ စိတ်လှုပ်ရှားမှု ရှိနေလေသည်။

သိုင်းပြိုင်ပွဲတစ်ခုသို့သွားရောက်ရသည့် သာမန်ကိစ္စဖြစ်သော်လည်း လမ်းခရီးတွင် နှောင့်နှေးကြန့်ကြာမှုတွေ ရှိလေမည်လားဟု စိတ်တထင့်ထင့် ဖြစ်နေခဲ့သည်။

ယခု ဂူတန်ဂိုဏ်းသို့ ရောက်လုနီးတော့မှပင် စိတ်အတန်အေးလာသည်။ ဘာပြဿနာမှ မတွေ့နိုင်တော့။

မိမိလုပ်ဆောင်ရမည့်ကိစ္စ အေးဆေးစွာ ပြီးပြတ်လေတော့မည်လည်း တွေးမိသည်။



သို့သော် သူ့ဘဝလမ်းကြောင်းကို အပြောင်းအလဲကြီး ပြောင်းလဲစေမည့် အကြောင်းများ စတင်လာတော့မည်ကိုတော့ ချန်မိုအောင် နည်းနည်းလေးမျှ မတွေးမိခဲ့ပါ။

ချန်မိုအောင်နှင့် ကျောက်ကျန်းတို့သည် ညနေစာ အေးအေးဆေးဆေး စားသောက်ကြပြီးနောက် တည်းခိုဆိုင်၏ အနီးတစ်ဝိုက်တွင် ဟိုဟိုဒီဒီလျှောက်ကာ စကားစမြည် ပြောဆိုကြသေးသည်။

ထို့နောက် နှုတ်ဆက်လူခွဲကာ မိမိတို့၏အခန်းများသို့ ခပ်စောစောပင် ဝင်ခဲ့ကြသည်။

---

အိပ်ချင်စိတ် မရှိကြသော်လည်း စိတ်အေးလက်အေး အနားယူကြရန် ဖြစ်သည်။

ချန်မိုအောင်သည် လမ်းလျှောက်ရင်း လမ်းဘေးတွင် တွေ့ရသည့် မြက်စိမ်းပန်းပွင့်လေးတစ်ပွင့် ခူးယူလာခဲ့သည်။

ချန်မိုအောင်သည် လီဝမ်ချိန်းကို မမေ့နိုင်သေးပေ။

မြက်စိမ်းပန်းပွင့်များကို လီဝမ်ချိန်းအား လက်ဆောင်အဖြစ် ပေးခဲ့သည့် နေ့ရက်များအကြောင်း ပို၍စဉ်းစားမိသည်။

မနေ့တစ်နေ့ကလိုလည်း ခံစားရသည်။ ယခု မိမိခူးယူကာ လက်ထဲတွင် ကိုင်ထားလျက်သား ပါရှိလာသည့် မြက်စိမ်းပန်းပွင့်များကို လီဝမ်ချိန်း၏လက်သို့ ပေးလိုသည့်ဆန္ဒသည်လည်း ခါတိုင်း

www.burmeseclassic.com

www.burmeseclassic.com



ထက်ပို၍ ပြင်းပြစွာ ဖြစ်ပေါ်နေသည်။

လီဝမ်ချိန်းနှင့် ပြန်ဆုံတွေ့ရလျှင် ကောင်းမယ်ဟုလည်း တမ်းတမိသည်။ မိမိအတွက် ငှားရမ်းထားသော တည်းခိုခန်းတံခါးကိုဖွင့်ကာ လှျောက်လှမ်းဝင်လိုက်သည့်အချိန်တွင် ချန်မိုအောင်၏ နှလုံးသားသည် သိသိသာသာပင် အခုန်မြန်လာသည်။

တည်းခိုခန်းထဲတွင် လူတစ်ယောက်ရှိနေသည်ကို ချန်မိုအောင် တွေ့ရသည်။

လှေကျင့်သားရနေသော သိုင်းသမားတစ်ယောက်ပီပီ ချန်မိုအောင်သည် အလိုအလျောက်ပင် အသင့်အနေအထား ပြင်လိုက်မိသေးသည်။

သို့သော် ... ထိုသို့ ပြင်ဆင်လိုက်မှုသည် ချက်ချင်းဆိုသလိုပင် ပျက်ပြယ်သွား၏။ တည်းခိုခန်းထဲတွင်ရောက်နေသူမှာ လီဝမ်ချိန်းဖြစ်နေသောကြောင့်ပင်။

✸

ချန်မိုအောင်မှာ မိမိမျက်စိအမြင်ကိုပင် မယုံချင်အောင် ဖြစ်သည်။



လီဝမ်ချိန်းကို သတိရတမ်းတသည့်စိတ်ကြောင့် ထင်ယောင်မြင်မှားဖြစ်သည်လားဟုပင် ထင်မိလေသည်။

သို့သော် ... တောက်ပပွင့်လင်းကာ ခင်မင်မှုအပြည့်ပါသည့် အပြုံးအေးပြုံးကာ ရပ်နေသူမှာ လီဝမ်ချိန်းဖြစ်ကြောင်း တစ်ခဏအတွင်းမှာပင် နားလည်သိရှိသည်။

ထိုသို့သိသွားသည်နှင့် လက်ထဲတွင် ကိုင်လာခဲ့သော မြက်စိမ်းပန်းပွင့်ကို အလိုလိုပင် လှမ်းကာ ပေးလိုက်မိသည်။

လီဝမ်ချိန်းကလည်း ဟိုယခင် နေ့ရက်များတုန်းကလိုပင် ချန်မိုအောင် ကမ်းပေးသော မြက်စိမ်းပန်းပွင့်ကို မလိုက်သင့် လှမ်းယူသည်။ ရိုးတံလေးကို လိပ်ခွေကာ နက်မှောင်သန့်စွမ်းသော ဆံကေသာထက်တွင် ပန်ဆင်သည်။

ချန်မိုအောင်၏စိတ်ထဲတွင် အတိုင်းမသိ ကြည်နူးချမ်းမြေ့သွားရသည်။ မိမိလက်ဆောင်ပေးသော မြက်စိမ်းပန်းပွင့်လေးအား ပန်ဆင်ထားသော လီဝမ်ချိန်းကို အငေးသား ကြည့်မိသည်။

"ကြည့်လှချည်လား ချန်မိုအောင်ရဲ့၊ ကျွန်မကို မမှတ်မိတော့လို့လား"

လီဝမ်ချိန်းက ပြုံးစစနှင့် ပြောလိုက်တော့မှပင် ချန်မိုအောင်မှာ အသိလေး ပြန်ဝင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... အင်း ... အဲ ... မှတ်မိပါတယ်၊ မှတ်မိပါတယ်၊ ဘယ်လိုလုပ်ပြီး ရောက်လာတာလဲ"

"ရှင့်ကိုတွေ့ချင်လို့ တကူးတက စုံစမ်းပြီး လာရတာပေါ့"

"ဘာကိစ္စရှိလို့လဲ"

"အကူအညီတစ်ခု တောင်းမလို့၊ လုပ်ပေးရမှာနော်"

"ဟာ ... လုပ်ပေးရမှာပေါ့၊ ဘာလဲဆိုတာသာ ပြော"

မိမိတစ်ဖက်သတ်ချစ်နေမိသော မိန်းကလေးတစ်ယောက်၏လိုအင်ဆန္ဒကို မဆိုင်းမတွ ဖြည့်ဆည်းလုပ်ဆောင်ပေးတတ်သော ယောကျ်ားပျိုတို့၏သဘာဝအတိုင်း ချန်မိုအောင်က ပျာပျာသလဲ ပြောသည်။

"ဂူတန်ဂိုဏ်းက သိုင်းပြိုင်ပွဲကို ရှင်သွားမလို့ မဟုတ်လား"

"ဟုတ်တယ်"

"ကျွန်မလည်း ရှင်နဲ့အတူတူ လိုက်ချင်တယ်"

"ဒါက ... အင်း ... ဒါက"

ချန်မိုအောင်သည် ဘယ်လိုအဖြေပြန်ပေးရမည်မသိ ဖြစ်သွားသည်။

ခွန်လွန်ဂိုဏ်းချုပ်ကြီးက ဂူတန်ဂိုဏ်းသို့ မိတ်ဆက်ပြန်ကြားသည့်စာထဲတွင် ချန်မိုအောင်နှင့်ကျောက်ကျန်းကို နှစ်ယောက်သား



သိုင်းပညာယှဉ်ပြိုင်ပွဲသို့ ခွန်လွန်ဂိုဏ်းကိုယ်စား တက်ရောက်ရန် စေလွှတ်လိုက်ကြောင်း အတိအလင်း ရေးသားထားသည်။

ချန်မိုအောင်အနေဖြင့် အခြားလူပိုတစ်ယောက် အတူခေါ်သွားလို့မဖြစ်ပါ။

"ဘာလဲ ... ရှင်က ကျွန်မကို အတူခေါ်မသွားချင်လို့လား"

လီဝမ်ချိန်းက မျက်နှာအမူအရာ မသိမသာ တင်းသယောင်လုပ်၍ ပြောလိုက်ရာ ချန်မိုအောင် ပျာပျာသလဲ ဖြစ်သွားရပြန်သည်။

"ဒီလိုသဘောမဟုတ်ပါဘူး၊ ဟို ... ကျွန်တော်တို့ ဂိုဏ်းချုပ်က"

"ရှင်နဲ့ကျောက်ကျန်းတို့နှစ်ယောက်ကိုပဲ သိုင်းပြိုင်ပွဲတက်ရောက်ဖို့ စေလွှတ်လိုက်တယ်လို့ မိတ်ဆက်စာမှာ ရေးထားတာကြောင့်လား"

လီဝမ်ချိန်းကြည့်ရသည်မှာ ချန်မိုအောင် ဂူတန်ဂိုဏ်းသို့ ထွက်လာခဲ့သည့်အကြောင်းကို အတော်ပင် ပြည့်ပြည့်စုံစုံ စုံစမ်းသိရှိထားပုံရသည်။

"ဟုတ်တယ်၊ အဲဒါကြောင့် ခင်ဗျားကို အတူခေါ်သွားဖို့က"

"ဒါလေးများ ဘာခက်တာလိုက်လို့၊ ကျွန်မက ရှင်တို့ဂိုဏ်း

www.burmeseclassic.com

www.burmeseclassic.com



သား ကျောက်ကျန်းလို အယောင်ဆောင်ပြီး လိုက်ခဲ့မှာပေါ့"

"ဟာ ... မဖြစ်ဘူးထင်တယ်၊ ကျောက်ကျန်းကို ဘယ်မှာထားရမလဲ"

"ဘယ်မှ သွားထားစရာမလိုဘူး၊ သူ့ရဲ့တည်းခိုခန်းထဲမှာ ကောင်းကောင်းအိပ်စက်အနားယူပြီး ကျန်နေခဲ့ပေစေပေါ့"

"ကျောက်ကျန်းကို အိပ်ဆေးခတ်ပြီး ထားခဲ့ရမှာလား"

"ဒီသဘောပဲ"

"မကောင်းဘူးထင်တယ်၊ ဒီကိစ္စကို သူများတွေ အထင်အမြင်မမှားရအောင် ဘယ်လိုဖြေရှင်းပြရမှာလဲ"

"ဒါဆိုရင် ကျောက်ကျန်းကို နည်းနည်းပါးပါးနေထိုင်မကောင်းဖြစ်အောင် လုပ်လိုက်မယ်၊ ပြီးရင် ကောင်းကောင်းအနားယူအိပ်စက်စေနိုင်တဲ့ အဖျားပျောက်ဆေး တိုက်လိုက်မယ်၊ သူ နေမကောင်းတာ အနားယူစေချင်လို့ ဂူတန်ကိုဖာ်းကို ခေါ်မသွားဘဲ ထားရစ်ခဲ့တယ်လို့ ပြောပြလိုက်၊ ဒါဆို ရှင့်ကို ဘယ်သူမှ အထင်အမြင်မှားကြတော့မှာ မဟုတ်ဘူး"

ချန်မိုအောင်မှာ ဖြောင့်မတ်တည်ကြည်သော သိုင်းလုလင်တစ်ယောက် ဖြစ်သည်။

လိမ်လည်လှည့်ဖြားသော အလုပ်တွေ မလုပ်ချင်။



လီဝမ်ချိန်းပြောသည်များကို ချက်ချင်းသဘောမတူဘဲ ငြင်းဆန်နေသည်။

လီဝမ်ချိန်းက မရမက အတင်းပူဆာ ပြောဆိုလေရာ နောက်ဆုံးတွင်တော့ ချန်မိုအောင်သည် မိမိ ဘာစ်ဖက်သတ်ချစ်နေသည့် မိန်းကလေး၏အလိုဆန္ဒကို မဆန့်ကျင်နိုင်တော့။

လီဝမ်ချိန်းပြောသည့်အတိုင်း လုပ်ဆောင်ပေးရန် သဘောတူညီလိုက်ရလေသည်။

✱

ချန်မိုအောင်ထံမှ သဘောတူညီမှု ရပြီးနောက် လီဝမ်ချိန်းသည် ကျောက်ကျန်း၏အခန်းထဲသို့ တိတ်တဆိတ် ဝင်ရောက်သည်။

ကျောက်ကျန်းကို နှစ်ခြိုက်စွာ အိပ်ပျော်သွားစေရန် အကြောထိုးပိတ်သည်။

ထို့နောက် အခန်းပြတင်းပေါက်ကိုဖွင့်ကာ ကျောက်ကျန်းကို ပြတင်းပေါက်နား လေတိုက်ရာလမ်းကြောင်းတည့်တည့်တွင် စောင်မခြုံဘဲ အိပ်နေစေရန် လုပ်ထားပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အနားမှစောင့်ကာ ကျောက်ကျန်း၏အဝတ်များတွင် ရေ အနည်းငယ်စိုနေစေရန် ပက်ဖျန်းပေးလိုက်သေးသည်။

ညဦးသန်းခေါင်ရောက်တော့မှ ကျောက်ကျန်းကို အိပ်ရာပေါ် ပြန်တင်ပေးသည်။

ခြေရာလက်ရာမပျက် စောင်ခြုံအိပ်နေသည့် အနေအထား ရှိရန် လုပ်ပေးပြီး အသာပြန်ထွက်လာခဲ့သည်။

သန်းခေါင်ယံအချိန်အထိ လေစိမ်းအတိုက်ခံခဲ့ရမှုကြောင့် ကျောက်ကျန်းမှာ အအေးမိလျက် နောက်တစ်နေ့ နံနက်စောစော (ဂူတန်တောင်တန်းသို့ ခရီးဆက်ရန်) ချန်မိုအောင်က လာနှိုးသောအခါ ဖျားနေလေတော့သည်။

ချန်မိုအောင်လည်း လီဝမ်ချိန်း ကြိုတင်ပေးထားသော အဖျားပျောက်ဆေးကို တည်းခိုခန်းပိုင်ရှင်ထံမှ သွားတောင်းယူခဲ့သည့်သဘောမျိုး ပြောဆိုကာ ကျောက်ကျန်းအား တိုက်ကျွေးသည်။

ထိုဆေးသည် အအေးမိ အဖျားပျောက်ဆေးအပြင်းစား ဖြစ်သည်။

အအေးမိ အဖျားပျောက်ဆေးတို့၏ သဘောသဘာဝ အတိုင်း ကောင်းစွာအိပ်ပျော်စေသော အာနိသင်လည်း ရှိလေရာ ဆေးသောက်ပြီးနောက် ခဏအကြာမှာပင် ကျောက်ကျန်းသည်



အသက်မှန်မှန်ရှူကာ နှစ်ခြိုက်စွာ အိပ်ပျော်သွားလေသည်။

ချန်မိုအောင်လည်း တည်းခိုရိပ်သာ အောက်ထပ်သို့ အသာ ဆင်းလာခဲ့သည်။ အရုဏ်ပင် မတက်သေးသောကြောင့် တည်းခိုရိပ်သာ အောက်ထပ်စားသောက်ခန်းမကြီးထဲတွင် လူရှင်း၍နေသည်။

တည်းခိုရိပ်သာ၏ ညပိုင်းတာဝန်ခံဖြစ်သူသည် ငွေသိမ်းစားပွဲတွင် ထိုင်ငိုက်နေသည်။

ချန်မိုအောင် ငွေသိမ်းစားပွဲရှေ့တွင် သွားရပ်တော့မှ ငိုက်နေရာမှ ဖျတ်ခနဲ မော့ကြည့်သည်။

“ကျွန်တော် ဂူတန်တောင်ပေါ်သွားမလို့၊ ကျွန်တော့်ညီလေးကတော့ ညက အအေးမိပြီး နည်းနည်းဖျားနေတယ်၊ အဲဒါ ဆေးတိုက်ပြီး သိပ်ထားခဲ့တယ်၊ သူ ကောင်းကောင်းအိပ်ပါစေ၊ ညနေစောင်းလောက်မှ နိုးလိမ့်မယ် ထင်တယ်၊ ကျွန်တော်မရောက်ခင် သူ နိုးလာရင်တော့ အသားစုံ ဆန်ပြုတ်တစ်ခွက် စီစဉ်ပေးထားနှင့်ပါ”

ချန်မိုအောင်က ကျောက်ကျန်းအတွက် စိတ်ချလက်ချဖြစ်အောင် ပြောဆိုမှာကြားသည်။

“စိတ်ချပါ၊ ကျွန်တော်တို့ ဂရုစိုက်လိုက်ပါ့မယ်”

“ကျေးဇူးတင်ပါတယ်”

www.burmeseclassic.com

www.burmeseclassic.com



"အားနာစရာမလိုပါဘူး"

ချန်မိုအောင် တည်းခိုရိပ်သာမှ ထွက်လာခဲ့သည်။

တည်းခိုရိပ်သာနှင့် မလှမ်းမကမ်းတွင် လီဝမ်ချိန်းက အသင့်စောင့်နေသည်။

လီဝမ်ချိန်းသည် ကျောက်ကျန်း၏အဝတ်အစားများထိုဝတ်ဆင်ကာ ခွန်လွန်ဂိုဏ်းသားလူငယ်သိုင်းသမားတစ်ယောက်အဖြစ် ရုပ်ဖျက်ထားပြီး ဖြစ်သည်။

နှစ်ယောက်သား မြင်းကိုယ်စီစီးကာ ဂူတန်တောင်သို့ ထွက်လာခဲ့ကြသည်။

မိမိ၏ဘဝတွင် ပထမဆုံးအကြိမ် လုပ်ကြံလှည့်စားမှုပြုလုပ်ရသည့်အတွက် ချန်မိုအောင်မှာ လိပ်ပြာမလုံဘဲ စိတ်လှုပ်ရှား၍နေသည်။

တစ်ဖက်တွင်လည်း မိမိစိတ်ထဲမှကျိတ်ကာ ချစ်မြတ်နိုးနေပြီး ဘယ်လိုမှ ပြန်ဆုံနိုင်တော့မည်ဟု ထင်မထားသော လီဝမ်ချိန်းနှင့် ပြန်ဆုံရရုံသာမက အတူတူယှဉ်ကာ ခရီးသွားရသည့်အတွက် စိတ်ကြည်နူး ပျော်ရွှင်မှုလည်း ခံစားနေရသည်။

နှစ်ယောက်သား နှုတ်ဆိတ်စွာပင် မြင်းများကို နှင်နေကြသည်။



လီဝမ်ချိန်း မည်သို့ရှိမည်တော့ မပြောတတ်။

ချန်မိုအောင်၏စိတ်ထဲတွင် တိတ်တိတ်လေးကျိတ်ကာ လီဝမ်ချိန်းကို စကားတွေ အများကြီး အသံတိတ်ပြောနေမိသည်။

မြင်းများကို အသော့နှင်လာခဲ့ကြရာ နံနက် (၁၀) နာရီကျော်ကျော်လောက်တွင် ဂူတန်ဂိုဏ်းသို့ ရောက်သွားကြလေသည်။

ညွှန်ကြားတာဝန်ခံက အသင့်ကြိုဆိုကာ ဂူတန်ဂိုဏ်းချုပ်ကြီးရှေ့မှောက်တွင် ချက်ချင်းပို့ပေးသည်။ ချန်မိုအောင်မှာ မိမိကိုယ်မိမိ လိပ်ပြာမလုံဘဲ ပြောမှားဆိုမှား ရှိမည်စိုးသောကြောင့် စကားသိပ်မပြော။ မပြောမဖြစ်သည့်စကားများကိုပင် ခပ်တိုတို ပြောဆိုသည်။

ခွန်လွန်ဂိုဏ်းဝင် သိုင်းလုလင်လေးတစ်ယောက်လို ဟန်ဆောင်ထားသော လီဝမ်ချိန်းကသာ ထုံးတမ်းစဉ်လာ ဂါရဝပြုစကားများ ဖြည့်စွက်ပြောကြားရသည်။

ထို့ပြင် ခွန်လွန်ဂိုဏ်းချုပ်ကြီး၏မိတ်ဆက်အကြောင်းပြန်စာကိုလည်း လီဝမ်ချိန်းကပင် ဂူတန်ဂိုဏ်းချုပ်ကြီးလက်သို့ ပေးအပ်ပေးရလေသည်။

လီဝမ်ချိန်း၏ပါးနပ်လိမ္မာစွာ ပြောတတ်ဆိုတတ်မှုကြောင့် အစစအဆင်ပြေ ချောမောသွားခဲ့သည်။ ဂိုဏ်းချုပ်ကြီးနှင့် ဂူတန်ဂိုဏ်းသား အကြီးအကဲများမှာ မည်သို့မျှ သံသယမဖြစ်ခဲ့ကြပေ။

www.burmeseclassic.com

www.burmeseclassic.com



ဂူတန်ဂိုဏ်းမှ ကည်ခင်းဧည့်ဝတ်ပြုသော လက်ဖက်ရည် ကြမ်းနှင့် အချိုမုန့်များကို စားသောက်ကာ နားနေကြပြီးနောက် နေ့ မွန်းတည့်ချိန်တွင် သိုင်းပညာယှဉ်ပြိုင်ပွဲ ကျင်းပမည့်နေရာသို့ ကြိုဆို ခေါ်ဆောင်လာသော ဂူတန်ဂိုဏ်း ဧည့်ကြိုတာဝန်ခံနှင့်အတူ သွား ကြလေသည်။

✱

သိုင်းပြိုင်ပွဲကို ဂူတန်ဂိုဏ်း ပရဝဏ်အတွင်းရှိ အဆောင်ငယ် တစ်ခုတွင် ပြုလုပ်သည်။

သိုင်းပြိုင်ပွဲတွင် ဂူတန်ဂိုဏ်းချုပ်ကြီးနှင့် ဂူတန်ဂိုဏ်း၏ အကြီးအကဲ သိုင်းသမား (၇) ယောက်၊ ချန်မိုအောင်တို့ကဲ့သို့ပင် ရှောင်လင်ဂိုဏ်း၊ အော်မေဂိုဏ်းနှင့် ချီတိုက်ဂိုဏ်းတို့မှ ကိုယ်စားလှယ် တစယောက်နှင့် နောက်ပါ ဂိုဏ်းဝင်သိုင်းသမားတစ်ယောက်သာ ပရိသတ်အဖြစ် ရှိကြသည်။

အနီရောင်ပဝါများ ခေါင်းတွင် စည်းထားသော ဂူတန်ဂိုဏ်း သား (၇) ယောက်နှင့် အဖြူရောင်ပဝါများ ခေါင်းတွင် စည်းထား



သည့် ဂူတန်ဂိုဏ်းသား (၇) ယောက်တို့ တစ်ဖက်စီခွဲကာ သိုင်းပညာ ယှဉ်ပြိုင်သည်။

ဂူတန်ဂိုဏ်း၏နာမည်ကျော်ခုနစ်စင်ကြယ်သိုင်းပညာကို ထုတ်သုံးယှဉ်ပြိုင်ကြခြင်းဖြစ်သည်။

သို့သော် ချန်မိုအောင်၏အမြင်တွင်မူ သိုင်းပညာယှဉ်ပြိုင် သည်ထက် သိုင်းလေ့ကျင့်မှု ပြုလုပ်သည့်သဘောမျိုးသာ ဖြစ်သည် ကို တွေ့ရလေသည်။

အဖြစ်သဘောလုပ်သည့် သိုင်းပညာ ယှဉ်ပြိုင်ပွဲဟုပင် ဆို နိုင်သည်။ သို့သော် ဤဘာမျှမဟုတ်သော ယှဉ်ပြိုင်ပွဲသို့ မိမိတို့ ခွန်လွန်ဂိုဏ်းနှင့်တကွ ရှောင်လင်ဂိုဏ်း၊ အော်မေဂိုဏ်း၊ ချီတိုက်ဂိုဏ်း တို့မှ အထူးကိုယ်စားလှယ်များ စုံညီလာရောက်ကြည့်ရှုကြမှုကြောင့် အခြားထူးခြားသည့် အကြောင်းကိစ္စတစ်ခုခု ရှိကောင်းရှိနိုင်မည်ဟု တော့ ချန်မိုအောင် တွေးမိလေသည်။

သိုင်းပညာယှဉ်ပြိုင်ပွဲသည် တစ်နာရီမျှမကြာ။ အချိန်တို တိုနှင့်ပင် ပြီးဆုံးသည်။ ထို့နောက် နေ့လယ်စာ ကည်ခင်းဧည့်ခံသည်။

နေ့လယ်စာ စားသောက်ပြီးသောအခါ ဂူတန်ဂိုဏ်းချုပ်ကြီး က သက်ဆိုင်ရာ ဂိုဏ်းချုပ်များထံပေးရန် စာတစ်စောင်နှင့် အထုပ် တစ်ထုပ်တို့ကို အထူးကိုယ်စားလှယ်များလက်သို့ အပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ချန်မိုအောင်လက်ခံယူလာခဲ့သော ခွန်လွန်ဂိုဏ်းချုပ်ကြီးအတွက် စာနှင့် ကတ္တီပါအနီဖြင့် သေသေသပ်သပ်ထုပ်ပိုးထားသောအထုပ်ကို လီဝမ်ချိန်းက အသာဆီးယူကာ ထိန်းသိမ်းပေးထားသည်။

အထူးကိုယ်စားလှယ်များ ဂူတန်ဂိုဏ်းချုပ်ကြီးကို အရိုအသေပေး နှုတ်ဆက်ပြီးနောက် ဂူတန်ဂိုဏ်းမှ ထွက်လာခဲ့ကြလေသည်။

သူတို့သည် စခန်းထောက်ရွာကြီးသို့သွားကြရန် လမ်းကြောင်းတူသော်လည်း အတူတူမသွားကြပါ။ မိမိဘာသာ သီးခြားလူစုခွဲ၍ သွားကြလေသည်။

ဂူတန်ဂိုဏ်းသို့ အသွားခရီးတွင် နှုတ်ဆိတ်နေခဲ့သော လီဝမ်ချိန်းသည် ဂူတန်ဂိုဏ်းမှ ပြန်လာသောခရီးတွင်မူ စကား ဖောင်လောက်အောင်ပင် ပြောသည်။ အရှင်အမြူး အစအနောက်လေးများနှင့်ပြောသော လီဝမ်ချိန်း၏စကားများသည် ချန်မိုအောင်ကို စိတ်ရွှင်လန်းချမ်းမြေ့စေသည်ကတော့ အမှန်။

ချန်မိုအောင် အတော်လည်း ပျော်ရွှင်နေသည်။

လီဝမ်ချိန်း၏စကားချိုချိုလေးများတွင်သာ အာရုံနှစ်မြှောနေသည်။



အခြားအရာအားလုံးကို မေ့သလိုဖြစ်နေလေတော့သည်။

“ဂူတန်ဂိုဏ်းသိုင်းပြိုင်ပွဲဆိုလို့ စိတ်ဝင်စားစရာ သိုင်းကွက်ဆန်းတွေများ ပွဲမလားလို့ တကူးတက လိုက်ကြည့်တာ၊ သူတို့က ခုနစ်စင်ကြယ်သိုင်းပညာကို လေ့ကျင့်ကစားပြကြတာပဲ၊ ဘာပဲဖြစ်ဖြစ် ကျွန်မကို ကူညီပြီး ခေါ်သွားပေးတာကိုတော့ အများကြီး ကျေးဇူးတင်ပါတယ်၊ တစ်သက်လုံး အမှတ်တရ ဖြစ်နေပါ့မယ်”

ခရီးထောက်စခန်းရွာကြီးကို လှမ်းမြင်ရလောက်သည့်နေရာသို့ရောက်လာကြသောအခါ လီဝမ်ချိန်းက ပြောသည်။

“ခင်ဗျား ဆန္ဒပြည့်ဝပြီး စိတ်ချမ်းသာမယ်ဆိုရင် ကျွန်တော်နောင်တမရပါဘူး”

“ကျွန်မ စိတ်ချမ်းသာပါတယ်၊ ပျော်ပါတယ်တဲ့ရှင်၊ ကဲ ... ရော့”

လီဝမ်ချိန်းက အပေါ်တွင်ထပ်ဝတ်ထားသော ခွန်လွန်ဂိုဏ်း၏သိုင်းဝတ်စုံကို ခပ်သွက်သွက်ချွတ်၍ ချန်မိုအောင်ကို လှမ်းပေးသည်။ သူမ ဝက်ဆင်နေကျဖြစ်သော အစိမ်းနုရောင်ဝတ်စုံလေး နှင့်ဖြစ်သွားသည်။

“ဒါက ဘာ ... ဘာလုပ်ရမှာလဲ”

ချန်မိုအောင်က နားမလည်နိုင်ဘဲ ပြန်မေးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျောက်ကျန်းကို ပြန်ပေးလိုက်ပေါ့၊ သွားမယ်၊ နှုတ်ဆက်တယ်"

ပြောလည်းပြော၊ နှုတ်လည်းဆက်၊ မြင်းကိုလည်း ခြေတို့သည်။ နှုတ်ဆက်သံ မဆုံးမီမှာပင် လီဝမ်ချိန်း၏စီးမြင်းသည် တစ်ဟုန်ထိုး ပြေးထွက်သွားလေတော့သည်။

ချန်မိုအောင်မှာ ကြောင်အမ်းအမ်းဖြစ်ကာ ကျန်နေခဲ့သည်။

ရုတ်တရက် ဘာပြော၍ ဘာလုပ်ရမည်မသိ။

စိုင်းနှင်ထွက်သွားသော လီဝမ်ချိန်း၏မြင်း အတော်ဝေးဝေးသို့ရောက်မှပင် မိမိတို့ဂိုဏ်းချုပ်ကြီးအတွက် ပေးလိုက်သော စာလွှာနှင့် အထုပ်ငယ်တို့ လီဝမ်ချိန်း၏သိမ်းထားရာမှ ပြန်မတောင်းလိုက်ရသည်ကို သတိရသည်။

လီဝမ်ချိန်းနောက်သို့ လိုက်မည်ပြုသော်လည်း အဝေးတွင် ရောက်သွားပြီမို့ လိုက်မီနိုင်တော့မည်မဟုတ်၍ လေပူတစ်ချက်သာ မှုတ်ထုတ်မိသည်။

အစတွင်တော့ လီဝမ်ချိန်းသည် သူမ၏စရိုက်အတိုင်း ပေါဟောဒိုင်းဒိုင်းဆိုသလို ထွက်သွား၍ စာလွှာနှင့် အထုပ်ပေးခဲ့ရန် မေ့သွားခြင်းဖြစ်မည်ဟု စဉ်းစားသည်။ သူမထံတွင် ပါလာမှန်းသိလျှင် မိမိကို ပြန်လာပေးမည်ဟုလည်း တွက်သည်။



သို့ရာတွင် ချန်မိုအောင်နှင့် ကျောက်ကျန်းတို့ ခွန်လွန်ဂိုဏ်းသို့ ပြန်ရောက်သည်အထိ လီဝမ်ချိန်း ပေါ်မလာခဲ့ပေ။

ထို့ပြင် ခွန်လွန်ဂိုဏ်းသို့ ပြန်ရောက်သောအခါတွင်မှ မိမိအလွန်ကြီးကျယ်သော အမှားတစ်ခုကို ကျူးလွန်မိခဲ့မှန်း ချန်မိုအောင်နားလည်သိရှိရလေတော့သည်။

❋

ချန်မိုအောင်ကို့ကို ခွန်လွန်ဂိုဏ်းချုပ်ကြီးကိုယ်တိုင် ကြိုဆိုသည်။

ခွန်လွန်ဂိုဏ်းချုပ်ကြီးသည် ချန်မိုအောင်ကို သူ၏သီးသန့်စာဖတ်ခန်းသို့ ချက်ချင်းဆိုသလို ခေါ်ဆောင်သွားသည်။

ကျောက်ကျန်းကိုတော့ နားနေရန် ခွင့်ပေးလိုက်သည်။

"အားလုံး အဆင်ပြေ ချောမောတယ်မဟုတ်လား"

သီးသန့်စာကြည့်ခန်းထဲသို့ နှစ်ယောက်သား ရောက်သွားကြသောအခါ ခွန်လွန်ဂိုဏ်းချုပ်ကြီးက မေးသည်။

"ဟုတ် ... ဟုတ်ကဲ့ ... အဆင်ပြေပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



လီဝမ်ချိန်းအတွက် လုပ်ကြံလုပ်ညှဉ်စားမှု လုပ်ခဲ့ရမှုကြောင့် ကိုယ့်လိပ်ပြာ ကိုယ်မလုံဖြစ်နေသော ချန်မိုအောင်မှာ ဣန္ဒြေမပျက်ရအောင် အတော်ထိန်းနေရသည်။ အသံသည် မသိမသာ တုန်ယင်နေသည်။

"ဂူတန်ဂိုဏ်းက လွှဲပြောင်းပေးလိုက်တဲ့ ပင်လယ်အားမာန်မြေပုံကို မင်းပဲ ကိုယ်နဲ့မကွာ သိမ်းထားပြီး သေသေချာချာ ထိန်းသိမ်းစောင့်ရှောက်ပေတော့"

"ဂူတန်ဂိုဏ်းက ဘာမြေပုံမှ မပေးလိုက်ပါဘူး"

ချန်မိုအောင် အလန့်တကြားပင် ပြန်ပြောမိသည်။ တစ်စုံတစ်ရာမှာ အရေးကြီးနေပြီဟုလည်း နားလည်သည်။ ခွန်လွန်ဂိုဏ်းချုပ်ကြီးက တစ်ချက်ပြုံးလိုက်ကာ ...

"တစ်ခုခုတော့ မင်းကို ပေးလိုက်မှာပေါ့"

"ဟို ... ဟိုသင်း ... ဟို ... ဟို"

ချန်မိုအောင် ဘယ်လိုဖြေရမည်မသိ။ အထစ်ထစ်အငေါ့ငေါ့ဖြစ်နေသည်။

"သူတို့ ဘာပေးလိုက်သလဲ ပြောစမ်းပါဦးဟ"

"စာတစ်စောင်နဲ့ အထုပ်တစ်ထုပ်ပါ ဆရာ"

"အဲဒီအထုပ်ထဲမှာဖြစ်ဖြစ်၊ စာအိတ်ထဲမှာဖြစ်ဖြစ် ပင်လယ်



အားမာန်မြေပုံ ရှိလိမ့်မယ်၊ ဖွင့်ကြည့်လေ"

ချန်မိုအောင် ဘယ်လိုမှ ဣန္ဒြေမထိန်းနိုင်တော့။

သိသိသာသာပင် မျက်စိပျက် မျက်နှာပျက်သွားသည်။

"ချန်မိုအောင် ... မင်း ဘာဖြစ်တာလဲ၊ အမှန်အတိုင်း ပြောစမ်း"

ချန်မိုအောင်သည် ခွန်လွန်ဂိုဏ်းချုပ်ကြီးရှေ့မှောက်တွင် ဒူးထောက်ချလိုက်ပြီး ...

"ကျွန်တော့်အမှားပါဆရာ၊ ကျွန်တော့်ကို အပြစ်ပေးပါ"

ခွန်လွန်ဂိုဏ်းချုပ်ကြီးမျက်နှာ ကွက်ခနဲ တစ်ချက်ပျက်သလိုဖြစ်သည်။

"ဘယ်လိုအမှားလုပ်ခဲ့တာလဲ၊ သေသေချာချာပြော"

အခြေအနေ အရေးကြီးမှန်း နားလည်သည့်အတွက် ချန်မိုအောင်သည် ဖြစ်ပျက်ခဲ့သမျှ အကြောင်းစုံကို ထုတ်ဖော်ဝန်ခံလိုက်လေတော့သည်။

"တောက် ... ချန်မိုအောင်ရယ် မင်းကွာ အဲဒီလီဝမ်ချိန်းဟာ ဘယ်လိုလူလဲဆိုတာ မင်း နည်းနည်းလေးမှ အကဲမခတ်မိဘူးလား"

အကြောင်းစုံ ကြားသိရပြီးသောအခါ ခွန်လွန်ဂိုဏ်းချုပ်ကြီးက ခေါင်းခါယမ်းကာ စိတ်ပျက်စွာပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"သူဟာ ဒီလိုလှည့်စားတာမျိုး လုပ်မယ်လို့ ကျွန်တော် လုံးဝမထင်ပါဘူးဆရာ၊ သူဟာ ကျွန်တော့်ရဲ့ ဟို ... မိတ်ဆွေကောင်း တစ်ယောက်ပါ"

ချန်မိုအောင်၏ ဤပြောစကားများကို ကြားရသောအခါ မိမိ၏တပည့်သည် ချန်မိုအောင်အပေါ် စွဲလမ်းချစ်ခင် ကြိုက်နေကြောင်းကို အတွေ့အကြုံကြွယ်ဝသော ခွန်လွန်ဂိုဏ်းချုပ်ကြီး ရိပ်မိသည်။

လီဝမ်ချိန်းက ထိုအချက်ကို အခွင့်ကောင်းအဖြစ် အသုံးချကာ ချန်မိုအောင်ကို လှည့်စားသွားမည်ဟုလည်း တွေးမိကြသည်။

"မင်းကို လှည့်စားခဲ့တာက ဘာမှမဟုတ်ပါဘူး၊ ဒီမိန်းက လေး ဘယ်လိုလဲဆိုတာကို မင်း သေသေချာချာ မသိသေးဘူး ထင် တယ်"

"သူက ဘယ်လိုဖြစ်နေလို့လဲ ဆရာ"

"သရဲအရိပ်ဓားဒေဝီ လီဝမ်ချိန်းဆိုတာကို မင်းမကြားမိ ဘူးလား"

"အဲဒါ သူတင်စားနာမည်ပဲ၊ ကျွန်တော် သိပါတယ်"

"သရဲအရိပ်ဓားဒေဝီ လီဝမ်ချိန်းရဲ့ ရမ်းကားမှုတွေကိုကော မင်း သိရဲ့လား"



"သူက ဘာတွေများ ရမ်းကားနေလို့လဲ"

"သရဲအရိပ်ဓားဒေဝီ လီဝမ်ချိန်းဟာ ရက်ရက်စက်စက် တိုက်ခိုက်သတ်ဖြတ်နေတဲ့လူပဲ၊ သူ့ကြောင့် မရှုမလှ အသက်ဆုံးခဲ့ရ တဲ့ သိုင်းသမားတွေ မနည်းတော့ဘူး၊ ဒီနှစ်ပိုင်းအတွင်းမှာပင် ကင်း မြီးနက် ထိုင်းယွဲ့ဟို၊ ဖားပြုပ်ဖြောင်းထန်ဟန်နဲ့ မဟူရာသူဌေး ကုန်း ယိကျည်တို့ကို တိုက်ခိုက်သတ်ဖြတ်ခဲ့တယ်"

ကင်းမြီးနက်ထိုင်းယွဲ့ဟို၊ ဖားပြုပ်ဖြောင်းထန်ဟန်နှင့် မဟူ ရာသူဌေး ကုန်းယိကျည်တို့မှာ အတော် နာမည်ထင်ရှားသော သိုင်း သမားများ ဖြစ်ကြသည်။

သူတို့သေဆုံးခဲ့သည့်သတင်းကိုလည်း ချန်မိုအောင် အသံ သဲ့သဲ့ ကြားဖူးသည်။ သို့သော် သရဲအရိပ်ဓားဒေဝီ လီဝမ်ချိန်း၏လက် ချက် ဖြစ်သည်ဆိုခြင်းကိုမူ ယခု ခွန်လွန်ဂိုဏ်းချုပ်ကြီး ပြောပြမှပင် သိသည်။

"အဲဒီလူတွေနဲ့ လီဝမ်ချိန်း ဘယ်လိုရန်ငြိုးရန်စ ရှိခဲ့လို့လဲ"

"ငါ သိရသလောက်တော့ ဘာရန်ငြိုးရန်စမှ မရှိဘူး"

"အကြောင်းမဲ့သက်သက် ရမ်းကားတိုက်ခိုက်တဲ့သဘော လား"

"အဲဒါကတော့ ပြောရခက်တယ်၊ ဒါပေမဲ့ ရန်ငြိုးရန်စမရှိဘဲ

www.burmeseclassic.com

www.burmeseclassic.com



ရက်ရက်စက်စက် တိုက်ခိုက်သတ်ဖြတ်သွားတာကတော့ နည်းလမ်းမကျဘူး”

“လီဝမ်ချိန်းနှင့်ပင်လယ်အားမာန်မြေပုံဆိုတာက ဘယ်လိုပတ်သက်နေလို့လဲ ဆရာ”

“လီဝမ်ချိန်းတို့ရဲ့ သရဲအရိပ်ဓားသိုင်းပညာရဲ့သော့ချက်သိုင်းကွက်သုံးကွက် အဲဒီပင်လယ်အားမာန်မြေပုံထဲမှာရှိနေတယ်၊ အခုအချိန်မှာတောင် လီဝမ်ချိန်းတို့ရဲ့ သရဲအရိပ်ဓားသိုင်းကို ရင်ဆိုင်ယှဉ်နိုင်လူ သိပ်မရှိဘူး ဖြစ်နေတာ၊ ပင်လယ်အားမာန်မြေပုံထဲက သော့ချက်သိုင်းကွက်သုံးကွက်ကို ရသွားရင် ကျားကို အတောင်တပ်ပေးသလို ဖြစ်မယ်၊ ရက်စက်ကြမ်းကြုတ်တဲ့ တိုက်ခိုက်သတ်ဖြတ်မှုတွေ အသောမသတ်နိုင်အောင် ဖြစ်လာလိမ့်မယ်”

ချန်မိုအောင် အလွန်ပင် စိတ်ထိခိုက်နေသည်။

ခွန်လွန်ဂိုဏ်းချုပ်ကြီးကိုယ်တိုင်က ပြောဆိုခြင်းမဟုတ်လျှင် လီဝမ်ချိန်းသည် ရက်စက်ကြမ်းကြုတ်စွာ တိုက်ခိုက်သတ်ဖြတ်နေသူတစ်ယောက်ဟု ချန်မိုအောင် ဘယ်လိုမှလက်ခံနိုင်မည် မဟုတ်ပေ။

“မင်းအပြစ်က ကြီးလွန်းတယ်၊ လှည့်စားတာ ခံခဲ့ရပေမယ့်လို့ ခွင့်လွှတ်လို့မဖြစ်ဘူး၊ အပြစ်ဒဏ်ချမှတ်ရမှာပဲ”

“ချမှတ်တဲ့ အပြစ်ဒဏ်ကို ကျွန်တော် ခံယူပါ့မယ် ဆရာ”



“မင်းကို ခွန်လွန်ဂိုဏ်းကနေ အပြီးအပိုင် ထုတ်ပယ်ပစ်လိုက်တယ်၊ မင်းနဲ့ခွန်လွန်ဂိုဏ်း ဘယ်လိုမှ ပတ်သက်မှု မရှိတော့ဘူး”

ချန်မိုအောင် ခေါင်းငိုက်စိုက်ကျသွားသည်။

သူသည် ခွန်လွန်ဂိုဏ်းသားအဖြစ်ကို အလွန်ဂုဏ်ယူခဲ့သည်။ ယခုတော့ ခွန်လွန်ဂိုဏ်းဝင်အဖြစ်မှ စွန့်လွှတ်ထွက်ခွာရပေတော့မည်။

တာဝန်မကျေပွန်ဘဲ အပြစ်ကြီးကျူးလွန်ခဲ့မိ၍ ဂိုဏ်းမှ ထုတ်ပယ်ခံခဲ့ရခြင်းဖြစ်ပေရာ လီဝမ်ချိန်းအတွက် အရှက်ရ သိက္ခာကျစရာလည်း ဖြစ်နေသည်။

“မင်းကို ငါ့ရဲ့တပည့်အဖြစ်လည်း မသတ်မှတ်တော့ဘူး”

လီဝမ်ချိန်းရင်ထဲ နင့်ခနဲဖြစ်သည်။ မငိုမိစေရန်ပင် အံကြိတ်ကာ ထိန်းရသည်။ မျက်ရည်တွေကတော့ ပေါက်ပေါက်ကျသည်။

ကြီးလေးသောပြစ်ဒဏ်ချမှတ်မှုဖြစ်သော်လည်း မိမိမှားခဲ့သည့်အမှား မည်မျှကြီးမားလှကြောင်းကို နားလည်သည့်အတွက် လီဝမ်ချိန်းသည် ဘာမျှ စောဒကမတက်။ အပြစ်ကို ခံယူသည်။

“သရဲအရိပ်ဓားဒေဝီ လီဝမ်ချိန်းကို တွေ့အောင်ရှာပြီး နှိမ်နင်းရမယ်၊ သူ့လက်ထဲမှာရောက်သွားတဲ့ ပင်လယ်အားမာန်မြေပုံကို

www.burmeseclassic.com

www.burmeseclassic.com



အရပြန်ယူရမယ်"

ခွန်လွန်ဂိုဏ်းချုပ်ကြီးသည် ဒူးထောက်ဦးခေါင်းစိုက်ညွတ်ကာ မျက်ရည်ပေါက်ပေါက်ကျလျက် ပြစ်ဒဏ်များကို နာခံနေသော မိမိ၏တပည့်ငယ်ကို စိတ်မကောင်းစွာ တစ်ချက်ငုံ့ကြည့်သည်။

"လီဝမ်ချိန်းကို နှိမ်နင်းပြီး ပင်လယ်အားမာန်မြေပုံကို အရပြန်ယူဖို့၊ ချမှတ်တဲ့ပြစ်ဒဏ်ကို ပြည့်စုံအောင် ခံယူထမ်းဆောင်နိုင်ဖို့ ဟောဒီ အရိပ်မဲ့ဓားပျံကို ခဏငှားလိုက်မယ်၊ အပြစ်ဒဏ်ခံယူပြီးရင် သက်ဆိုင်ရာ ခွန်လွန်ဂိုဏ်းချုပ်လက် ပြန်အပ်ရမယ်"

ချန်မိုအောင်သည် ခွန်လွန်ဂိုဏ်းချုပ်ကြီးကို ဖျတ်ခနဲ မော့်ကြည့်မိသည်။

အရိပ်မဲ့ဓားပျံသည် ခွန်လွန်ဂိုဏ်း၏ဂိုဏ်းသိန်းရတနာ ပစ္စည်းတစ်ခုဖြစ်သည်။

သိုင်းလောက၏အစွမ်းထက်မြက်ဆုံးသော လက်နက်ပုန်း တစ်ခုဟုလည်း ဆိုနိုင်သည်။

"သရဲအရိပ်ဓားသိုင်းကို ယှဉ်နိုင်ဖို့ မလွယ်ဘူး၊ လီဝမ်ချိန်းက ပင်လယ်အားမာန်မြေပုံထဲက သော့ချက်ဓားသုံးကွက်ပါ ထပ်ရသွားတော့ ပိုခက်လာပြီ၊ ဒါကြောင့် သူနဲ့ ရင်ဆိုင်ရရင် အနီးကပ် ပိုခက်လာပြီ၊ ဒါကြောင့် သူနဲ့ ရင်ဆိုင်ရရင် အနီးကပ် အနိုင်တိုက်ဖို့ ဘယ်လို



မှ မဖြောင်လင့်နဲ့၊ အရိပ်မဲ့ဓားပျံနဲ့ အဝေးကနေ အပိုင်သာ လှမ်းပစ်ချေမှုန်း၊ အရိပ်မဲ့ဓားပျံကိုပစ်တဲ့နည်းကတော့ ခွန်လွန်ရွှေဆူးပျံ လက်နက်ပုန်းပစ်တဲ့နည်းအတိုင်းပဲ"

ခွန်လွန်ဂိုဏ်းချုပ်ကြီးက ချန်မိုအောင်လက်ထဲသို့ အရိပ်မဲ့ဓားပျံ ထည့်ပေးလိုက်သည်။

ချန်မိုအောင်လည်း ရိုသေစွာ လက်ခံယူသည်။

မိမိကျူးလွန်ခဲ့သည့် အမှားကြီးအတွက် ပြန်လည်ပေးဆပ်နိုင်ရန် အခွင့်အရေးကို ခွန်လွန်ဂိုဏ်းချုပ်ကြီးက ပေးအပ်ခြင်းဖြစ်ကြောင်းကိုလည်း နားလည်လိုက်သည်။

"ကဲ ... မင်း အခုပဲ ခွန်လွန်ဂိုဏ်းက ထွက်ခွာသွားပေတော့"

ဤသို့ ပြောပြီးနောက် ခွန်လွန်ဂိုဏ်းချုပ်ကြီးသည် ချန်မိုအောင်ကို မျက်နှာလွှဲလိုက်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



(၅)

ခွန်လွန်ဂိုဏ်းမှ စွန့်ခွာထွက်လာခဲ့ပြီးနောက် ချန်မိုအောင်သည် အညတရသိုင်းသမားတစ်ယောက်အဖြစ် မထင်မရှားနေထိုင်ကာ လီဝမ်ချိန်းအကြောင်း စုံစမ်းနေခဲ့သည်။

လီဝမ်ချိန်း၏လှည့်စားခဲ့မှုကြောင့် ချန်မိုအောင်မှာ ရည်မှန်းချက်များ အကုန်ပျက်ပြားကာ ဘာမျှော်လင့်ချက်မျှ မရှိတော့သောအဖြစ်သို့ ရောက်ခဲ့ရသော်လည်း လီဝမ်ချိန်းအပေါ်တွင် ရှိခဲ့သည့် ချစ်မေတ္တာစိတ်တို့ကတော့ လျော့ပါးသွားခြင်းမရှိ။

နိုင်မြဲစွာ ဆက်၍ တည်ရှိမြဲ တည်ရှိနေသည်။

လီဝမ်ချိန်းက မိမိအပေါ် လှည့်စားရက်သည့်အတွက်တော့ စိတ်မကောင်းဖြစ်ရသည်။

သရဲအရိုပ်ဓားဒေဝီ လီဝမ်ချိန်းသည် (၃) နှစ်တာမျှတော့ စုပ်စမြုပ်စဆိုသလို ပျောက်ချက်သား ကောင်းနေသည်။

ဘာလှုပ်ရှားမှုမျှမရှိ။ ဘာသတင်းအစမျှ မကြားရ။



(၃) နှစ်ကျော်ပြီးသည့်နောက်တွင်တော့ သရဲအရိပ်ဓားဒေဝီ လီဝမ်ချိန်း၏လှုပ်ရှားမှုများသည် ကြိုးကြားကြိုးကြားဆိုသလို ပေါ်လာသည်။

ချန်မိုအောင်သည် သရဲအရိပ်ဓားဒေဝီ၏လှုပ်ရှားမှုသတင်း သိုးသိုးသန့်သန့်ကြားရသည်နှင့် မဆိုင်းမတွပင် ထိုသတင်းနောက်သို့ လိုက်၍စုံစမ်းနေခဲ့သည်။

ချန်မိုအောင်သည် လီဝမ်ချိန်းနှင့် တွေ့လည်း တွေ့လို၊ မတွေ့လည်း မတွေ့လို။ မိမိ၏တစ်သက်တာတွင် တစ်ယောက်တည်း ချစ်ခင်မြတ်နိုးရလေသော မိန်းမသားတစ်ယောက်ဖြစ်သောကြောင့် တွေ့လို မြင်လိုသည်။

သို့ရာတွင် လီဝမ်ချိန်းနှင့် တွေ့ဆုံရလျှင် သူ့အနေနှင့် ဘယ်သို့မျှ မလွှဲမရှောင်သာဘဲ တိုက်ခိုက်ချေမှုန်းရမည်ဖြစ်သောကြောင့် လီဝမ်ချိန်းကို မတွေ့လို၊ မမြင်လို။

ထိုစိတ်နှစ်ခုသည် မကြာခဏဆိုသလို ချန်မိုအောင်ကို တွေဝေနေစေသည်။ ဒုက္ခပေးနေလေသည်။

မည်သို့ဆိုစေ မိမိအတွက် ချမှတ်ထားသော ပြစ်ဒဏ်သတ်မှတ်ချက်ကတော့ ချန်မိုအောင်အနေဖြင့် လိုက်နာလုပ်ဆောင်ရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



လီဝမ်ချိန်းနှင့်ပတ်သက်၍ ဖြစ်ပျက်လာနိုင်သမျှကို ကံကြမ္မာဟု သဘောထားလိုက်သည်။

ကံကြမ္မာဖန်တီးမှုကိုသာ နာခံတော့မည်။

သရဲအရိပ်ဒေဝီ လီဝမ်ချိန်းက လှုပ်ရှားမှုများ ပြန်လည်ပေါ်ပေါက်လာမှုသည် (၇) နှစ်ကြာမြင့်သောအခါတွင် ပို၍စိပ်လာသည်။

ရက်စက်ကြမ်းတမ်းစွာ တိုက်ခိုက်သတ်ဖြတ်မှုများပင် ဖြစ်၍လာသည်။ သိုင်းလောကတစ်လွှားလည်း အတော်ပင် အုတ်အုတ်ကျက်ကျက် ဖြစ်လာသည်။

မည်သည့်သိုင်းသမားကမျှ လက်ညှိုးထိုးစွပ်စွဲလာခြင်း မရှိသော်လည်း သရဲအရိပ်မားဒေဝီ လီဝမ်ချိန်း ဒီမျှလောက် ရမ်းကားတိုက်ခိုက်လာခြင်းသည် မိမိထံမှ ပင်လယ်အားမာန်မြေပုံယူသွားနိုင်ကာ သရဲအရိပ်မားသိုင်းပညာ၏သော့ချက်မားကွက်ကို လေ့ကျင့်အောင်မြင်သွားသောကြောင့် ဖြစ်မည်ဟူသောအတွေးသည် ချန်မိုအောင်ကို ခြောက်လှန့်နေသည်။

ချန်မိုအောင်မှာ သိုင်းသမားများနှင့် မျက်နှာချင်းဆိုင်ရမည်ကိုပင် လိပ်ပြာမလုံ ဖြစ်နေသည်။

လီဝမ်ချိန်း၏သရဲအရိပ်မားဒေဝီဟူသောအနေအထားကို နှုံမုန်းသောစိတ်နှင့် လီဝမ်ချိန်းအား သာမန်မိန်းမသားတစ်ယောက်



အနေနှင့် နှစ်နှစ်ကာကာ ချစ်မြတ်နိုးသောစိတ်တို့၏ ပဋိပက္ခသည်လည်း ပို၍ပြင်းထန်လာသည်။

သရဲအရိပ်မားဒေဝီ လီဝမ်ချိန်း၏လှုပ်ရှားတိုက်ခိုက်မှုများ ပို၍ စိပ်လာကြသည်နှင့်အတူ ချန်မိုအောင်ကလည်း ပို၍အပူတပြင်း စုံစမ်းရှာဖွေသည်။

လီဝမ်ချိန်းနှင့်ထိပ်တိုက်ရင်ဆိုင် တိုးမိလုလုအဖြစ်မှ တွေ့လွဲမလားဆိုသည့် လွဲသွားမှု သုံးလေးကြိမ်မျှပင် ကြုံရသည်။

ထို့နောက် သရဲအရိပ်မား ဒေဝီ လီဝမ်ချိန်း၏သတင်းကာ ပျောက်သွားခဲ့ပြန်သည်။

❋

ချန်မိုအောင် ခွန်လွန်ဂိုဏ်းမှ ထွက်ခွာလာခဲ့သည်မှာ (၁၆) နှစ်မျှပင် ကြာမြင့်သွားခဲ့လေပြီ။

သတင်းအစ ပျောက်သလိုဖြစ်နေသော သရဲအရိပ်မားဒေဝီ လီဝမ်ချိန်းကိုတော့ ချန်မိုအောင်က ဆက်လက်စုံစမ်းရှာဖွေနေဆဲ။

ဤသို့ရှာဖွေရင်း ကျန်းကျိုးမြို့လေးသို့ ချန်မိုအောင် ရောက်ရှိလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်းကျိုးမြို့လေးတွင် ပင့်ကူစိမ်း ကျိုထူးဆိုသော သိုင်းသမားကြီးတစ်ယောက် နေထိုင်သည်။

ချန်မိုအောင်သည် သိုင်းလောကသားများနှင့် တွေ့ရန် လိပ်ပြာမသန့် မျက်နှာပူသလိုဖြစ်နေသောကြောင့် မည်သည့်မြို့ရွာနယ်ပယ်သို့ရောက်သည်ဖြစ်စေ၊ ဒေသခံသိုင်းသမားများကို သွားရောက်တွေ့ဆုံနှုတ်ဆက်လေ့မရှိပေ။

ယခုလည်း ပင့်ကူစိမ်းကျိုထူးကို သိုင်းလောကထုံးစံအတိုင်း တွေ့ဆုံမိတ်ဆက် ဂါရဝပြုခြင်းမလုပ်ဘဲ ဒုတိယတန်းစား တည်းခိုဆိုင်တစ်ခုတွင် သာမန်ခရီးသွား အရပ်သားတစ်ယောက်အနေဖြင့် အခန်းငှားကာ တည်းခိုနေထိုင်သည်။

ခွန်လွန်ဂိုဏ်းမှ ထွက်ခွာခဲ့ရပြီးနောက် ချန်မိုအောင်သည် လီဝမ်ရှိန်း၏သတင်းကို စုံစမ်းရင်း နေရာအနှံ့ပင် လျှောက်သွားနေခဲ့သည်။

သိုင်းပညာလေ့ကျင့်ခြင်း၊ ပန်းချီရေးဆွဲခြင်း၊ စာပေကဗျာလင်္ကာများ ရေးခြင်းတို့ကိုလည်း အချိန်ရသလို ပြုလုပ်သည်။

ပန်းချီကားများနှင့် ကဗျာလင်္ကာစာပေများကို ရောင်းချခြင်းဖြင့် ချန်မိုအောင်အတွက် လိုအပ်သောစရိတ်စကများ ရရှိသည်။

ပန်းချီရေးဆွဲခြင်း၊ ကဗျာလင်္ကာများ စပ်ဆိုခြင်းတို့ကြောင့်



သူ့ရင်ထဲရှိ လီဝမ်ရှိန်းနှင့်ပတ်သက်၍ ထိခိုက်နာကျင်ခံစားရမှုများသည် အနည်းအကျဉ်း လျော့ပါးသည်။

ယနေ့လည်း တောထဲတောင်ထဲတွင် တစ်ယောက်တည်း ပန်းချီဆွဲ၊ ကဗျာစပ်လုပ်ရန် စိတ်ကူးဖြင့် ချန်မိုအောင်သည် တည်းခိုခန်းမှ နံနက်စာ စားသောက်ပြီးသည်နှင့် ထွက်လာခဲ့သည်။

ဝန်းကျင်တစ်ဝိုက်တွင် လီဝမ်ရှိန်းနှင့်ပတ်သက်၍ ခြေရာလက်ရာ အစအနများကိုလည်း စူးစမ်းရှာဖွေကြည့်ရန်လည်း အစီအစဉ်ရှိပါသည်။

ကျန်းကျိုးမြို့ အနောက်မြောက်ဘက်ရှိ ခင်တန်းတောအုပ်လေး တစ်နေရာသို့အရောက်တွင် တဲအိမ်လေးတစ်လုံးကို လှမ်းတွေ့ရသည်။

ထိုတဲအိမ်လေးကို လှမ်းမြင်လိုက်ရသည်နှင့် ချန်မိုအောင်မှာ လျှောက်လှမ်းနေသောခြေလှမ်းများ ရပ်တန့်သည်။

နှလုံးသား သိမ့်သိမ့်တုန်အောင်လည်း စိတ်လှုပ်ရှားသွားရလေသည်။

အခြားသူများအတွက် ဘာမျှထူးခြားမည်မဟုတ်သော ထိုတဲအိမ်လေးသည် ချန်မိုအောင်ကိုတော့ ကောင်းကောင်းဖမ်းစားဆွဲဆောင်လိုက်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သော (၁၅) နှစ်ကျော်ကျော်က လီဝမ်ချိန်း အတွင်းအားလည်ပတ်မှုလမ်းကြောင်းများ ရှုပ်ထွေးကုန်ကာ အနားယူအတွင်းအားလေ့ကျင့်ကုသခဲ့စဉ်က စိတ်အေးချမ်းသာ နေထိုင်ရန်ချန်မိုအောင် ဆောင်ရွက်ပေးခဲ့သော တဲအိမ်လေးနှင့် တစ်ထေရာတည်း တူညီသော ပုံစံတူတဲလေးဖြင့်နေသောကြောင့်ပင်။

ချန်မိုအောင်စိတ်ထဲတွင် မိမိနှင့်လီဝမ်ချိန်းကို သုံးလကျော်ကြာမျှ အတူတကွနေထိုင်ခဲ့ကြသည့် တဲအိမ်လေးပြန်ရောက်သွားသလို ခံစားရသည်။ ဒီတဲအိမ်လေးကို မည်သူဆောက်လုပ်ထားသည်ကို အထွေအထူး စဉ်းစားစရာမလိုပါ။

"ဝမ်ချိန်း ... ဝမ်ချိန်း"

ရုတ်တရက် ရင်ဘတ်ဖိသလို ဖြစ်သွားပြီးနောက် ချန်မိုအောင်သည် တဲအိမ်လေးရှိရာသို့ အပြေးဝင်သွားလေသည်။

ပါးစပ်မှလည်း လီဝမ်ချိန်း၏အမည်ကို တကြော်ကြော်အော်ခေါ်သည်။ တစ်ခဏအတွင်းမှာပင် တဲအိမ်လေးနားသို့ရောက်သည်။ တဲအိမ်လေးပေါ်သို့ လေ၏လျင်မြန်ခြင်းဖြင့် လွှားခနဲ ခုန်တက်သည်။

တဲအိမ်လေး၏အတွင်းဘက်အခြေအနေကလည်း လီဝမ်ချိန်းနှင့် အတူနေခဲ့သည့် တဲအိမ်လေးနှင့်မခြားနား။



တစ်သဝေမတိမ်းပင် တူညီသည်။ တစ်ခုသာ ခြားနားသည်။ တဲအိမ်လေးထဲတွင် လီဝမ်ချိန်းမရှိ။ ကလေးငယ်လည်း မရှိ။

ချန်မိုအောင်၏ရင်ထဲတွင် ဟာခနဲဖြစ်သည်။

လူကလည်း ကျောက်ရုပ်တစ်ရုပ်လို ငြိမ်၍သွားသည်။ တောင့်တောင့်ကြီး မလှုပ်မယှက် ရပ်နေမိသည်။

ခေတ္တမျှ မလှုပ်မရှား တောင့်တောင့်ကြီး ရပ်နေမိပြီးနောက် တဲအိမ်လေး၏ပြတင်းပေါက်နားရှိ နံရံတွင် မြက်စိမ်းပန်းပွင့်တစ်ပွင့် ချိတ်လျက်သား ရှိနေသည်ကို မြင်မိသည်။

ရုတ်တရက် အသက်ဝင်လာသလို ထိုပြတင်းပေါက်နားသို့ ချန်မိုအောင် လျင်မြန်စွာ ရောက်သွားသည်။

မြက်စိမ်းပန်းလေးသည် ညှိုးနွမ်း၍နေသည်။

ချန်မိုအောင်၏ရင်ကို နင့်ခနဲဖြစ်လျက် လှုပ်ရှားသွားစေသည်က မြက်စိမ်းပန်း၏ရိုးတံကို ခွေလိပ်ထားခြင်းပင်။

ဒီတဲအိမ်လေးတွင် လီဝမ်ချိန်း စတည်းချနေထိုင်ကြောင်း ထင်ရှားသိသာပြီ။ ထို့ပြင် လီဝမ်ချိန်းသည် မိမိကို အမှတ်တရရှိနေဆဲဖြစ်သည်ကိုလည်း ချန်မိုအောင် သိလိုက်ရပြန်သည်။

ချန်မိုအောင်၏ရင် အထူးပင် ထိခိုက်နာကျင်သည်။

လီဝမ်ချိန်းကို ဆုံတွေ့ရလျှင် မိမိအနေဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com



ချန်မိုအောင် လက်သီးများကို တင်းတင်းဆုပ်မိသည်။ အံကိုလည်း တင်းတင်းကြိတ်မိသည်။ တဲအိမ်အတွင်းအပြင်ကို လိုက်လံစူးစမ်းကြည့်မိသည်။

လောလောလတ်လတ် လူနေထိုင်သည့် ခြေရာလက်ရာ အစအနများကို တွေ့ရသည်။

ယခုလောလောဆယ်တွင် လီဝမ်ချိန်းကို မတွေ့ရသော်လည်း ဒီတဲအိမ်လေးသို့ လီဝမ်ချိန်း ပြန်လာလိမ့်မည်ဟု ချန်မိုအောင် တွက်သည်။

ထို့ကြောင့် တဲအိမ်လေးအနားရှိ ချုံပုတ်ကြီးတစ်ခုထဲတွင် ပုန်းအောင်းကာ လီဝမ်ချိန်း ပြန်အလာကို စောင့်သည်။

တစ်နေကုန်သွားသည်။ မိုးသာချုပ်လာသည်။

လီဝမ်ချိန်းက ပြန်မလာပါ။

ချန်မိုအောင်သည် တောထဲတောင်ထဲတွင် နေရာအနှံ့ လျှောက်သွားကာ လီဝမ်ချိန်းကိုလည်း ရှာ ပန်းရှိုလည်းဆွဲ၊ ကဗျာလည်း စပ်ရန် အစီအစဉ်ရှိ၍ တစ်နေ့တာအတွက် အစားအသောက်များ တစ်ပါတည်း ယူဆောင်လာခဲ့၍သာ ထိုနေ့အဖို့ ထမင်းမငတ်ခြင်း ဖြစ်သည်။

တစ်ညလုံးလည်း စိတ်ရှည်လက်ရှည် ဆက်၍စောင့်သည်။



ကောင်းကောင်းပင် မအိပ်နိုင်။

ကြွက်အိပ်ကြွက်နိုးဖြင့်သာ သတိထား၍နေခဲ့သည်။

မိုးစင်စင်လင်းသည့်တိုင် လီဝမ်ချိန်း ပေါ်မလာခဲ့ပါ။

“ဘာပဲဖြစ်ဖြစ် လီဝမ်ချိန်း ဒီနေရာ အနီးဝန်းကျင်မှာ ရောက်နေတာတော့ သေချာနေပြီ၊ ငါ စောင့်နေမှန်း သူက သိလို့ ဒါမှမဟုတ် အခြားတစ်နေရာသို့ သွားနေလို့ ဒီတဲအိမ်လေးကို ပြန်မလာတာ ဖြစ်နိုင်တယ်၊ ဒီတော့ ငါက ဒီနေရာအနှံ့ မြေလှန်ပြီး လိုက်စုံစမ်းရှာဖွေရင် လီဝမ်ချိန်းရဲ့ခြေရာကို ကောက်မိမှာပဲ”

ဤသို့ စိတ်ကူးမိသောကြောင့် ချန်မိုအောင်သည် ကျန်းကျိုးမြို့လေးသို့ အမြန်ပြန်လာခဲ့သည်။

လိုအပ်သည့်ပစ္စည်းများကိုယူကာ မြို့လေးမှ ထွက်လာခဲ့သည်။ မြို့လေးမှအထွက် လမ်းတစ်နေရာတွင် လူတစ်ယောက်နှင့် ရင်ဆိုင်တိုးမိလေသည်။

ထိုသူမှာ ... ချန်မိုအောင်နှင့် ကျန်းကျိုးမြို့အထွက်လမ်းတစ်နေရာတွင် ဆုံမိသူမှာ သူ၏ဆရာတူတပည့်ဖြစ်ခဲ့ဖူးသော ထိုက်ယူဖုန်းပင် ဖြစ် သည်။

သိုင်းလောကသားများနှင့် မဆုံတွေ့ချင်သော်လည်း လမ်းပေါ်တွင် မျက်နှာချင်းဆိုင် တိုးမိနေသည့်အတွက် ချန်မိုအောင်မှာ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ ရှောင်သွား၍မရတော့ပေ။

"ဟာ ချန်မိုအောင် ... မင်းက ဘယ်လိုလုပ်ပြီး ဒီနေရာကို ရောက်နေတာလဲ"

ထိုက်ယူဖုန်းက စတင်နှုတ်ဆက်သည်။

"ဒီလိုပဲ ခြေဦးတည့်ရာ လျှောက်သွားရင်း ရောက်လာတယ်ဆိုပါတော့၊ အစ်ကိုလတ်ကကော အကြောင်းကိစ္စထူး ရှိလို့လား"

လီဝမ်ချိန်းအား လိုက်လံစုံစမ်းရှာဖွေနေမှုကို အသိမပေးလိုသောကြောင့် ချန်မိုအောင်က အဆင်ပြေသလို ပြန်ဖြေလိုက်သည်။

"ပင့်ကူစိမ်း ကျိုထူးကို သရဲအရိပ်ဓားဒေဝီက တိုက်ခိုက်ရန်ပြုနိုင်တယ်လို့ တွက်မိတာကြောင့် လာပြီး အခြေအနေကို စောင့်ကြည့်စုံစမ်းတာ၊ ဘာမှတော့ အကြောင်းမထူးသေးဘူး၊ မင်း နေရေးထိုင်ရေး အဆင်ပြေရဲ့လား"

ပင့်ကူစိမ်းကျိုထူးကို လီဝမ်ချိန်းက လာရောက်တိုက်ခိုက်ရန်ပြုနိုင်သည်ဟု မည်သည့်အကြောင်းကြောင့် တွက်ဆမိရသည်ဆိုခြင်းကို ချန်မိုအောင်က မေးမြန်းကြည့်ချင်သည်။

သို့သော် ထိုသို့မေးလိုက်လျှင် လီဝမ်ချိန်းအကြောင်း မိမိစုံစမ်းနေမှု တစ်စွန်းတစ်စ ပေါ်သွားစရာအကြောင်း ရှိသောကြောင့် မမေးဖြစ်တော့ပေ။



"ဟုတ်ကဲ့ ... အဆင်ပြေပါတယ်၊ သွားမယ်နော် အစ်ကိုလတ်"

"အေးအေး ... နှုတ်ဆက်တယ်၊ မင်းကိုယ်မင်း ဂရုစိုက်ပါ"

"နှုတ်ဆက်ပါတယ် အစ်ကိုလတ်"

ထိုက်ယူဖုန်းနှင့် နှုတ်ဆက်လမ်းခွဲခဲ့ပြီးနောက် ချန်မိုအောင်၏ခေါင်းထဲတွင် ပင့်ကူစိမ်းကျိုထူးကို လီဝမ်ချိန်း လာရောက်တိုက်ခိုက် ရန်ပြုနိုင်သည်ဟု ထိုက်ယူဖုန်းပြောသွားသည့်စကားကို အပြန်ပြန်အလှန်လှန် စဉ်းစားနေမိသည်။

မြို့ပြင်သို့မထွက်တော့ဘဲ မြို့ထဲသို့ပြန်ဝင်ကာ ကျိုထူးအကြောင်းကို စုံစမ်းသည်။

ကျိုထူးသည် ကျန်းကျိုးမြို့လေး၏မျက်နှာဖုံးသိုင်းသမားကြီးတစ်ယောက်ဖြစ်သည်ဆိုခြင်းက လွဲ၍ တခြား စိတ်ဝင်စားစရာဘာမျှမသိရပါ။

သို့သော် သူ စုံစမ်းမေးမြန်းခဲ့သူများထဲတွင် အချို့သည် ပင့်ကူစိမ်းကျိုထူးကို အတော်ကြောက်လန့်နေကြသည့်အသွင် ရှိသလိုလို ချန်မိုအောင် သံသယမသိမသာဝင်မိသည်။

သေချာခြင်းတော့ မရှိပါ။

ထို့ပြင် ဒီနေ့ညနေပိုင်းတွင် မြို့အနောက်ပိုင်းရှိ ခိဖိတ်ကို

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတွင်ပြုလုပ်မည့် ဆုတောင်းပွဲသို့ ပင့်ကူစိမ်းကျိုထူး တက်ရောက်သည့်သတင်းကိုလည်း ကြားသိခဲ့ရသည်။

အကယ်၍ ထိုက်ယူဖုန်း တွက်ဆသလို လီဝမ်ချိန်းက ပင့်ကူစိမ်း ကျိုထူးကို တိုက်ခိုက်ရန်ပြုမည်ဆိုလျှင် နိဖိန်ဘုံကျောင်း ဆုတောင်းပွဲသို့အလာတွင် တိုက်ခိုက်ရန် အကောင်းဆုံးဖြစ်မည်ဟု ချန်မိုအောင် စဉ်းစားမိသည်။

ထို့ကြောင့် ချန်မိုအောင်သည် နိဖိန်ဘုံကျောင်းသို့သွား၍ အခြေအနေတို့ကို စူးစမ်းကြည့်ရှု လေ့လာမှတ်သားမှုများ ပြုသည်။

ဤသို့ဖြင့် တစ်နေကုန်သွားကာ ညနေစောင်းအချိန်သို့ပင် ရောက်လာသည်။ ချန်မိုအောင်သည် နိဖိန်ဘုံကျောင်းသို့ ကျိုထူးလာရောက်နိုင်မည့် လမ်းတစ်လျှောက်တွင် မယောင်မလည် လျှောက်သွားရင်း စူးစမ်းအကဲခတ်ကြည့်နေသည်။

လူအများကြားတွင် အမျိုးသမီးကြီးတစ်ယောက်ကို ချန်မိုအောင် ထူးခြားစွာ သတိပြုမိသည်။

အမျိုးသမီးကြီးသည် သက်လတ်ပိုင်းအရွယ် ဖြစ်သည်။

ချည်ကြမ်းဝတ်စုံဝတ်ကာ ဟင်းသီးဟင်းရွက် အနည်းငယ်ပါသော တောင်းနှစ်လုံးကို ထမ်းပိုးနှင့်လျှိုကာ ညာဘက်ပခုံးပေါ်တွင် ထမ်း၍ထားသည်။



ရုပ်ရည်ကလည်း ခပ်ကြမ်းကြမ်း နေလောင်ထားသော အသားအရေ ခပ်ညစ်ညစ်နှင့် ဖြစ်သည်။

ကျန်းကျိုးမြို့၏လမ်းများပေါ်တွင် ဒီလိုကျေးတောသူ အမျိုးသမီးကြီးများသည် အမြဲလိုပင် သွားလာလှုပ်ရှားနေတတ်ကြသည်။ ဘာမျှမထူးခြားပါ။

သို့သော် ထိုကျေးတောသူအမျိုးသမီးကြီး၏ဆံပင်များ အကြားတွင် မြက်စိမ်းပန်းတစ်ပွင့်ကတော့ ထူးခြားလှသည်။

"လီဝမ်ချိန်း"

မြက်စိမ်းပန်းပွင့်ကို ထူးခြားစွာ ပန်ဆင်ထားသော ရုပ်ရည်ကြမ်းကြမ်း ကျေးတောသူအမျိုးသမီးကြီးကို သတိပြုမိလိုက်သည်နှင့် ချန်မိုအောင်၏ရင်ထဲတွင် အမည်တစ်ခု ပဲ့တင်ထပ်၍လာသည်။

ချန်မိုအောင်၏စိတ်တို့ အထူးလှုပ်ရှားလာကြသည်။

မြက်စိမ်းပန်းပွင့် ပန်ထားသော အမျိုးသမီးကြီး၏အနားသို့ အရောက်တိုးကပ်သွားနိုင်ရန် ကြိုးစားသည်။

ထိုအချိန်မှာပင် တစ်စုံတစ်ယောက်၏ဟာစ်အော်သံခေါ်လာကာ လမ်းပေါ်ရှိ လူတို့သည် ဘေးသို့ ရှဲခနဲဖြစ်ကုန်၏။

ထို့နောက် ဝေါယာဉ်တစ်ခု မြန်မြန်သွက်သွက် လမ်းတစ်လျှောက် ဖြတ်၍သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝေါထမ်းသမားများသည် သန်မာတောင့်တင်းကြကာ လျင်မြန်သောခြေလှမ်းများနှင့် ဝေါယာဉ်ကို သွက်သွက်မြန်မြန် ထမ်း၍လာသည်။

ဟစ်အော်လိုက်သံကို ကြားမိ၍ ထိုဝေါယာဉ်မှာ ပင့်ကူစိမ်းကျိုထူး စီးနင်းလိုက်ပါလာသော ဝေါယာဉ်ဖြစ်ကြောင်း ချန်မိုအောင်သိလိုက်သည်။ ချန်မိုအောင်၏စိတ်ထဲ ထင့်ခနဲဖြစ်သည်။

တစ်စုံတစ်ရာသောကိစ္စ ဖြစ်ပေါ်တော့မည်ကိုလည်း အလိုလိုပင် သိရှိခံစားရသည်။ ချန်မိုအောင်၏ ဘယ်ဘက်လက်ညှိုးနှင့်လက်ခလယ်တို့အကြားတွင် အရိပ်မဲ့ဓားပျံကို အမြန်ပင် ညှပ်လျက်အသင့်လုပ်ထားလိုက်မိသည်။

ဘေးသို့ရှဲကာ လမ်းဖယ်ပေးကြသည့်လူများအကြားမှ လူတစ်ယောက် လျင်မြန်သောအရှိန်အဟုန်ဖြင့် ပြေးထွက်လာသည်။

ပြေးလွှားပုံ မြန်လှသည်။ ရုတ်တရက် လူလုံးပင် မကွဲနိုင်။

သို့သော် ပြေးထွက်လာသူသည် မိမိသတိပြုမိလိုက်သော အမျိုးသမီးကြီးဖြစ်နေသည်ကိုတော့ ချန်မိုအောင် သိသည်။

ထို့ပြင်မက ထိုအမျိုးသမီးကြီး ပြေးလွှားလှုပ်ရှားသော ကိုယ်နေဟန်ထားသည်လည်း ချန်မိုအောင်အနေဖြင့် အထူးပင် ရင်းနှီးနေသည်။



အမျိုးသမီးကြီးသည် ခြင်းတောင်းများကို ထမ်းပိုးဖြင့်ထမ်းထားခြင်းလည်း မရှိတော့။

ညာလက်တွင် ဓားရှည်တစ်လက် ကိုင်စွဲလျက် ရှိနေသည်ကိုလည်း ချန်မိုအောင် ဖျတ်ခနဲဆိုသလို ဖြစ်သည်။

ဝေါယာဉ်၏ဘေးတွင်ပါရှိသော ကျိုထူး၏လက်စွဲကိုယ်ရံဖြစ်ပုံရသည့် သိုင်းသမားနှစ်ယောက်က ပြေးဝင်လာသော အမျိုးသမီးကြီးကို ဟန့်တားရန် ကြိုးစားကြလေသေးသည်။

သို့သော် ထိုသိုင်းသမားနှစ်ယောက်၏ဟန့်တားမှုကို အမျိုးသမီးကြီးက လွယ်ကူလျင်မြန်စွာပင် ထိုးဖောက်ဖြတ်ကျော်နိုင်သည်။

တစ်ချက်လေးမျှပင် တုံ့ဆိုင်းခြင်းမရှိ။

ထိုသိုင်းသမားနှစ်ယောက်သာ လဲပြိုလွင့်စဉ်ထွက်ကုန်ကြသည်။ ရန်သူ အနီးကပ်တိုးဝင်လာကြောင်း သတိပြုဟန်ရှိသော ပင့်ကူစိမ်းကျိုထူးသည် မာန်သွင်းဟစ်ကြွေးသံပြုလျက် ဝေါယာဉ်အတွင်းမှ ခုန်ပျံထွက်လာသည်။

လက်နက်ပုန်းများဖြင့် အမျိုးသမီးကြီးကို ဆီး၍ပစ်သည်။

အမျိုးသမီးကြီးက သူမလက်ထဲရှိ ဓားရှည်ကို လျင်မြန်စွာ ဝှေ့ယမ်းကာ လက်နက်ပုန်းများကို ရိုက်ထုတ်ဖယ်ရှားပစ်သည်။

"ဂမ်ချိန်း ... မလုပ်နဲ့ ... မလုပ်နဲ့"

www.burmeseclassic.com

www.burmeseclassic.com



ထိုအမျိုးသမီးကြီးသည် ရုပ်ဖျက်ထားသော လီဝမ်ချိန်းဖြစ်ကြောင်း သိသည်မို့ ချန်မိုအောင်က လှမ်းအော်သတိပေးရင်း ဝေါယာဉ်ရှိရာသို့ အတင်းပြေးဝင်သည်။

လက်နက်ပုန်းများကို ရိုက်ထုတ်ဖယ်ရှားလျက် သူ့ထံသို့ အတင်းတိုးဝင်လာသော လီဝမ်ချိန်းကို ပင့်ကူစိမ်းကျိုထူးက ပင့်ကူစွယ်ဓားဖြင့် ရင်ဆိုင်ထိုးခုတ်သည်။

ထိုအခါ ချန်မိုအောင်၏တစ်သက်တာတွင် မကြုံဖူးသော ကြမ်းတမ်းရက်စက်လှသည့် တိုက်ခိုက်မှုတစ်ခုကို အသည်းဟုန်အူတုန်မခန်းပင် တွေ့မြင်ရလေတော့သည်။

❋

လီဝမ်ချိန်းသည် ညာလက်ရှိဓားရှည်ဖြင့် ကျိုထူးကို ထိုးခုတ်ချသည်။

လီဝမ်ချိန်း၏ဓားခုတ်ချက်သည် သိုင်းဟန်တစ်ကွက်တည်းသာဖြစ်သော်လည်း ဓားချက်လမ်းကြောင်းကတော့ ခုနစ်ခုဖြစ်ပေါ်သည်။



ထိုဓားချက် လမ်းကြောင်း ခုနစ်ခုလုံးသည် ပင့်ကူစိမ်းကျိုထူး၏သေကွင်းသေကွက်နေရာများဆီသို့ချည်း ဦးတည်နေသည်။

ချန်မိုအောင်ပင်လျှင် ထိတ်ခနဲဖြစ်သည်။ မျက်စိပင် ပြာသွားသည်။ ကိုယ်တိုင်ကိုယ်ကျ ရင်ဆိုင်ရသော ကျိုထူးမှ ဆိုဖွယ်ရာမရှိ။

ကြောက်လန့်တကြားပင် အသေအလဲ နောက်သို့ခုန်ဆုတ်သည်။ လီဝမ်ချိန်း၏ဓားချက်က မြန်လှပေရာ ကျိုထူး ရှောင်သည်က နှေးသွားသည်။

ရှောင်တိမ်းမှု အပြည့်မလုပ်နိုင်မီမှာပင် ဓားချက်များ ဝင်လာသည်။ သေကွင်း သေကွက်နေရာ ခုနစ်ခုကို ဓားချက်တွေက မိမိရရ ထိမိသည်။

ဓားချက်များဒဏ်ကို မရှုမလှခံရလျက် ကျိုထူး ဗိုင်းခနဲ လဲကျသည်။ ကြောက်လန့်တကြား အော်ဟစ်သံကပင် တစ်ပိုင်းတစ်စနှင့် တိခနဲပျောက်သည်။

ကျိုထူးကို ထိုးခုတ်တိုက်ခိုက်ပြီးသည်နှင့် လီဝမ်ချိန်းသည် တစ်ဟုန်ထိုး ပြေးလွှားထွက်သည်။

ချန်မိုအောင်အနေဖြင့် သူ မလုပ်ချင်ဆုံးသောအလုပ်ကို အသည်းနာနာ ရင်နင့်နင့်နှင့်ပင် လုပ်ရလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မလုပ်၍လည်း မဖြစ်သည့်အခြေအနေကို ရောက်နေပြီကိုး။ လီဝမ်ချိန်းကို ထွက်ပြေးဖို့ အခွင့်အလမ်းပေးဖို့ လုံးဝမဖြစ်။ ဒီလိုရင်ဆိုင်တွေ့ရမှုအတွက် ချန်မိုအောင် စောင့်ရသည်မှာလည်း (၁၅) နှစ်ပင် ကျော်ခဲ့ပြီလေ။

"ဟိတ်"

ချန်မိုအောင်သည် အော်ဟစ်ကြုံးဝါးရင်း လီဝမ်ချိန်းရှိရာသို့ ခုန်လွှား၍ လိုက်သည်။ ညာလက်ရှိ ဓားရှည်ဖြင့် လှမ်းခုတ်သည်။

တစ်ချိန်တည်းမှာပင် ဘယ်လက်ညှိုးနှင့် လက်ခလယ်တို့အကြား ညှပ်ထားသော အရိပ်မဲ့ဓားပျံဖြင့် လှမ်းပစ်ပေါက်သည်။

လီဝမ်ချိန်းသည် နောက်ပြန်တွက် ဓားတစ်ချက်ပြုကာ လှမ်းခုတ်သော ချန်မိုအောင်၏ဓားရှည်ကို ပယ်ထုတ်သည်။

ချန်မိုအောင်၏ဓားချက်ပျက်ကာ လမ်းကြောင်း တိမ်းစောင်းသည်။

သို့သော် ... ဓားခုတ်ချက်နှင့်အတူဝင်လာသော အရိပ်မဲ့ဓားပျံကိုတော့ ချက်ချင်း သတိမပြုမိ။

အလွန်နီးကပ်မှသာ လက်နက်ပုန်းနှင့် အပစ်ခံရကြောင်းကို သိသည်။ လီဝမ်ချိန်းသည် ကိုယ်ကို တစ်ပတ်လည်သွားအောင်ပင် ကျွမ်းပစ်လှည့်ကာ ကြုံးဝါး၍ ရှောင်သည်။



အရိပ်မဲ့ဓားပျံ သေကွင်းသေကွက်နေရာကို မထိရအောင်တော့ ရှောင်နိုင်သည်။ လုံးဝတော့ မလွတ်။

အရိပ်မဲ့ဓားပျံသည် လီဝမ်ချိန်း၏ညာဘက် ပခုံးစွန်းကို ရှပ်၍ ထိသည်။

လီဝမ်ချိန်း၏ လျှင်မြန်ပေ့ါပါးသော ကိုယ်ဖော့ပညာ လှုပ်ရှားမှုအစွမ်းနှင့် အရှောင်အတိမ်းကောင်းမှုက တကယ့်ကို ချီးမွမ်းဖွယ်ရာကောင်းလှသည်။

ချန်မိုအောင် သိထားသံလောက်ဆိုလျှင် အရိပ်မဲ့ဓားပျံကို ဒီလိုမျိုးရှောင်တိမ်းနိုင်သူ မရှိသလောက် ဖြစ်သည်။

သာမန်အခြေအနေ အရသာဆိုလျှင် ညာဘက်ပခုံးစွန်းသည် သေကွင်းသေကွက်နေရာမဟုတ်။

ထိုနေရာကို ရှပ်၍ထိမိခြင်းသည်လည်း ဘာမျှအရေးမကြီး။

သို့သော် အရိပ်မဲ့ဓားပျံဖြင့် အထိခံရခြင်းမို့ သာမန်သဘောမဟုတ်တော့။ အရိပ်မဲ့ဓားပျံတွင် အလွန်ပြင်းထန်သော အဆိပ်ထည့်ထားသည်။

သွေးစို့အောင် ထိမိရုံမျှနှင့်ပင် အဆိပ်သင့်နိုင်သည်။

ယခု သွေးများ ဖြာထွက်လာအောင်ပင် ရှပ်ထိမိရာ ဘာမျှ ပြောနေရန် မလိုတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ခွန်လွန်ဂိုဏ်းသည် ထိပ်တန်းလမ်းမှန်သိုင်းအဖွဲ့အစည်း တစ်ခုဖြစ်ပေရာ ယေဘုယျအားဖြင့်ဆိုလျှင် အဆိပ်တစ်စုံတစ်ရာ သုံးစွဲခြင်း မရှိပါ။

ကြမ်းတမ်းရက်စက်လွန်းသော သိုင်းကွက်သိုင်းဟန်များကိုလည်း ရှောင်ကြဉ်သည်။

သို့ရာတွင် ... သိုင်းလောက အစဉ်အလာ စည်းကမ်းများကို ဖြောင်ချိုးဖောက်ကာ ကြမ်းတမ်းရမ်းကားသည့် အဆင့်မြင့်လမ်းလွဲ သိုင်းပညာများ တတ်မြောက်ထားသော သိုင်းသမားဆိုးကြီးများကို ရင်ဆိုင်ချေမှုန်းရန် ကြမ်းတမ်းရက်စက်သော 'နှစ်မျက်နှာဓားသိုင်း' ကို ဆောင်ထားသလို အရိပ်မဲ့ဓားပျံတွင်လည်း အဆိပ်ပြင်း ထည့်ထားသည်။

လက်နက်ပုန်းက မိမိဂခုံးကိုသာ ရှုပ်၍ထိသွားသည်မို့ လီဝမ်ချိန်းက အရှိန်မပျက် တစ်ဟုန်ထိုး ဆက်၍ပြေးသည်။

သို့သော် ... အဆိပ်ကလည်း ချက်ချင်းပင် ပြန့်လာသည်မို့ ရင်ဝတွင် တစ်ဆို့ကာ တစ်ကိုယ်လုံး ထုံကျဉ်လျက် ခေါင်းထဲက နောက်လာသည်။ မျက်လုံးပြာဝေလာသည်။ ဆက်မပြေးနိုင်တော့။

အတွေ့အကြုံ ရင့်ကျက်သူမို့ မိမိ ဒဏ်ဆိပ်သင့်ခံရပြီဟု လီဝမ်ချိန်း ချက်ချင်း နားလည်သည်။



"ဟင် ... ရှင် ... ရှင်"

လီဝမ်ချိန်းသည် ချန်မိုအောင်ကို အလန့်တကြားပင် ကြည့်သည်။ အထစ်ထစ် အငေါ့ငေါ့နှင့် ထိုမျှသာ ပြောနိုင်ကာ အနက်ရောင်သွေးများ အန်ကျပြီး ပုံလျက်သား လဲသည်။

ချန်မိုအောင်သည် လီဝမ်ချိန်းဘေးကွင် ဒူးထောက်ကာ ခေါင်းငိုက်စိုက်ကျသွားသည်။

သူ၏ရင်ကို ထက်ခြမ်းခွဲကာ အသည်းနှလုံးကို ထုတ်ယူသွားသလိုပင် ခံစားနေရသည်။

*

နောက်ဆုံးတော့ သူငှားထားသော တည်းခိုခန်းသို့ ချန်မိုအောင် ပြန်ရောက်လာခဲ့သည်။

သူသည် အလွန်ပင် ထိခိုက်ကြေကွဲနေသည်။

အသက်ရှင်သော်လည်း ဝိညာဉ်ကင်းမဲ့နေသူတစ်ယောက်လို ဖြစ်နေသည်။ သူ၏မျက်နှာအသွင်အပြင်သည် နှစ်ပေါင်းများစွာ ပို၍ အိုမင်းရင့်ရော်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



လေးကန်သောခြေလှမ်းများနှင့် တည်းခိုခန်းထဲသို့ လျှောက်လှမ်းဝင်လာသည်။ ခုတင်အနီး ထိုင်ခုံပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချသည်။ မဖွင့်ရသေးသော ပြတင်းတံခါးမှနေ၍ အပြင်သို့ မော ကြည့်နေသည်။

"ဒေါက် ... ဒေါက် ... ဒေါက်"

တံခါးခေါက်သံသဲ့သဲ့ ကြားရသည်။

"ဝင်ခဲ့"

ချန်မိုအောင်က တုံးတိတိပင် ပြန်အသံပြုသည်။ တည်းခိုခန်းတံခါးပွင့်သွားကာ ဆိုင်အမှုထမ်း လူငယ်လေးတစ်ယောက် ဝင်လာသည်။

"ဆရာ့အတွက် စာတစ်စောင် လာပေးထားလို့ပါ"

လူငယ်လေးက ပြောသည်။

"အေး ... ပေး"

လူငယ်လေးက သေချာစွာ ပိတ်ထားသော စာအိတ်တစ်ခု ထုတ်ပေးသည်။

"သွားတော့"

စာအိတ်ကို လှမ်းယူပြီး ချန်မိုအောင်က တုံးတိတိပင် ပြောလိုက်ပြန်သည်။



"ဟုတ် ... ဟုတ်ကဲ့"

ဆိုင်အမှုထမ်းလူငယ်လေး ပြန်ထွက်သွားသည်။

ချန်မိုအောင်က စာအိတ်ကို ဖွင့်ဖတ်လိုက်သည်။

သူ ဘယ်လိုမှ မျှော်လင့်မထားသော လူတစ်ယောက်ထံမှ စာဖြစ်နေသည်။ သရဲအရိပ်ဓားဒေဝီ လီဝမ်ချိန်း ရေးပေးထားခဲ့သော စာ။

ချန်မိုအောင် ...

ကျွန်မရဲ့ လှို့ဝှက်စခန်းနေရာကို ရှင်ရောက်လာတာ ကျွန်မ သိပါတယ်၊ ရှင်နဲ့ တွေ့တွေ့ဆိုင်ဆိုင်တွေ့ပြီး ပြောချင်ပေမယ့် သေသေချာချာပြောပြဖို့ အခြေအနေမရနိုင်မှန်း သိတာကြောင့် ဒီစာကို ရေးပြီး ရှင်တည်းခိုနေတဲ့ တည်းခိုခန်းမှာ ပေးထားခဲ့တာပဲ။

ရှင်ကတော့ ကျွန်မကို ရက်စက်ရမ်းကားတဲ့ မိန်းမရိုင်းတစ်ယောက်လို့ ထင်နေမှာပဲ၊ ရှင့်အပေါ် လှည့်စားခဲ့တဲ့အတွက်လည်း ဒေါသထွက်နေမှာပဲ၊ ရှင့်ရဲ့မျှော်မှန်းချက်တွေ ပျက်ပြားခဲ့ရတဲ့အတွက် ကျွန်မကို ခွင့်လွှတ်ဖို့ ဖြေရှင်းချက်တော့ မဟုတ်ပါဘူး၊ ရှင် သိသင့်တာတွေကို ရှင်းရှင်းလင်းလင်း သိရအောင် ရှင်းပြအသိပေးတာပါ၊

www.burmeseclassic.com

www.burmeseclassic.com



ဒီစာကို သေသေချာချာ ဖတ်ပြီးတော့မှ ရှင့်စိတ်ကြိုက်ဆုံး ဖြတ်ပါ။

အရင်ဆုံး ကျွန်မတို့ သရဲအရိုပ်စားဒေဝီမျိုးဆက် အကြောင်းကို ရှင်းပြချင်ပါတယ်။

ကျွန်မတို့မျိုးဆက်ရဲ့ သရဲအရိုပ်စားဒေဝီဟာ ကြမ်းတမ်းရက်စက်ကြောင်းကိုတော့ ကျွန်မ ဝန်ခံပါတယ်၊ ဒါပေမဲ့ ဒီစားသိုင်းပညာနဲ့ လမ်းမှန်သိုင်းသမားကောင်း တစ်ဦးတစ်ယောက်ကိုမှ တိုက်ခိုက်တာမရှိကြောင်း ကျွန်မ သစ္စာပြုပြီး အခိုင်အမာ ပြောရဲတယ်။

သရဲအရိုပ်စားသိုင်းပညာနဲ့ တိုက်ခိုက်သုတ်သင်တဲ့လူအားလုံးဟာ သိုင်းလောကမှာ မရှိသင့်တဲ့ အမှိုက်သရိုက်တွေချည်းပဲ၊ သူတို့ဟာ သိုင်းပညာ အလွဲသုံးစားပြုပြီး မတရားမှုတွေ လုပ်ခဲ့ကြတယ်၊ အပြစ်တွေ ကျူးလွန်ခဲ့ကြတယ်၊ သက်သေအထောက်အထားတွေကို မတရားတဲ့နည်းလမ်းနဲ့ ဖုံးဖိဖျောက်ဖျက်ပြီး ထိုက်သင့်တဲ့အပြစ်ဒဏ်တွေက လွတ်အောင် ရှောင်ပြီး လူကောင်းသူကောင်းလုပ်နေကြတဲ့ လူယုတ်မာတွေပါ။

ဒီအကြောင်းမှန်ကို နားမလည်ကြလို့ နားလည်



ပေမယ့် လက်ခံဖို့ တွန့်ဆုတ်နေကြတာကြောင့် သရဲအရိပ်စားဒေဝီ မျိုးဆက်တွေကို ရက်ရက်စက်စက် တိုက်ခိုက်သတ်ဖြတ်တဲ့ မိန်းမရိုင်းတွေအဖြစ် အထင်အမြင်မှားနေကြတာပါပဲ၊ ဘယ်သူတွေက ဘယ်လိုပဲထင်ထင် ကျွန်မတို့မျိုးဆက်တွေကတော့ သိုင်းသမားဆိုးတွေကို တိုက်ခိုက်ရှင်းလင်းတဲ့တာဝန်ကို အစဉ်အဆက် ထမ်းဆောင်သွားမှာပါပဲ။

ကျွန်မတို့ရဲ့လုပ်ရပ်တွေက ကြမ်းတမ်းရက်စက်မှန်းလည်း သိပါတယ်၊ ဒါပေမဲ့ ဒီလိုသိုင်းသမားဆိုးတွေအတွက်တော့ အသင့်လျော်ဆုံး ဒဏ်ခတ်ချက်လို့ ကျွန်မ ယုံကြည်တယ်၊ ကျွန်မတို့လို မိန်းမရိုင်းတွေအဖြစ် သတ်မှတ်ခံနေရတာကိုတော့ စိတ်မကောင်းဘူး၊ ဒီလိုသတ်မှတ်ပြီး သရဲအရိပ်စားဒေဝီ မျိုးဆက်ပြတ်တောက် မပျောက်သွားအောင် လုပ်ဆောင်နေကြတဲ့အတွက်လည်း ကျွန်မ အများကြီး စိုးရိမ်ပူပန်မိတယ်။

ရှင် ကျွန်မအပေါ်မှာ ဘယ်လိုသဘောထားမျိုးရှိတယ်ဆိုတာ ကျွန်မ သိပါတယ်၊ ရှင့်ကို ကျွန်မ တကယ်ပဲ ခင်မင်ပါတယ်၊ ရှင်ဟာ ကျွန်မခင်မင်တဲ့ တစ်ဦးတည်းသော

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတစ်ယောက်ပါ၊ ရှင့်ကို ခင်မင်တဲ့စိတ်ကြောင့် ကျွန်မအနေနဲ့ သရဲအရိပ်ဓားဒေဝီမျိုးဆက်ကို အမြင့်ရှင်းပြီး နားလည်လက်ခံလာအောင်လုပ်ဖို့ စိတ်ကူးပေါ်လာပါတယ်၊ ကျွန်မရဲ့ခင်မင်မှုကို ထောက်ထားပြီး ရှင့်အနေနဲ့ ကူညီပေးမယ်လို့လည်း မျှော်လင့်ပါတယ်၊ ဒီအတွက် သက်သေပြတဲ့အနေနဲ့ ပင်လယ်အားမာန်မြေပုံကို ရှင့်လက်ကို ပြန်ပေးပါတယ်၊ ရှင့်ရဲ့ကူညီပေးမှုနဲ့ ကျွန်မအကွင်းအား လေ့ကျင့်ခဲ့ရတဲ့ အိမ်လေးကို ရှင် မှတ်မိမယ်ထင်ပါတယ်၊ အဲဒီတဲအိမ်လေးရဲ့ခေါင်းရင်းက သစ်ပင်ရဲ့ခြေရင်းမှာ ပင်လယ်အားမာန်မြေပုံကို သိမ်းထားပါတယ်၊ ရှင် သွားပြီး တူးဖော်ယူပါ။

ပင်လယ်အားမာန်မြေပုံထဲမှာပါရှိတဲ့ သော့ချက်ဓားကွက် သုံးကွက်ဟာ ရက်စက်ကြမ်းတမ်းတဲ့ ချေမှုန်းတိုက်ခိုက်ရေး ဓားကွက်တွေ မဟုတ်ပါဘူး၊ မလွှဲသာမရှောင်သာဘဲ သိုင်းသမားကောင်းတွေနဲ့ ရင်ဆိုင်ရရင် ခုခံရှောင်တိမ်းနိုင်စေမယ့် ဓားကွက်တွေပဲ ဖြစ်ပါတယ်။

ဒီသော့ချက် ဓားကွက်သုံးကွက် ပျောက်ဆုံးနေလို့ ကျွန်မတို့မျိုးဆက်တွေဟာ လမ်းမှန်သိုင်းသမားတွေနဲ့



ရင်ဆိုင်ရတဲ့အခါ အကျပ်အတည်း တွေ့ခဲ့ကြရပါတယ်။ သရဲအရိပ်ဓားသိုင်းရဲ့ ချေမှုန်းတိုက်ခိုက်ရေး ဓားကွက်တွေနဲ့ လမ်းမှန်သိုင်းသမားတွေကို လုံးဝမတိုက်ခိုက်ရဘူးဆိုတဲ့ သံမဏိစည်းကမ်းကြီးက ရှိနေတာကိုး။ ဒါကြောင့် ကျွန်မတို့မျိုးဆက်အချို့ ထိခိုက်သေကျေမှုတွေ မဖြစ်သင့်ဘဲ ဖြစ်ခဲ့ပါတယ်။

ရှင့်ဆီက တောင်းယူပြီး မွေးစားခဲ့တဲ့ ဝမ်ဝင်းအေးကို ကျွန်မရဲ့မျိုးဆက် အမွေခံအဖြစ် ရွေးချယ်ပြီး သရဲအရိပ်ဓားသိုင်းပညာကိုလည်း သင်ပေးထားပါတယ်။ သူ သရဲအရိပ်ဓားဒေဝီ ဖြစ်လာတဲ့အခါကျရင် ရက်စက်ကြမ်းတမ်းစွာ တိုက်ခိုက်သတ်ဖြတ်တဲ့ မိန်းမရိုင်းတစ်ယောက်လို့ အများက မြင်တာမျိုး မဖြစ်စေချင်တော့ပါဘူး။ သရဲအရိပ်ဓားဒေဝီတွေဟာ မတရားမှုတွေကို သူတို့နည်းနဲ့သူတို့ တိုက်ခိုက်ချေမှုန်းခဲ့ကြတယ်ဆိုတာကို သူက ထင်ရှားသိသာအောင် လုပ်ပြနိုင်စေချင်တယ်။ ရှင့်အနေနှင့်လည်း သူ့ကို အတတ်နိုင်ဆုံး အကူအညီပေးပါနော်။

သူတို့ရဲ့အပြစ်တွေကို နည်းအမျိုးမျိုးနဲ့ ဖုံးကွယ်ပြီး သိုင်းသမားကောင်းအသွင် ရှိနေကြတဲ့ လူယုတ်မာ လူ

www.burmeseclassic.com

www.burmeseclassic.com



ညစ်တွေကို ကျွန်မအနေနဲ့ အကုန်အစင်လောက် တိုက်ခိုက်ချေမှုန်းခဲ့ပြီးပါပြီ။ ဝမ်ဝင်းအေးအနေနဲ့ တိုက်ခိုက်သတ်ဖြတ်မှုတွေ နည်းနိုင်သမျှ နည်းရအောင်ပါ။ ဒီလိုတိုက်ခိုက်ခဲ့တာတွေကြောင့် ကျွန်မလည်း ဒဏ်ရာတွေ ရထားပါတယ်။ ကြာကြာဆက်လှုပ်ရှားနိုင်တော့မှာ မဟုတ်ပါဘူး။

ကျွန်မ နောက်ဆုံး သုတ်သင်ပစ်ရမယ့်လူက ပင့်ကူစိမ်း ကျိုထူးပါ။ သူ့ကို ခိဖိန်ဘုံကျောင်းဆုတောင်းပွဲအသွား လမ်းကနေဖြတ်ပြီး တိုက်ခိုက်ချေမှုန်းဖို့ ကြံရွယ်ထားပါတယ်။ ကျွန်မတို့ တိုက်ခိုက်ရှင်းလင်းပစ်မှ ဖြစ်မယ့်အခြေအနေမျိုး ရှိတယ်ဆိုရင် ရှင်ကိုယ်တိုင်တော့ မလာပါနဲ့။ ကျွန်မ ရှင်နဲ့ ရင်မဆိုင်ချင်ဘူး။ အခြားသိုင်းသမားတွေလိုပဲ အသိပေးပြီး စေလွှတ်လိုက်ပါ။

နှုတ်ဆက်ခဲ့ပါတယ်။ ကျွန်မ ခင်မင်ရတဲ့ တစ်ဦးတည်းသော မိတ်ဆွေရေ ...။

*လီဝမ်နှိမ်း*

✱



ဝမ်းနည်းကြေကွဲမှုကို ရင်ဝယ်ပိုက်ကာ ကျန်းကျိုးမြို့လေးမှ ချန်မိုအောင် ထွက်ခွာလာခဲ့သည်။

မြို့အထွက်တွင် လူတစ်ယောက်နှင့် ဆုံမိသည်။

ထိုက်ယူဖုန်းပင် ဖြစ်နေပြန်သည်။

သရဲအရိပ်ဓားဒေဝီ လီဝမ်ချိန်းအား ချန်မိုအောင်က တိုက်ခိုက်ချေမှုန်းလိုက်သည့် သတင်းသည် တောမီးပမာ လျှင်မြန်စွာ ပျံ့နှံ့သွားရာ ထိုက်ယူဖုန်းလည်း ထိုသတင်းကို ကြားလျက် ချန်မိုအောင်အား တွေ့ဆုံ၍ ချီးကျူးစကားပြောရန် ကျန်းကျိုးမြို့လေးကို အမြန်လာခဲ့ရာ လမ်းတွင် ဆုံမိကြခြင်း ဖြစ်လေသည်။

"ဟေး ... ချန်မိုအောင် ... ညီလေး ... မင်း အဲ မင်းဘယ်သွားမလို့လဲ"

ဆုံမိသောအခါ ထိုက်ယူဖုန်းက ဝမ်းသာချီးမွမ်းစကားပြောရန် စ,လိုက်ပြီးမှ ချန်မိုအောင်၏စိတ်ပျက်လက်ပျက်ဖြစ်နေသောအမူအရာကို အကဲခတ်မိကာ တစ်ခုခုမှားယွင်းမှုတော့ ရှိနေပြီဟုနားလည်လျက် တစ်မျိုးပြောင်းကာ ပြောလိုက်သည်။

"ဒီလိုပါပဲ အစ်ကိုရာ၊ ခြေဦးတည့်ရာပေါ့၊ အစ်ကိုလတ်ကော ဘာပြန်လာလုပ်တာလဲ"

"ဩော် ... အင်း ... မင်းကို ပြန်လာတွေ့တာဆိုပါတော့"

www.burmeseclassic.com

www.burmeseclassic.com



"အကြောင်းကိစ္စထူး ပေါ်လာလို့လား"

"အဲဒီလိုတော့ မဟုတ်ပါဘူး၊ ဒီလိုပါ ... ဟိုသင်း ... ဂိုဏ်းကနေပြီး မင်း ရုတ်တရက် ထွက်သွားတာဆိုတော့ မင်းကို နှုတ်ဆက်လက်ဆောင်တောင် မပေးဖြစ်လိုက်ဘူး၊ ဟိုနေ့က ဆုံမိတဲ့အခါမှာလည်း ငါ့မှာ ပေးစရာလက်ဆောင် ပါမလာခဲ့ဘူးလေ၊ ဒါကြောင့် အခုလာပေးတာ ရော့ ..."

ထိုက်ယှူဖုန်းက ငွေအိတ်တစ်အိတ် ထုတ်ပေးသည်။

တကယ်တော့ စိတ်ကူးပေါက်ရာစကားလွှဲပြောရင်း သူ့တွင် ပါလာသော ငွေအိတ်ကို ထုတ်ပေးလိုက်ခြင်းသာ ဖြစ်သည်။

"ဟာ ... နေပါစေ အစ်ကိုလတ်၊ မပေးပါနဲ့"

"မင်းနဲ့ငါ ဆရာ့ဆီမှာ အတူတူ သိုင်းပညာ သင်ခဲ့တာရယ်၊ ငါတို့နှစ်ယောက် ခင်မင်ခဲ့တာတွေကိုထောက်ပြီး ငါပေးတဲ့ နှုတ်ဆက်လက်ဆောင်ကိုတော့ လက်ခံပါ ညီလေး၊ ဒါဟာ ငါ့ရဲ့ စေတနာပါကွာ"

ထိုက်ယှူဖုန်းက ပြင်းရစက်အောင် ပြောဆိုသောကြောင့် ချန်မိုအောင်လည်း မတတ်သာဘဲ ထိုက်ယှူဖုန်းပေးသည့် ငွေအိတ်ကို လက်ခံယူလိုက်ရလေတော့သည်။

"ကျေးဇူးတင်ပါတယ် အစ်ကိုလတ်"



"အားနာမနေပါနဲ့၊ ကဲ ... ငါသွားမယ်"

"ဟုတ်ကဲ့ ... နှုတ်ဆက်ပါတယ် အစ်ကိုလတ်"

ထိုက်ယှူဖုန်း နှုတ်ဆက်စကားဆိုကာ ထွက်သွားသည်။

"ဩော် ... အစ်ကိုလတ်၊ ခဏ ... ခဏ"

ချန်မိုအောင်က လှမ်းခေါ်လိုက်၍ ထိုက်ယှူဖုန်း လျှောက်လှမ်းနေသော ခြေလှမ်းများ တုံ့ရပ်သွားသည်။

ချန်မိုအောင်သည် ထိုက်ယှူဖုန်းအနားသို့ အပြေးသွားသည်။

"အစ်ကိုလတ်ကို မေးစရာတစ်ခုရှိလို့"

"ဘာများလဲ"

"ပင့်ကူစိမ်းကျိုထူးကို သရဲအရိပ်ဓားဒေဝီက တိုက်ခိုက်ရန် ပြုနိုင်တယ်လို့ အစ်ကိုလတ် ပြောခဲ့ဖူးတယ်နော်"

"ဟုတ်တယ်၊ ပြောဖူးတယ်"

"ဘာကြောင့် အဲဒီလိုတွက်မိတာလဲ"

ထိုက်ယှူဖုန်းက ခေတ္တစဉ်းစားလိုက်ပြီးမှ ...

"ပင့်ကူစိမ်းကျိုထူးဟာ မိန်းကလေးတစ်ယောက်ကို အနိုင်ကျင့် စော်ကားပြီး သတ်ပစ်ခဲ့တယ်လို့ စွပ်စွဲချက်တင် အစစ်ဆေးခံဖူးတယ်၊ ဒါပေမဲ့ သက်သေအထောက်အထားမခိုင်လုံတာကြောင့်

www.burmeseclassic.com

www.burmeseclassic.com



အပြစ်မရှိဘူးလို့ စီရင်ဆုံးဖြတ်ခဲ့တယ်၊ လူအချို့ကတော့ ကျိုထူး တကယ်ပြစ်မှုကျူးလွန်တယ်လို့ ပြောခဲ့ကြတယ်၊ ငါ စုံစမ်းသိထားသလောက် သရဲအရိပ်ဓားဒေဝီ တိုက်ခိုက်သုတ်သင်ခဲ့တဲ့ သိုင်းသမားတွေဟာ မတရားမှုတွေ လုပ်တယ်၊ ပြစ်မှုကျူးလွန်တယ်လို့ သတင်းထွက်ဖူးတဲ့ လူတွေချည်းဖြစ်နေတယ်၊ အဲဒီအချက်ကိုထောက်ပြီး တွက်မိတယ်ဆိုပါတော့"

"ဒီအတိုင်းဆိုရင် မတရားမှုလုပ်ပြီး ပြစ်မှုတွေကျူးလွန်ခဲ့ပေမယ့် သက်သေအထောက်အထားမရှိလို့ အပြစ်ဒဏ်မခံရတဲ့ လွတ်နေတဲ့လူတွေကို သရဲအရိပ်ဓားဒေဝီက လိုက်ပြီး ပြစ်ဒဏ်ခတ်နေတဲ့သဘော ဖြစ်နိုင်သလား"

ထိုက်ယူဖုန်း စဉ်းစားလိုက်ပြန်သည်။

"ငါ့တစ်ယောက်တည်းရဲ့ အထင်ကို ပြောမယ်"

"ဟုတ်ကဲ့"

"ငါကတော့ မင်းပြောတဲ့သဘောမျိုး ဖြစ်နိုင်မယ်လို့ ထင်မိတာပဲ"

"ဒီသဘောမျိုးရှိတယ်ဆိုရင် သရဲအရိပ်ဓားဒေဝီကို ရက်ရက်စက်စက် တိုက်ခိုက်သတ်ဖြတ်နေတဲ့ မိန်းမရိုင်းလို့ သတ်မှတ်ရင် မှားနေမှာပေါ့"



"ငါ တစ်ယောက်တည်းအမြင်ကို အလွတ်သဘောပြောရမယ်ဆိုရင်တော့ မင်းပြောတာကို ငါ သဘောတူတယ်၊ ဒါပေမဲ့ ... ခွန်လွန်ဂိုဏ်းဝင်တစ်ယောက်အနေနဲ့ဆိုရင်တော့ ဒီသဘောကို လက်မခံနိုင်ဘူး"

"ဘာကြောင့်လဲ"

"သရဲအရိပ်ဓားဒေဝီ တိုက်ခိုက်သတ်ဖြတ်ခဲ့တဲ့လူတွေဟာ တကယ်ပဲ အပြစ်ရှိတယ်ထားဦး ဒီလိုမျိုး ကိုယ့်သဘောနဲ့ကိုယ် စီရင်ချက်ချပြီး လုပ်တာမျိုးက နည်းလမ်းမကျဘူး၊ ပြီးတော့ သူသုံးတဲ့ သိုင်းကွက် တိုက်ချက်တွေကလည်း သိပ်ရက်စက်ကြမ်းတမ်းတယ်"

သရဲအရိပ်ဓားဒေဝီ လီဝမ်ချိန်းနှင့် ပတ်သက်၍ ချန်မိုအောင်တွင် ထိခိုက်ခံစားမှု တစ်စုံစုံရှိနိုင်မည်ဟု အကဲခတ်မိသောကြောင့် ထိုက်ယူဖုန်းက ချန်မိုအောင်မေးသမျှကို သေသေချာချာ ပြန်အဖြေပေးသည်။

"ကျွန်တော်မေးတာတွေကို စိတ်ရှည်လက်ရှည် ပြောတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"ရပါတယ်ကွာ၊ ငါတို့က သွေးသောက်ညီနောင်တွေ ဖြစ်ခဲ့ဖူးကြတာပဲ"

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



ဆောက်ထားသော တဲအိမ်လေးမှာ ချန်မိုအောင်နေထိုင်ရာ နေအိမ်ဖြစ်ပေသည်။

အလွန်စိတ်ထိခိုက်နာကျင်စွာ၊ အလွန်စိတ်ရှုပ်ထွေးစွာ ကျန်းကျိုးမြို့လေးမှ ထွက်လာခဲ့သော ချန်မိုအောင်သည် အေးချမ်းဆိတ်ငြိမ်စွာ နေနိုင်မည့်နေရာကို ရှာခဲ့ရာမှ စင့်ကျောက်မြောင်ရွာအနီးရှိ တောင်စောင်းတွင် ကိုယ်တိုင်အိမ်ဆောက်ကာ နေထိုင်ခဲ့သည်။

အစပိုင်းတွင်တော့ ချန်မိုအောင်သည် တဲအိမ်လေးထဲမှ ဘယ်ကိုမှ သွားလို၊လာလိုသည့်စိတ်လည်း မရှိလှ။

အိမ်တွင်းအောင်းသလိုသာ နေထိုင်ခဲ့သည်။ ပန်းချီကားများ မဆွဲဖြစ်တော့သလို စာပေလင်္ကာကဗျာများလည်း မရေးနိုင်တော့။

သိုင်းလေ့ကျင့်မှုကိုသာ အချိန်မှန်လုပ်လျက် ကျန်အချိန်များတွင်တော့ တစ်ယောက်တည်း တွေးနေ၊ ငေးနေ၊ ဆွေးနေသည်။

ထိုသို့ရှိခဲ့ရာမှ စားနပ်ရိက္ခာဝယ်ရန် စင့်ကျောက်မြောင်ရွာသို့ ဆင်းခဲ့သည်တွင် လိုင်ယယ်လိုက်စာဖတ်ခန်းအကြောင်း ကြားသိခဲ့ရသည်။

သို့သော် လိုင်ယယ်လိုက် စာဖတ်ခန်းဘက်သို့ ခြေဦးမလှည့်မိသေး။



လွန်ခဲ့သောငါးရက်ခန့်ကမှ အမှတ်မထင်ဆိုသလို လိုင်ယယ်လိုက်စာဖတ်ခန်းသို့ ချန်မိုအောင် ရောက်သွားခဲ့သည်။

စာဖတ်ခန်းပရဝဏ်ထဲသို့ ဝင်လိုက်ရသည်နှင့် ရှေးဟောင်းစာကြည့်တိုက်ကြီးတစ်ခု၏ အငွေ့အသက်များကို ထိတွေ့ခံစားရသလိုမျိုး ဖြစ်သည်။

စာဖတ်ခန်းတွင် စာပေစာအုပ်များကလည်း အထူးပင်များပြားသည်။

အထူးသဖြင့် နာမည်ကျော်ရှေးဟောင်းဝတ္ထုကြီးများကို အများအပြား တွေ့ရခြင်းကပင် ချန်မိုအောင်အတွက် စိတ်ဝင်စားစရာဖြစ်သည်။

ချန်မိုအောင် နာမည်သာကြားဖူးပြီး စာအုပ်ရှာမရ၍ မဖတ်ဖြစ်သော ဝတ္ထုအတော်များများကို တွေ့ရသည်။

အစက အမှုမဲ့အမှတ်မဲ့သဘောမျိုးဖြင့် ဝင်ကြည့်မိသော ချန်မိုအောင်မှာ စာဖတ်ခန်းမှ ပြန်မထွက်နိုင်တော့။

ရှေးဟောင်းဝတ္ထုစာအုပ်တွဲတစ်တွဲကို တစ်နေကုန်အောင်ပင် ထိုင်၍ဖတ်ပစ်လိုက်မိသည်။

ဒီနောက်တွင်တော့ နေ့စဉ်ပင် လိုင်ယယ်လိုက် စာဖတ်ခန်းသို့ ချန်မိုအောင် ရောက်ဖြစ်နေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘဝဦးတည်ချက်ပျောက်သလိုဖြစ်ကာ စိတ်ညစ်စိတ်ပျက်နေသော ချန်မိုအောင်အတွက် လိုင်ယယ်လိုက်စာဖတ်ခန်းရှိ စာအုပ်ကောင်းများကို သွားရောက်ဖတ်ရှုခြင်းသည် အကောင်းဆုံးသော စိတ်ဖြေဖွယ်ရာဖြစ်သည်။

လိုင်ယယ်လိုက်စာဖတ်ခန်း၏ကိစ္စအဝဝကို ဆောင်ရွက်နေသော မိန်းကလေးသုံးယောက်ရှိသည်။ ထိုမိန်းကလေးသုံးယောက်ထဲမှ အငယ်ဆုံးမိန်းကလေးသည် အတော်ကို သွက်လက်ချက်ချာ၏။

ချန်မိုအောင် လိုင်ယယ်လိုက်စာဖတ်ခန်းသို့ ပထမဆုံးစရောက်သည့်အချိန်ကပင် ထိုမိန်းကလေးက ချစ်စဖွယ်အပြုံးလေးနှင့် ပျူငှာစွာ ကြိုဆိုသည်။

စာဖတ်ခန်းတွင်ရှိသော စာအုပ်စာပေများအကြောင်း ချက်ချက်ချာချာ ရှင်းလင်းပြောပြသည်။

ချန်မိုအောင် ဖတ်လိုသည့် စာအုပ်တွဲကိုလည်း စိတ်ရှည်လက်ရှည် ရှာဖွေပေးခဲ့သည်။

ထိုမိန်းကလေးသည် အသက် (၁၆) နှစ် သာသာလောက်ရှိသည်။ အသားလတ်လတ်၊ မျက်လုံးတောက်တောက်၊ မျက်တောင်ရှည်ရှည်ကော့ကော့များနှင့် ချစ်စရာနှုတ်ခမ်းလေးများပါသော ရုပ်သွင်လေး ရှိသည်။



စာဖတ်ခန်းတွင် သွက်လက်ပေါ့ပါး ရွှင်မြူးသောအသွင်ဖြင့် ဟိုမှဒီမှ လှုပ်ရှားသွားလာ လုပ်ဆောင်နေသော ထိုမိန်းကလေးသည် ပန်းပေါင်းစုံတို့အကြား ပျံဝဲနေသော လှပသည့် လိပ်ပြာလေးတစ်ကောင်လိုဖြစ်သည်။

စနစ်တကျ မိတ်ဆက်မှုမျိုး မရှိသည့်အတွက် ထိုမိန်းကလေး၏အမည်ကိုတော့ ချန်မိုအောင် မသိသေးပါ။

သူတို့အချင်းချင်း ခေါ်သံများအရ နွယ်လေးလိုလိုတော့ နားစွန်နားဖျား ကြားမိသည်။ သေချာရေရာခြင်းမူ မရှိလှ။

သို့သော် ချန်မိုအောင်ကတော့ ထိုမိန်းကလေးကို နွယ်လေးဟူ၍ အသိအမှတ်ပြုထားခဲ့သည်။

ဒီနေ့လည်း နံနက်စာ စားသောက်ပြီးသည်နှင့် တောင်ကုန်းအောက်သို့ဆင်းကာ လိုင်ယယ်လိုက်စာဖတ်ခန်းသို့ သွားသည်။

❋

စာဖတ်ခန်းထဲသို့ ဝင်လာသော ချန်မိုအောင်ကို နွယ်လေးက ချစ်စရာအပြုံးလေးနှင့် လှမ်းကြိုနှုတ်ဆက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ချန်မိုအောင်သည် တုံ့ပြန်ပြုံးပြနှုတ်ဆက်လျက် နွယ်လေး၏စားပွဲရှေ့သို့ သွားသည်။

"ဦး ... ဘာယူမလဲ"

နွယ်လေးက ပြုံး၍မေးသည်။

ဒီအမေးသည် စာဖတ်ခန်းသို့ လာသူများအား မေးနေကျဖြစ်သည်။ သူမ၏စားပွဲရှေ့သို့ ချန်မိုအောင်ရောက်လေတိုင်း နွယ်လေးထံမှ ဤအမေးစကားကို ကြားရမြဲပင်။

"ကောင်းမယ်ထင်တဲ့ စာအုပ်တစ်အုပ်ပေးလေ"

"ယူပေးမယ်နော် ဦး"

နွယ်လေးက ဤသို့ပြောပြီး သွက်လက်ပေါ့ပါးစွာပင် စာအုပ်များထားသည့် အနောက်ဘက်ခန်းသို့ ဝင်သွားသည်။

တစ်ခဏအတွင်းမှာပင် ပြန်ထွက်လာသည်။

နွယ်လေး၏နုပျိုသွက်လက်သော လှုပ်ရှားမှုများကို မြင်ရတွေ့ရသည်မှာ ချန်မိုအောင်အနေဖြင့် အသက်ပင် ပြန်ငယ်လာသလို ခံစားရသည်။

သူ၏ညစ်ညူးနေသောစိတ်တို့ အတန်အသင့် ကြည်လင်လာရသည်ကတော့ အမှန်ပင်။ ထို့အတွက် နွယ်လေးဟု သူက အသိပြုထားသော မိန်းကလေးကို ချန်မိုအောင် ကျေးဇူးတင်မိသည်။



"ဒီစာအုပ် ကောင်းလား"

နွယ်လေးယူလာပေးသော စာအုပ်ကိုကြည့်ရင်း ချန်မိုအောင်က မေးသည်။

"ကောင်းတယ်ဦး"

"ဇာတ်လမ်းက ဘယ်လိုလဲ"

"ဇာတ်လမ်းတော့ သမီး မပြောတတ်ဘူး၊ ဦး ဖတ်သာကြည့်၊ ဦး သဘောကျမှာသေချာတယ်"

"ကျေးဇူးပဲနော် သမီး"

နွယ်လေးက တောက်ပပွင့်လင်းသော အပြုံးလေးပြုံးပြကာ ခေါင်းကိုသာ ညိတ်သည်။

ချန်မိုအောင်သည် စာဖတ်ရန် စီစဉ်ပေးထားသည့်နေရာသို့ သွားကာ စာအုပ်ကိုဖတ်သည်။

နေ့လယ်စာကို စာဖတ်ခန်းအနီးတွင်ရှိသော စားသောက်ဆိုင်လေးကို သွားစားကာ စာဖတ်ခန်းပြန်လာပြီး ဆက်ဖတ်သည်။

ညနေစောင်းလောက်တွင်တော့ စာအုပ်ဖတ်ပြီးသွားသည်။

စာအုပ်ကို ပြန်အပ်ရန် စားပွဲသို့သွားရာ နွယ်လေးကို မတွေ့ရ။ အသားဖြူဖြူမျက်နှာဝိုင်းဝိုင်းနှင့် မိန်းကလေးသာ စားပွဲရှိခုံတွင် ထိုင်နေသည်ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အသားဖြူဖြူ မျက်နှာဝိုင်းဝိုင်းနှင့် မိန်းကလေးထံတွင်သာ ချန်မိုအောင်က စာအုပ်ကို အပ်လိုက်ရသည်။

ခါတိုင်းလို နွယ်လေးထံတွင် စာအုပ်မအပ်ရသည့်အတွက် စိတ်ထဲ ဟာတာတာတော့ ဖြစ်မိသည်။

စာအုပ်အပ်ပြီး၍ ချန်မိုအောင် ပြန်မည်အပြုတွင် နောက်ဘက်ခန်းထဲမှ နွယ်လေး လှစ်ခနဲ ထွက်လာသည်။

သူမ၏လက်ထဲတွင်တော့ လိမ္မော်သီးနှစ်မြွာပါလာသည်။

"ဟော ... ဦး"

ချန်မိုအောင်ကို တွေ့သည်တွင် နွယ်လေး ပြုံးစစမျက်နှာလေးနှင့် ရေရွတ်သလိုမျိုး အသံပြုသည်။

လိမ္မော်သီးတစ်မြွာကိုလည်း ပါးစပ်သို့ စွပ်ခနဲထည့်သည်။

"လိမ္မော်သီးစားလို့ပါလား၊ ဦးကိုကော မကျွေးဘူးလား"

ဘာရယ်လိုတော့မဟုတ် စ,သည့်သဘောဖြင့် ချန်မိုအောင်က ပြောသည်။

"ရော့ ... စားလေ ဦး"

နွယ်လေးက သူမ၏လက်ထဲတွင် ကျန်နေသေးသော လိမ္မော်မြွာလေးကို ချန်မိုအောင်လက်ထဲသို့ ထည့်သည်။

"ဟာ ... နေပါစေကွာ"



ချန်မိုအောင်က ငြင်းပယ်ရင်း လက်ကိုလည်း အသာရုပ်လိုက်ရာ လိမ္မော်မြွာလေး အောက်သို့ ကျမလိုဖြစ်သည်။

နွယ်လေးက မကျရအောင်ဆီး၍ ဖမ်းယူကာ ချန်မိုအောင်၏လက်ထဲ အတင်းပြန်ထည့်သည်။

"စားပါ ဦးရာ"

ကလေးဆန်ဆန်အပြုအမူလေးဖြစ်သော်လည်း ပွင့်လင်းသောခင်မင်မှု ပါရှိနေသောကြောင့် ချန်မိုအောင် နှစ်သက်မိသည်။

နွယ်လေးပေးသော လိမ္မော်မြွာလေးကို လက်ခံယူလိုက်မိလေသည်။ နောက်တစ်နေ့တွင်တော့ ချန်မိုအောင်သည် လိမ္မော်သီးတစ်လုံးဝယ်ကာ နွယ်လေးကို ပြန်လက်ဆောင်ပေးမိသေးသည်။

နွယ်လေးက နှစ်လိုဖွယ်ရာ အပြုံးလေးဖြင့် ချန်မိုအောင်ပေးသော လိမ္မော်သီးကို လက်ခံယူခဲ့သည်။

✱

နွယ်လေးနှင့် တွေ့ဆုံခင်မင်ခဲ့ရသည့်အတွက် ချန်မိုအောင် ပျော်ရွှင်ချမ်းမြေ့မှုရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိခိုက်နာကျင်ကြေကွဲမှုများက အတန်အသင့် လျော့ပါးသက်သာသည်။ ပန်းချီကားများ ပြန်ဆွဲဖြစ်သည်။ ကဗျာလင်္ကာများလည်း ရေးဖွဲ့ဖြစ်လာသည်။

ထိုအခါ ပင်လယ်အားမာန်မြေပုံကို သွားချ၍ယူရန်လည်း စိတ်ကူးရလာသည်။

ပင်လယ်အားမာန်မြေပုံနှင့်အရိပ်မဲ့ဓားပျံတို့ကို ခွန်လွန်ဂိုဏ်းချုပ်လက်သို့ ပြန်လည်အပ်နှံမှုသည် ချန်မိုအောင်အတွက် ချမှတ်သည့် ပြစ်ဒဏ်တစ်ခုကို ပြီးမြောက်အောင် ဆောင်ရွက်ခြင်းဖြစ်သလို သရဲအရိပ်ဓားဒေဝီ လီဝမ်ချိန်းအား တိုက်ခိုက်ချေမှုန်းနိုင်ခဲ့မှု၏အပြီးသတ်ရလဒ်လည်းဖြစ်ပြန်ရာ ချန်မိုအောင်မှာ ထိုကိစ္စကို လုပ်ဆောင်ရန် များစွာဝန်လေးနေခဲ့သည်။

ယခု ထိခိုက်နာကျင်မှုများ၊ ကြေကွဲဝမ်းနည်းမှုများ အတန်အသင့် လျော့ပါးလာသည့်အခါတွင်မှ လုပ်ဆောင်ရန် ရှိသည်တို့ကို ပြီးမြောက်အောင်လုပ်ဖို့ စိတ်ကူးမိလာခဲ့သည်။

ပင်လယ်အားမာန်မြေပုံကို သွားယူရန် မထွက်ခွာမီ ယခုအခါတွင် သူ၏တစ်ဦးတည်းသောမိတ်ဆွေလေးဖြစ်သည့် နွယ်လေးကို နှုတ်ဆက်ရန် လိုင်ယယ်လိုက်စာဖတ်ခန်းသို့ လာခဲ့သည်။

"ဦး ... ဘာယူမလဲ"



သူမ စားပွဲရှေ့သို့ရောက်လာသော ချန်မိုအောင်ကို နွယ်လေးက ခင်မင်သော အပြုံးလေး ပြုံးပြနှုတ်ဆက်ပြီး မေးနေကျမေးခွန်းလေးကို မေးသည်။

"ကျန်းနန်ဘက်ကို ခရီးတစ်ခေါက်သွားမလို့"

"ဩော် ... ဟုတ်လား၊ ဘယ်လောက်ကြာမှာလဲဟင်"

"ဆယ်ရက်၊ ဆယ့်ငါးရက်လောက်တော့ ကြာမယ်၊ ဘာမှာဦးမလဲ"

နွယ်လေးသည် ခပ်စင်းစင်းဖြစ်သွားအောင် မျက်လုံးခပ်မှေးမှေးလုပ်၍ တစ်ချက်စဉ်းစားသည်။ နွယ်လေး မျက်တောင်များက ကော့ပြီးရှည်သည်။

မျက်လုံး ခပ်မှေးမှေးလုပ်သောအခါ မျက်တောင်ကော့ကော့ရှည်ရှည်များသည် မျက်ခမ်းများပေါ်တွင် မှေးတင်ပြသလိုဖြစ်သည်။ မျက်လုံးအလှသည် ရှုမငြီးဖွယ်ရာပင်။

"ဟို ... ရုပ်သေး ... ရုပ်သေးရုပ်လေး ဝယ်ခဲ့ပါ"

မှေးထားသော မျက်လုံးများကို ပြန်ဖွင့်ကာ အရည်လဲ့သော မျက်လုံးတောက်တောက်များနှင့် ချန်မိုအောင်ကိုကြည့်ရင်း တက်တက်ကြွကြွအသွင်လေးနှင့် ပြောသည်။

"ဘာရုပ်လဲ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းသမီးရုပ်"

"သွားမယ်နော်"

နွယ်လေးက ချစ်စရာအပြုံးလေးပြုံးပြပြီး ချန်မိုအောင်အတွက် ဆုမွန်ကောင်းများ တောင်းပေးသည်။

ချန်မိုအောင် အပျော်လေးတစ်ခု ရလိုက်သည် ဆိုပါစို့။

နွယ်လေးကို ဝင်နှုတ်ဆက်ပြီးသည်နှင့် ချန်မိုအောင် ခရီးဆက်ခဲ့သည်။

*

ခရီးပန်းတိုင်နေရာသို့ ချန်မိုအောင် ရောက်လာသည်။

တဲအိမ်လေးကတော့ လုံးဝကို ပျက်စီးနေပြီး အရိပ်အယောင်သဘောလက္ခဏာမျှပင် မကျန်တော့။

သို့သော် ...တဲအိမ်လေးရှိခဲ့သည့်နေရာကိုတော့ ချန်မိုအောင် ကောင်းကောင်းမှတ်မိသိရှိနေသည်။

ဤတဲအိမ်လေးတွင် လီဝမ်ချိန်း အနားယူ အတွင်းအားလေ့ကျင့်ခဲ့စဉ်က အဖြစ်များကိုလည်း ပြန်သတိရလာသည်။



လီဝမ်ချိန်း ရေးသားလမ်းညွှန်သွားသည့်အတိုင်း တူးယူရှာဖွေရာ မြေအိုးလေးတစ်လုံးထဲတွင် ဆီစိမ်စက္ကူဖြင့် သေသေချာချာ ရစ်ပတ်ထားသော ပယ်လယ်အားမာန်မြေပုံကို တွေ့ရသည်။

ချန်မိုအောင်သည် ထိုနေရာလေးတွင် ယာယီတဲပယ်လေးတစ်လုံးထိုးကာ သုံးရက်မျှ လီဝမ်ချိန်းကို အလွမ်းပြေသဘောမျိုး နေထိုင်သည်။ ထို့နောက် ခွန်လွန်ဂိုဏ်းသို့ ခရီးဆက်ခဲ့သည်။

ခွန်လွန်ဂိုဏ်းက ချန်မိုအောင်ကို ကောင်းမွန်စွာ ကြိုဆိုသည်။ ချန်မိုအောင်မှာတော့ ထိုသို့ကြိုဆိုမှုကိုပင် အားတုံ့အားနာသလို ဖြစ်ရလေသည်။

မိမိ၏ဆရာသည် ခွန်လွန်ဂိုဏ်းချုပ်အဖြစ်မှ နှုတ်ထွက်သွားကြောင်းလည်း ကြားသိရသည်။

ချန်မိုအောင်မှာ ဆရာ့အတွက် စိတ်မကောင်းဖြစ်ရသည်။

ခွန်လွန်ဂိုဏ်းချုပ်အဖြစ် ဆက်တာဝန်ယူသော လုကွမ်းချောင်းကို ချန်မိုအောင် သွားရောက်တွေ့ဆုံ ဂါရဝပြုသည်။

လုကွမ်းချောင်းနှင့်အတူ ထိုက်ယူဖုန်းလည်း ရှိနေသည်။

ချန်မိုအောင်က အကျိုးအကြောင်း ပြောပြကာ ပင်လယ်အားမာန်မြေပုံနှင့်အရိပ်မဲ့ဓားပျံတို့ကို လက်ရှိဂိုဏ်းချုပ် လုကွမ်းချောင်းလက်သို့ ပေးအပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းအပေါ်မှာ ဆရာက ချမှတ်ခဲ့တဲ့ အပြစ်ဒဏ်တွေကို ပြီးမြောက် ပြည့်စုံအောင် မင်းကျခံလုပ်ဆောင်ပြီးပါပြီ၊ မင်းရဲ့အပြစ်အားလုံး ဆေးကြောပြီးပြီလို့ ငါ သတ်မှတ်လက်ခံတယ်၊ မင်းဟာ ခွန်လွန်ဂိုဏ်းသားတစ်ယောက် မဟုတ်တော့ပေမယ့် မိတ်ဆွေတစ်ယောက်အနေနဲ့ ခွန်လွန်ဂိုဏ်းက အမြဲကြိုဆိုနေပါတယ်၊ မင်းတတ်မြောက်ထားတဲ့ ခွန်လွန်သိုင်းပညာတွေကိုလည်း အများကောင်းကျိုးအတွက် လွတ်လွတ်လပ်လပ် သုံးစွဲနိုင်တယ်"

လုကွမ်းချောင်း၏စကားများသည် ချန်မိုအောင်ကို ဝမ်းသာဝမ်းနည်းဖြစ်စေ၏။

"ကျွန်တော် အရဲကိုးပြီး အစ်ကိုကြီးကို တစ်ခုလောက် ပြောပါရစေ"

ချန်မိုအောင်က ခွင့်ပန်လိုက်သည်။

"အင်း ... ပြောနိုင်ပါတယ်၊ ပြောပါ"

"ပင်လယ်အားမာန်မြေပုံမှာပါတဲ့ သော့ချက်စားကွက် သုံးကွက်ဟာ ရက်စက်ကြမ်းတမ်းတဲ့ တိုက်ခိုက်ချေမှုန်းကွက်တွေ မဟုတ်ဘဲ သရဲအရိပ်ဓားဒေဝီတွေအနေနဲ့ သူတို့ ချေမှုန်းသုတ်သင်ဖို့ မရည်ရွယ်တဲ့ သိုင်းသမားတွေနဲ့ ရင်ဆိုင်ရတဲ့အခါမှာ ခုခံရှောင်တိမ်းတဲ့နေရာမှာသာ သုံးရတဲ့ ဓားကွက်တွေဖြစ်တယ်လို့ ကျွန်တော် ကြား



သိရပါတယ်၊ ဒါကြောင့် ဒီသော့ချက်ဓားကွက် သုံးကွက်ကို သရဲအရိပ်ဓားသိုင်းမျိုးဆက်တွေရဲ့လက် ပြန်အပ်လိုက်မယ်ဆိုရင် မလိုလားအပ်တဲ့ တိုက်ခိုက်မှုတွေ အတန်အသင့် လျော့ပါးသွားနိုင်မယ်လို့ ကျွန်တော် ထင်ပါတယ်၊ အစ်ကိုကြီးတို့ စဉ်းစားကြည့်ကြဖို့ ကျွန်တော် မေတ္တာရပ်ခံပါတယ်"

လုကွမ်းချောင်းက သက်ပြင်းတစ်ချက်ချသည်။ ဘာမျှ ပြန်မပြော။ ဘေးနားတွင် ထိုင်၍နေသော ထိုက်ယူဖုန်းကသာ လုကွမ်းချောင်းကိုယ်စားသဘောမျိုး ဝင်၍ပြောသည်။

"ပင်လယ်အားမာန်မြေပုံကို ရယူထိန်းသိမ်းစောင့်ရှောက်ထားတဲ့ကိစ္စကို ရှောင်လင်၊ ဝူတန်၊ ခွန်လွန်၊ အော့မေ၊ ချီထိုက်ဂိုဏ်းကြီးငါးဂိုဏ်း ပူးပေါင်းလုပ်ဆောင်ခဲ့ကြတာ ဖြစ်တယ်၊ ဒါကြောင့် ငါတို့ ခွန်လွန်ဂိုဏ်းတစ်ခုတည်းအနေနဲ့ ဆုံးဖြတ်လုပ်ကိုင်လို့မရဘူး၊ ညီလေးပြောတာတွေကို ကျန်ဂိုဏ်းတွေနဲ့ ပြောဆိုညှိနှိုင်းပေးမယ်"

"ကျေးဇူးတင်ပါတယ်"

ခွန်လွန်ဂိုဏ်းမှထွက်လာသည့်အခါ နွယ်လေး မှာလိုက်သော ရုပ်သေးမင်းသမီးရုပ်ကို ဝယ်ရန်သွားသည်။

ရုပ်သေးရုပ်များ ပြုလုပ်ရောင်းချသောနေရာသည် ချန်မိုအောင်နှင့် ခရီးလမ်း မသင့်လှပေ။

www.burmeseclassic.com

www.burmeseclassic.com



တကူးတက သွားရှာဝယ်ရသည်။

ရုပ်သေးရုပ်များ ပြုလုပ်ရောင်းချသောနေရာသို့ ရောက်တော့လည်း ရုပ်သေးမင်းသမီး ရုပ်တုက အလွယ်ရှာရေး ကြိုးစားကာ ရှာဖွေတော့မှ လက်ရာမြောက်ကာ လှပတင့်တယ်သော ရုပ်သေးမင်းသမီးရုပ်ကို ဝယ်ယူရရှိခဲ့တော့၏။

❋

အိမ်သို့ ပြန်ရောက်သောအခါ ခေတ္တမျှသာ နားနေအမောပြေပြီးနောက် လိုင်ယယ်လိုက်စာဖတ်ခန်းသို့ ထွက်လာခဲ့သည်။

စာဖတ်ခန်းထဲသို့ အဝင်တွင် နွယ်လေးကို ချက်ချင်းမတွေ့ရ၊ အခြားမိန်းကလေးနှစ်ယောက်ကိုသာ စားပွဲခုံတွင် တွေ့ရသည်။

တော်သေးသည်။ မိန်းကလေးတစ်ယောက်က လှမ်းခေါ်ပေး၍ အနောက်ဘက်ခန်းထဲမှ နွယ်လေး ထွက်လာသည်။

ချန်မိုအောင်ကိုမြင်တော့ နွယ်လေးက ပွင့်လင်းတောက်ပသော အပြုံးအေးနှင့် နှုတ်ဆက်သည်။ ချန်မိုအောင်က ခရီးသွားလက်ဆောင်အဖြစ် ဝယ်လာသော ကျွန်းနန်ဒေသအတွက် ဆီးသီးပေါင်းနှင့်ယိုတို့ကို အရင်ပေးသည်။



ပြီးမှ ရုပ်သေးရုပ်လေးကို ထုတ်ပေးသည်။

"ဒါက သမီးမှာလိုက်တဲ့ မင်းသမီးရုပ်လေး"

နွယ်လေး၏မျက်နှာပေါ်တွင် ကြည်နူးရိပ်လေး ယှက်ဖြာသွားသည်။

"ဖွင့်ကြည့်လို့ ရမလားဟင် ... ဦး"

ရုပ်သေးမင်းသမီးရုပ်လေးကို ခေါက်ကာ စက္ကူဖြင့် ထုပ်ထားသည့်အတွက် နွယ်လေးက မေးခြင်းဖြစ်သည်။

"ရပါတယ်၊ ဖွင့်ကြည့်ပါ"

နွယ်လေးက စက္ကူများကို ဖြေဖွင့်သည်။

ရုပ်သေး မင်းသမီးရုပ်လေးကို တွေ့ရသောအခါ နွယ်လေးသည် ကစားစရာ အသစ်အဆန်းရသော ကလေးငယ်တစ်ယောက်လို ရွှင်ပျသွားသည်။ ဒါကိုကြည့်၍ ချန်မိုအောင်သည်လည်း ကြည်နူးဝမ်းသာရလေသည်။

"ကျေးဇူးတင်ပါတယ် ဦး"

"ဒီအရုပ်လေးကို ကြိုက်တယ် မဟုတ်လား"

နွယ်လေးက ပြုံး၍ ခေါင်းညိတ်သည်။

ယခုမှ အိမ်ပြန်ရောက်လာခြင်းဖြစ်သောကြောင့် ချန်မိုအောင် စာမဖတ်ဖြစ်တော့။

www.burmeseclassic.com

www.burmeseclassic.com



နွယ်လေးကိုနှုတ်ဆက်ကာ အိမ်ပြန်လာခဲ့သည်။

တဲအိမ်လေးသို့ ပြန်ရောက်သောအခါတွင်တော့ အနားယူ အိပ်စက်ခြင်းမပြုမိဘဲ ပန်းချီကားတစ်ချပ်ရေးမိသည်။

ထိုပန်းချီကားသည် နွယ်လေး၏ပုံတူ ဖြစ်နေသည်။

ကာယကံရှင်ထံမှ ခွင့်ပြုချက် မတောင်းဘဲ ပုံတူရေးဆွဲမိသောကြောင့် သင့်မှသင့်လျော်ပါမည်လောဟု တွေးသည်။

အခွင့်ကြုံလျှင်တော့ မိန်းကလေးထံ ပြောဆိုခွင့်တောင်းမည်ဟု စိတ်ကူးသည်။ ဒီနောက်ပိုင်းတွင်တော့ ချန်မိုအောင်နှင့်နွယ်လေးတို့ ပို၍ ခင်မင်လာကြသည်။

ချန်မိုအောင်သည် လိုင်ယယ်လိုက်စာဖတ်ခန်းသို့ ပုံမှန်သွားဖြစ်နေသည်။ အခြေအနေ အချိန်အခါ ဆီလျော် အဆင်ပြေသော တစ်နေ့တွင်တော့ ပုံတူအကြောင်း ချန်မိုအောင်က ပြောဖြစ်လေ၏။

"သမီးကို ပြောရဦးမယ်၊ ပြောဖို့ စဉ်းစားတာကတော့ ကြာပါပြီ၊ မပြောဖြစ်ခဲ့တာပါ"

ချန်မိုအောင်က စကားစ,လိုက်ရာ နွယ်လေးက ခေါင်းမော့ကာ မျက်လွှာလေးပင့်၍ မော်ကြည့်သည်။

"သမီးပုံကို ဆွဲမလို့၊ ဆွဲရမလား"

နွယ်လေး၏မျက်နှာပေါ်တွင် ရွှင်ပျကြည်လင်သွားသည်ကို



ချန်မိုအောင် တွေ့ရသည်။ ကြည်လင်ဝင်းပနေသည့် မျက်နှာလေးနှင့် ချန်မိုအောင်ကို ကြည့်ရင်း ခေါင်းလေးဆတ်ခနဲညိတ်ပြသည်။ ပါးစပ်မှလည်း ပြော၏။

"အင်း ... ဆွဲလေ"

ချန်မိုအောင် ပျော်သွားခဲ့ရပြန်သည်။

✳

ရက်များ တစ်ရက်ပြီးတစ်ရက် ကုန်လွန်သွားပြန်သည်။

လိုင်ယယ်လိုက်စာဖတ်ခန်းရှိ အခြားမိန်းကလေးများက နွယ်လေးကို ခေါ်ကြသည်မှာ နွယ်လေးဟူ၍ မဟုတ်သလိုလို။

အခြားအမည်တစ်မျိုး ဖြစ်နေသလိုလို ချန်မိုအောင် ထင်နေမိသည်။ ခေါ်သံတို့ကို သေသေချာချာ မကြားရသောကြောင့်လည်း သူက နွယ်လေးဟု ထင်နေသောအမည်မှာ မှားများနေသလားဟု သံသယဖြစ်လာရသည်။

အတော်လေးလည်း ခင်မင်လာနေပြီ ဖြစ်သောကြောင့် တစ်နေ့တွင် ချန်မိုအောင်က အသေအချာ သိရလေအောင် မေးမြန်း

www.burmeseclassic.com

www.burmeseclassic.com



မိလေသည်။

"သမီးနာမည် နွယ်လေးလား"

"မဟုတ်ပါဘူး၊ ဝမ်ဝင်းအေးပါ"

မိန်းကလေးက ချန်မိုအောင်ကို မျက်လုံးတောက်တောက်လေးများနှင့် ခပ်ရူးရူးကြည့်ကာ ပြန်ပြောသည်။

ချန်မိုအောင်၏ရင်ထဲတွင် အတော်ကို လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ သူက နွယ်လေးဟု ထင်နေသောအမည်က အမှန်တော့ ဝမ်ဝင်းအေးဖြစ်နေသည်။ ဝမ်ဝင်းအေးဆိုတော့ ...

"နွယ်လေး မဟုတ်ဘူးလား"

သေချာအောင် ထပ်မေးမိသည်။

"မဟုတ်ပါဘူး"

"နွယ်လေး ခေါ်သလားလို့"

"ဘယ်သူက ပြောလို့လဲ"

"ဝမ်ဝင်းအေးနော်"

"ဟုတ်ပါတယ် ဦးရဲ့"

ချန်မိုအောင်သည် ဝမ်ဝင်းအေးကို စူးစိုက်ကာ တစ်ချက်ကြည့်မိသည်။ သက်ပြင်းတစ်ချက်လည်း ကျိတ်ကာ ချမိလေသည်။

* * *



(၇)

လပြည့်ည။

ကောင်းကင်တွင် စန္ဒလမင်းက ထိန်ထိန်သာ၍ နေသည်။

လရောင်အောက်တွင် တောတောင်ရေမြေတစ်ဝှမ်းသည် အေးမြကြည်လင်၍နေသည်။

ချန်မိုအောင်သည် တောင်ကုန်လေး၏မြောက်ဘက်သို့ လျှောက်လှမ်းသွားနေသည်။

ဒီတောင်ကုန်းလေးပေါ်တွင် တဲအိမ်လေးတစ်လုံးဆောက်ကာ တစ်ယောက်တည်း နေထိုင်လာခဲ့သည်မှာ အတန်ကြာမြင့်ပြီဖြစ်သော်လည်း တောင်ကုန်း၏မြောက်ဘက်ဆီသို့ ချန်မိုအောင် မရောက်မပေါက်ဖူးသေးပါ။

သူအများဆုံး ရောက်သည်က စင့်ကျောက်မြောင်ရွာအနီး ဝန်းကျင်နှင့် တောင်ကုန်း၏အရှေ့ဘက်တစ်လွှားတွင်သာ ဖြစ်သည်။

ယနေ့ညတွင် လကလည်းသာ၍ ရာသီဥတု ကောင်းမို

www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် စိတ်ပြေလက်ပျောက်ဆိုသလို လမ်းလျှောက်ထွက်လာရင်း တောင်ကုန်းလေး၏မြောက်ဘက်သို့ ခြေဆန့်မိခြင်းဖြစ်သည်။

"ဠီ ... ဠီ ... ဠီ"

ခပ်တိုးတိုး လေချွန်သံတစ်ခုကို ချန်မိုအောင် ရုတ်တရက် ကြားရသည်။ လျှောက်လှမ်းနေသော ခြေလှမ်းတို့လည်း ချက်ချင်းပင် တုံ့ရပ်သည်။

ကြားလိုက်ရသော လေချွန်သံသည် ခွန်လွန်ဂိုဏ်းသားများ၏အချက်ပေးသံမျိုးဖြစ်သောကြောင့် ချန်မိုအောင် သို့ယောင် သို့ယောင် နှင့် အတွေးပွားမိသည်။

အကျိုးအကြောင်း သိရအောင် စူးစမ်းကြည့်မည်ဟု စိတ်ကူးပေါ်လာကာ လေချွန်သံကြားရသည့်ဘက်သို့ တိတ်တဆိတ် ချဉ်းကပ်သွားလေသည်။

"ခင်ဗျားရောက်လာပြီကိုး ... နိုင်မိုဒေါင်"

ခပ်အုပ်အုပ် စကားသံတစ်ခုကို ကြားရသည်။

အသံကို ကြားဖူးသလိုလိုလည်း ချန်မိုအောင် ထင်မိသည်။

မရဏလက်ဝါး နိုင်မိုတင်ဆိုသည့်အမည်ကို ချန်မိုအောင် ကြားဖူးသည်။ အသံရှင်ရည်ညွှန်းသော နိုင်မိုတင်ဆိုသူသည် မရဏလက်ဝါးများ ဖြစ်လေမည်လားဟု တွေးမိသည်။



ပို၍ စိတ်ဝင်စားလာသောကြောင့် အသံပေါ်ထွက်လာရာဆီသို့ ပို၍ မြန်မြန်သွားသည်။

ခြေသံလုံရန်နှင့် မိမိ၏လှုပ်ရှားမှုကို ထိုသူများ မသိစေရန်သာ ဂရုစိုက်သည်။

"ဟုတ်တယ်၊ ကျုပ် ရောက်လာပြီ"

နိုင်မိုတင်၏ ပြန်ပြောသံ ကြားရသည်။

"မျောက်ကန်းကော ပါလာသလား"

"ကျုပ်နဲ့တော့ အတူပါမလာဘူး၊ ဒါပေမဲ့ ... သူ လာပါလိမ့်မယ်"

"ကျုပ် လာနေပါပြီ"

မလှမ်းမကမ်းမှ ခြေသံတစ်ခု ပေါ်လာသည်။

ခဏအကြာတွင်တော့ ချန်မိုအောင်သည် လူနှစ်ယောက် ရပ်လျက်ရှိသည်ကို လှမ်းမြင်ရသည့် ချုံပုပ်ကြီးကို အကာအကွယ်ယူကာ အသာပင် လှမ်းကြည့်အကဲခတ်သည်။

သူမြင်ရသည့် လူနှစ်ယောက်အနက် တစ်ယောက်မှာ နှခေါင်း လွန်နဂါးဖြူများသမား (;) မောက်အော့ဖြစ်နေသည်။ တွေ့ရသည့်အတွက် ချန်မိုအောင် အံ့သြသွားရသည်။ ချန်မိုအောင် သိသော သခေါက်တော့ မရဏလက်ဝါး နိုင်မိုတင်သည် နာမည်ပျက်ရှိ...

www.burmeseclassic.com

www.burmeseclassic.com



သိုင်းသမားတစ်ယောက်ဖြစ်သည်။ ခွန်လွန်ဂိုဏ်းမှ လက်ရွေးစင်သိုင်းသမားတစ်ယောက်ဖြစ်သော မောက်အောင့်ကို နာမည်ပျက်ရှိသော သိုင်းသမားနိုင်မိုတင်နှင့် အတူတွေ့ရခြင်းမှာ သိပ်တော့ အဆင်မပြေပေ။ ချန်မိုအောင် လှမ်းကြည့်သည့် အချိန်မှာပင် မျောက်ကန်းဆိုသူ ရောက်လာသည်။

မျောက်ကန်းသည် အရပ်မြင့်မြင့် ရုပ်ရည်အမူအရာ ခပ်ကြမ်းကြမ်းဖြစ်ကာ မျောက်ဝံသားရေခြုံလျက် မျောက်ဝံခေါင်းကို ဦးထုပ်သဖွယ် ခေါင်းတွင် ဆောင်းထားသည်။

မျောက်ကန်းဆိုသည့် အမည်ကို မကြားဖူး မသိဖူးသော်လည်း ယခု မြင်တွေ့ရသည့်အသွင်အပြင်အရတော့ သိုင်းသမားကောင်းဖြစ်ဖို့ထက် လမ်းလွဲသိုင်သမားဆိုးတစ်ယောက်ဖြစ်ဖို့က ပိုများသည်။

"ကိုင်း ... ပြောစမ်းပါဦး၊ ဟိုသရဲလေးရဲ့ သတင်းရပြီလား"

ရောက်မဆိုက်ဆိုသလိုပင် မျောက်ကန်းက မေးသည်။

"အင်း ... ရပြီ"

မောက်အောင့်က ခပ်ပြတ်ပြတ် ပြန်ဖြေသည်။

"ခင်ဗျား တယ်တော်ပါလား၊ ဘယ်လိုလုပ်ပြီး သတင်းအစရတာလဲ"



နိုင်မိုတင်က ချီးမွမ်းစကားဆိုလျက် စူးစမ်းသည်။

"အဆင်ပြေချင်တော့ ကျုပ်တို့ဂိုဏ်းက ထုတ်ပယ်အပြစ်ပေးလိုက်တဲ့ ချန်မိုအောင် ... ဂိုဏ်းကို တစ်ခေါက်ပြန်ရောက်လာတယ်ဗျ၊ ဒီကောင်က သရဲအရိပ်ဓားဒေဝီ လီဝမ်ချိန်းနဲ့ ပတ်သက်မှုရှိရမယ်လို့ ကျုပ် သံသယဖြစ်နေတာ ကြာပြီ၊ သူကိုယ်တိုင် လီဝမ်ချိန်းကို ချေမှုန်းပစ်ခဲ့တယ်ဆိုပေမယ့် လီဝမ်းချိန်ရဲ့မျိုးဆက်နဲ့ အဆက်အသွယ်တော့ ရှိနိုင်တယ်လို့ ကျုပ်က တွက်ဆမိတယ်၊ ဒါကြောင့် သူ့နောက်ကနေ တိတ်တဆိတ် နောက်ယောင်ခံလိုက်ပြီး စုံစမ်းလိုက်တာ လီဝမ်ချိန်းရဲ့မျိုးဆက် ဝမ်ဝင်းအေးဆိုတဲ့ ကောင်မလေးကို စင့်ကျောက်မြောင်ရွာမှာ ရှိနေတာ သိရတာပဲ"

"အဲဒီကောင်မလေးဟာ လီဝမ်ချိန်းရဲ့သိုင်းမျိုးဆက်ကို ဆက်ခံမယ်ဆိုတာ သေချာရဲ့လား"

"သေချာတာပေါ့၊ ဝမ်ဝင်းအေးဆိုတဲ့ ကောင်မလေး သရဲအရိပ်ဓားသိုင်းကို လျှို့ဝှက်လေ့ကျင့်နေတာကိုတောင် ကျုပ်ကိုယ်တိုင် တွေ့ခဲ့၊ သိခဲ့ရပြီးပြီ၊ ဒီထက်သေချာတာ ဘာရှိဦးမှာလဲ"

"ဒီကောင်မလေးရဲ့သိုင်းပညာအဆင့်က ဘယ်လိုရှိလဲ"

"ကျုပ် အကဲခတ်မိသလောက်ကတော့ သိုင်းကွက်သဘောကိုတော့ ပိုင်နိုင်နားလည်နေလောက်ပါတယ်၊ ဒါပေမဲ့ လက်တွေ့

www.burmeseclassic.com

www.burmeseclassic.com



လေ့ကျင့်မှုလုပ်ဖို့တော့ လိုနေသေးတယ်၊ သူလေ့ကျင့်တဲ့လှုပ်ရှားမှုက သိုင်းကွက်သိုင်းဟန် မှန်ပေမယ့် လျင်မြန်သင့်သလောက် မလျင်မြန်ဘူး၊ ဟာကွက်တွေလည်း အတော်များတယ်"

"ဒီလိုအခြေအနေမှာ ဒီကောင်မလေးကို တိုက်ခိုက်ချေမှုန်းပစ်လိုက်ရင် သရဲအရိပ်မားဒေဝီသိုင်းမျိုးဆက် တစ်ခါတည်း ပြတ်ပြီပေါ့"

"ဟုတ်တယ်၊ ဒါကြောင့်လည်း ခင်ဗျားတို့ကို အကြောင်းကြား ခေါ်ယူလိုက်တာပဲ"

"ဒါဆို ဘာစောင့်နေကြတာလဲ၊ သရဲမလေးဆီ အမြန်သွားပြီး အပြတ်ရှင်းပစ်လိုက်ကြပါစို့လား"

မျောက်ကန်းက ဝင်ပြောသည်။

"ဟုတ်တယ်၊ လုပ်စရာရှိတာ အပြတ်လုပ်ပစ်မယ်၊ ကဲ ... မောက်အော့ လမ်းပြပေတော့"

"ကောင်းပြီ၊ ကျုပ်နောက် လိုက်ခဲ့"

မျောက်အော့က ရှေ့ဆောင်ကာ လျင်မြန်စွာ ပြေးထွက်သွားကြသည်။ ချန်မိုအောင်လည်း ချန်မနေခဲ့။ မောက်အော့တို့သုံးယောက်၏နောက်မှ ခြေရာခံကာ လိုက်သွားခဲ့ရသည်။

❋



မိမိနှင့်ခင်မင်နေသော လိုင်ယက်လိုက်စာဖတ်ခန်းမှ မိန်းကလေး၏အမည်မှာ ဝမ်ဝင်းအေးဟု သေသေချာချာသိခဲ့ရပြီးနောက် လီဝမ်ချိန်း၏သိုင်းမျိုးဆက် အမွေဆက်ခံသူလား နာမည်တူဖြစ်နေလသည်လားဟု ချန်မိုအောင် သံသယပွားနေသည်။

ရေရေရာရာ သိရလေအောင် စုံစမ်းကြည့်ရန်ပင် စိတ်ကူးစီစဉ်နေသည်။

ဒီနေ့ညတွင်တော့ မမျှော်လင့်ဘဲ မောက်အော့တို့သုံးယောက် တွေ့ဆုံပြောဆိုနေကြသည်ကို ချောင်းမြောင်းကြည့်ရှုခဲ့ရ၍ အဖြစ်မှန်များကို ရေလည်စွာ နားလည်ရလေပြီ။

လီဝမ်ချိန်း၏မှာကြားချက်ရှိသည့်အပြင် ချန်မိုအောင်ကိုယ်တိုင်ကလည်း ဝမ်ဝင်းအေးအပေါ်တွင် ခင်မင်စေတနာရှိသောကြောင့် အခြေအနေ ဆိုးဆိုးရွားရွားမဖြစ်ရလေအောင် ပါဝင်ကူညီပေးသင့်က ပေးမည်ဟုလည်း ချန်မိုအောင် စိတ်ကူးထားသည်။

အချိန် အနည်းငယ်အကြာတွင် မောက်အော့တို့သုံးယောက် ပြေးလွှားမှုအရှိန်လျှော့လာသည်။

ဝမ်ဝင်းအေး သိုင်းလေ့ကျင့်နေရာသို့ ရောက်လုနီးနေပြီဟု ချန်မိုအောင် သိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဓားချက် လေခွင်းသံများ ကြားရသည်။

ပြီးတော့ မိန်းကလေးတစ်ယောက် ဓားရှည်တစ်လက်ဖြင့် ခုန်ပျံလူပ်ရှားဝှေ့ယမ်းခုတ်ပိုင်းကာ ဓားသိုင်းလေ့ကျင့်နေသော နေရာဆီသို့ ရောက်လာသည်။

ချန်မိုအောင်က သေချာအောင် ကြည့်လိုက်လေသေးသည်။ မမှားနိုင်ပါ။

သိုင်းလေ့ကျင့်နေသော မိန်းကလေးသည် လိုင်ယက်လိုက်စာဖတ်ခန်းမှ ချန်မိုအောင်၏မိတ်ဆွေမလေး ဝမ်ဝင်းအေးပင် ဖြစ်ပေတော့သည်။

"သရဲမလေး ... နင့်ကို ငါတို့ ရှာတွေ့ပြီ"

မျောက်ကန်းက အသံဝါကြီးနှင့် ပြောရင်း ဝမ်ဝင်းအေး၏အနားသို့ ခုန်လွှားဝင်သွားသည်။

ခိုင်မိုတင်နှင့် မောက်အော့တို့နှစ်ယောက်လည်း ရှေ့ဆင့်နောက်ဆင့်ဆိုသလို လိုက်သွားကြသည်။

ချန်မိုအောင်ကတော့ မှောင်ရိပ်ကျကာ သစ်ပင်အုပ်ဟစ်ခုထဲတွင် မျက်ကွယ်ယူပုန်းအောင်းလျက် အခြေအနေကို စောင့်ကြည့်နေသည်။

"ရှင်တို့က ဘယ်သူတွေလဲ"



ဝမ်ဝင်းအေးက သိုင်းလေ့ကျင့်မှု ချက်ချင်းရပ်ကာ ဓားရှည်ကို ပြန်သိမ်းပြီး စူးစမ်းသလို မေးသည်။

"သူက မျောက်ကန်း၊ သူက မရဏလက်ဝါးခိုင်မိုတင်"

မောက်အော့က ကျန်လူနှစ်ယောက်၏အမည်များကို ထုတ်ဖော်ပြောလိုက်သော်လည်း သူကိုယ်တိုင်၏အမည်ကိုတော့ မပြော။

ခိုးကြောင်ခိုးဝှက်နှင့် လုပ်ဆောင်နေသည်မို့ လိပ်ပြာသိပ်မလုံလှဘဲ မိမိ မည်သူမည်ဝါဆိုသည်ကို အသိမပေးလိုဘဲ ရှိဟန်တူသည်။

"သူက ခွန်လွန်ဂိုဏ်းသား မောက်အော့"

မောက်အော့က သူ့အမည်ကို မပြောဘဲ ချန်ထားသော်လည်း မျောက်ကန်းက ထုတ်ဖော်လိုက်သည်။

"ဘာကိစ္စရှိလို့လဲ"

ဝမ်ဝင်းအေးက သိုင်းသမားကြီးသုံးယောက်ကို အကဲခတ်သလိုကြည့်ရင်း မေးပြန်သည်။

ဤလူသုံးယောက်ကို မသိဖူး၊ မကြားဖူးသော်လည်း သိုင်းပညာအဆင့် မနိမ့်နိုင်ကြောင်းကိုတော့ အကဲခတ်မိသည်။

ထို့ပြင် ကောင်းသောလာခြင်းမဟုတ်သည်ကိုလည်း နားလည်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလာလုပ်ရမှာလဲ၊ နင့်ကို အပြတ်ရှင်းပစ်ဖို့ပေါ့"

မျောက်ကန်းက ကြိမ်းဝါးလိုက်သည်။

"ရှင်တို့နဲ့ကျွန်မ ဘာပြဿနာမှမရှိဘူး၊ ရှင်တို့ကို ကျွန်မ သိလည်းမသိဘူး၊ ကျွန်မ သွားမယ်"

ဝမ်ဝင်းအေးကို ကြည့်ရသည်မှာ အကျိုးအကြောင်း သေသေချာချာ မသိရဘဲနှင့် တိုက်ခိုက်ခြင်းပြုလိုဟန်မရှိ။

ပြောပြောဆိုဆို ရှောင်တိမ်း ပြေးထွက်သွားသည်။

ရုတ်တရက် ပြေးထွက်သွားသောကြောင့် မျောက်ကန်းနှင့် ခိုင်မိုတင်တို့နှစ်ယောက် ကြောင်အမ်းအမ်းဖြစ်ကုန်ကြလေသည်။

မောက်အော့တစ်ယောက်သာ သတိရှိရှိဖြင့် အသင့်ရှိနေရာ လွှားခနဲခုန်၍ ဝမ်ဝင်းအေး ရှောင်တိမ်းပြေးမည့် လမ်းကြောင်းတွင် ဆီး၍ပိတ်ဆို့လိုက်သည်။ ဝမ်ဝင်းအေး ခြေလှမ်းတုံ့ရပ်သွားသည်။

မောက်အော့က ဓားရှည်ဖြင့်ဆီး၍ ခုတ်ပိုင်းသည်။ ဝမ်ဝင်းအေးသည် မလှုပ်မယှက် ရပ်၍နေသည်။

သိမ်းထားပြီးဖြစ်သော ဓားရှည်ဆီသို့ပင် လက်မရောက်။

ချန်မိုအောင်၏ရင်ထဲ ထိတ်ခနဲပင် ဖြစ်သွားသည်။

ရုတ်တရက် လှုပ်ရှားပြောင်းလဲသွားသော အခြေအနေကြောင့် ချန်မိုအောင်လည်း အံ့အားသင့် အငိုက်မိသလိုဖြစ်ရသည်။



ထို့ပြင် မောက်အော့နှင့်ဝမ်ဝင်းအေးတို့ ရင်ဆိုင်တွေ့ကြသည့်နေရာသည် ချန်မိုအောင်နှင့် အတန်းလှမ်း၍နေရာ ရုတ်ခြည်းဝင်ရောက်ကူညီပေးရန် အလှမ်းမမီနိုင် ဖြစ်နေသည်။

မောက်အော့၏ဓားသွားသည် ဝမ်ဝင်းအေးနှင့် ခြောက်လက်မသာသာလောက်အကွာတွင် ရပ်တန့်သွားသည်။

ခိုးကြောင်ခိုးဝှက် လှုပ်ရှားလုပ်ဆောင်နေသော်လည်း မောက်အော့သည် ခွန်လွန်ဂိုဏ်းဝင် လမ်းမှန်သိုင်းသမားကောင်းတစ်ယောက် ဖြစ်ပေရာ ဓားပင်ဆွဲမထုတ်ဘဲ လက်နက်မဲ့ မလှုပ်မရှား ရပ်နေသူ မိန်းကလေးတစ်ယောက်ကို ခုတ်ပိုင်းချမှုမျိုးကို ဘယ်လိုမှမယှဉ်နိုင်ပေ။

ထိုအချိန်တွင် ကြောင်အမ်းအမ်းဖြစ်နေခဲ့ကြရာမှ အသိပြန်ဝင်လာကြသော မျောက်ကန်းနှင့်ခိုင်မိုတင်တို့နှစ်ယောက်သည် ဝမ်ဝင်းအေးရှိရာသို့ ပြေးဝင်သွားကြသည်။

ဒီနှစ်ယောက်ကတော့ မောက်အော့လို လက်တွန့်နေကြမည့် လူစားတွေမဟုတ်။ မိမိအမြန်ဝင်ရောက်စွက်ဖက်ကူညီပေးမှ ဖြစ်တော့မည်ဟု ချန်မိုအောင် ဆုံးဖြတ်သည်။

*

www.burmeseclassic.com

www.burmeseclassic.com



"ဟိတ် ... ရပ်လိုက်ကြ၊ မလုပ်နဲ့"

ချန်မိုအောင်က လှမ်းအော်ဟန့်တားသည်။

ဟန့်တားလိုက်မှုနှင့်အတူ လူကလည်း ပုန်းအောင်းနေရာမှ တစ်ဟုန်ထိုး ပြေးထွက်သည်။

မောက်အော့တိုလူစုသာမက ဝမ်ဝင်းအေးပါ အံ့သြသွားသည်။ ဒီနေရာတွင် အခြားလူတစ်ယောက် ရှိနေလိမ့်မည်ဟု သူတို့ မထင်ကြပါ။ လေးယောက်စလုံး ချန်မိုအောင် ပြေးရာဆီသို့ လှမ်းကြည့်ကြသည်။

"ဟာ ... ဦး"

ဝမ်ဝင်းအေးက ရေရွတ်သံလေးပြုသည်။ အံ့သြမှုနှင့်အတူ စိတ်တက်ကြွမှု အရိပ်အသွင်လေးများ ရောစွက်နေသော ရေရွတ်သံ။

"ဘယ်သူများလဲလို့၊ လက်စသတ်တော့ ချန်မိုအောင်ကိုး၊ ဘာလဲ ... မင်းက ကောင်မလေးဘက်က ဝင်ကူပြီး ငါတို့ကို တိုက်မလို့လား"

မောက်အော့က ချန်မိုအောင်ကို စိန်းစိန်းကြည့်ပြီး ပြောသည်။

"မေးပါရစေ၊ အစ်ကိုတို့က ဘယ်လိုအကြောင်းကြောင့် ဒီမိန်းကလေးကို လူအင်အားနဲ့ ဝိုင်းပြီး ရန်မူချင်ရတာလဲ"



ချန်မိုအောင်၏အမေးစကားကြောင့် မောက်အော့ မျက်နှာတစ်ချက်ပျက်သည်။

သူ၏ဟန်ဟိတ်ကို ထိခိုက်ကျဆင်းစေသည့်သဘောရှိသည် မဟုတ်ပါလား။ ခိုင်မိုတင်၏မျက်နှာ တင်းခနဲဖြစ်သည်။

သူသည် နာမည်ပျက်ရှိခဲ့ဖူးသော်လည်း သူ့ကိုယ်သူတော့ အလွန်ဂုဏ်တင်သည်။

မိမိ၏သိုင်းပညာကိုလည်း အတော်အထင်ကြီးသည်။

မျောက်ကန်းကသာ တဟားဟား ရယ်မောလိုက်သည်။

"ဟား ဟား ဟား ... ဒီသရဲမလေးက သရဲဓားဒေဝီမျိုးဆက်အမွေကို ဆက်ခံထားတဲ့ မိန်းမရိုင်းလေးပဲ၊ ဒါမျိုးကို ဝိုင်းချေမှုန်းဖို့ သိုင်းသမားတိုင်းမှာ တာဝန်ရှိတယ်၊ မင်းမကူချင်ရင်နေ ဝင်မရှုပ်နဲ့၊ ဘေးဖယ်"

မျောက်ကန်းက ဟန်ပါပါ ပြောသည်။

"ဒီလိုမျိုး အရမ်းကာရောပြောလို့ ဘယ်ဖြစ်မှာလဲ၊ ဒီမိန်းကလေးဟာ သရဲအရိပ်ဓားဒေဝီမျိုးဆက်ကို ဆက်ခံတယ်လို့ ခင်ဗျားဘာကြောင့် သေချာပေါက် ပြောနိုင်တာလဲ"

"သူ စောစောက ဓားသိုင်းလေ့ကျင့်နေတာကို မင်းလည်း မြင်လျက်သားနဲ့ ဒီမေးခွန်း မေးစရာ မလိုတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



မျောက်ကန်းက ပိုင်နိုင်စွာပြောသည်။

"ခင်ဗျားပြောသလို သူဟာ သရဲအရိပ်ဓားဒေဝီမျိုးဆက် အမွေဆက်ခံတဲ့သူ ဖြစ်တယ်ပဲ ထားလိုက်ပါတော့၊ သူ့မှာ ဘာအပြစ်ရှိလို့လဲ"

မျောက်ကန်းမှာ ချက်ကျလက်ကျ ပိုင်ပိုင်နိုင်နိုင် စကားပြောတတ်သူတစ်ယောက် မဟုတ်သောကြောင့် ချန်မိုအောင်ကို ဘယ်လိုပြန်၍ ချေပရမည်ကို ရုတ်တရက် စဉ်းစားမရဘဲ စကားတုံ့၍နေသည်။

"အခုလို အခွင့်ကောင်းရတုန်း သူ့ကို မချေမှုန်းပစ်ရင် နောက်ကို ဒီလိုအခွင့်အရေးမျိုး ကြုံရတော့မှာ မဟုတ်ဘူး၊ သူ့လက်ချက်ကြောင့် သိုင်းလောကမှာ သွေးချောင်းစီးရလိမ့်ဦးမယ်၊ အဲဒီလို အဖြစ်မျိုး မကြုံရအောင် ကြိုတင်ကာကွယ်တဲ့အနေနဲ့ သူ့ကို တိုက်ခိုက်ချေမှုန်းပစ်ရမှာ"

ခိုင်မိုတင်က ဝင်ပြောသည်။

"သူ့ကြောင့် သိုင်းလောကမှာ သွေးချောင်းစီးရမယ်လို့ ဘာကြောင့် အတပ်ပြောနိုင်တာလဲ"

ချန်မိုအောင်က ပြန်လှန်မေးလိုက်ရာ ခိုင်မိုတင် အဖြေရကျပ်သွားပြန်သည်။



"သူ့အရင်က သရဲအရိပ်ဓားဒေဝီတွေ ရက်ရက်စက်စက် တိုက်ခိုက်သတ်ဖြတ်ခဲ့တာ လူသိရှင်ကြား အထင်အရှားပဲ၊ သူလည်း အဲဒီလမ်းကို လိုက်မှာကို အထွေအထူး တွက်ဆနေစရာ မလိုဘူး၊ ထင်ရှားနေတာပဲ"

မောက်အောင့်က ဝင်ပြောသည်။

"ဟုတ်တယ် ... ဟုတ်တယ်၊ အဲဒီအတိုင်းပဲ"

မျောက်ကန်းက လက်နှစ်ဖက်ကို ဝှေ့ယမ်းကာ ဝင်ထောက်ခံသည်။

"သရဲအရိပ်ဓားဒေဝီ အစဉ်အဆက် တိုက်ခိုက်သုတ်သင်ခဲ့တဲ့ သူတွေဟာ သိုင်းသမားကောင်းတွေ တစ်ယောက်မှမပါဘူး၊ အားလုံး လူကောင်းအသွင်ဆောင်ထားတဲ့ ကြောင်သူတော် လူဆိုး လူယုတ်မာတွေချည်းပဲလို့ ကျွန်တော် သိထားရတယ်၊ အဲဒါကို ခင်ဗျားတို့ ငြင်းချင်သလား"

မောက်အောင့်နှင့်ခိုင်မိုတင်တို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။ မျောက်ကန်းကမူ အံတင်းတင်းကြိတ်ထားသည်။ ချန်မိုအောင်၏စကားကို သူတို့ ပြောင်မငြင်းနိုင်။

"သရဲအရိပ်ဓားဒေဝီတွေရဲ့ တိုက်ခိုက်ပုံတွေက ရက်စက်ကြမ်းတမ်းလွန်းတယ်ဆိုတာကိုတော့ ကျွန်တော်လည်း မငြင်းဘူး၊

www.burmeseclassic.com

www.burmeseclassic.com



သူတို့အနေနဲ့ စည်းကမ်းနည်းလမ်း ထုံးတမ်းစဉ်လာတွေကို မလိုက်နာဘဲ ကိုယ့်စိတ်သဘောနဲ့ကိုယ် စီရင်တိုက်ခိုက်သတ်ဖြတ်နေတာဟာ မသင့်တော်တာကိုလည်း ကျွန်တော် နားလည်တယ်၊ ကျွန်တော်တို့ အမှန်လုပ်သင့်တာက သူတို့ရဲ့နည်းလမ်းမကျတဲ့ လုပ်ဆောင်ချက်တွေကို ထောက်ပြပြီး ပြုပြင်လာအောင် ကူညီပေးဖို့ပဲ၊ သူတို့ကို အပြတ်သုတ်သင်ဖယ်ရှားတာကတော့ မှားတယ်လို့ ကျွန်တော် မြင်တယ်၊ သူတို့ဟာ ပြုပြင်ပြောင်းလဲပြီး နည်းလမ်းစည်းကမ်းတွေ ဘောင်အတွင်းက လုပ်မယ်ဆိုရင် သိုင်းသမားဆိုးတွေကို နှိမ်နင်းတဲ့ နေရာမှာ အများကြီး အကူအညီဖြစ်နိုင်တယ်”

မောက်အော့နှင့်ခိုင်မိုတင်တို့နှစ်ယောက် တွေဝေစဉ်းစားသည်။ မျောက်ကန်းက ရူးရူးဝါးဝါး လုပ်သည်။

“မင်းက ဘီလူးသရဲမတွေဘက်က လိုက်ပြောနေပါလား၊ ဒါဆို မင်းလည်း သူတို့နဲ့ တစ်ဖွဲ့တည်းလို့ သဘောထားပြီး ရှင်းပစ်ရမှာပဲ”

မျောက်ကန်းက ထိုသို့ပြောပြီးနောက် ချန်မိုအောင်ရှိရာသို့ ခုန်လွှားဝင်လာသည်။ ချန်မိုအောင်ကို တိုက်ခိုက်သည်။

ပထမပိုင်း ပြီး၏။

ဒုတိယပိုင်း (စာတ်သိမ်း) ဆက်လက်ဖတ်ရှုပါရန်။

BURMESE CLASSIC .com

www.burmeseclassic.com